# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁)ရက် ၊ တနင်္လာနေ့ ၊ (22-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၄၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ်(၃/၂၀၂၅)**

၁၃၈၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၁ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အပါအဝင်) မဲဆန္ဒနယ်အားလုံး၏ လေးပုံ တစ်ပုံတွင် မိမိပါတီက ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်ခြင်း၊"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး


ဥက္ကဋ္ဌ

**ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ဦးဆောင်သော တပ်မတော် (ရေ) ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်** စာမျက်နှာ - ၁၆

**စစ်ကိုင်းမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၅၇ ဧက စိုက်ပျိုးမည်** စာမျက်နှာ - ၁၅

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ စက်တင်ဘာ ၂၁ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် စက်တင်ဘာ၂၂ ရက်မှ ၂၃ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**နေပြည်တော် စက်တင်ဘာ ၂၁**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ စက်တင်ဘာ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စာမျက်နှာ ၁၇ ကော်လံ ၁


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၂ ရက်
အယ်ဒီတာ့အာဘော်

# ပါတီစုံဒီမိုကရေစီစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် "နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး" ဟူသည့် ဦးတည်ချက်နှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် လွှတ်တော်ခေါ်ယူ၍ ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်ထမ်းဆောင်နိုင်အောင် ဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

ယခုအခါ ရွေးကောက်ပွဲအပိုင်း(၁)အတွက် မဲပေးရမည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်၊ မြို့နယ် ၁၀၂ မြို့နယ်စာရင်းကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။ ဆက်လက်ကျင်းပမည့် အပိုင်းလိုက်မဲပေးရမည့် နေ့ရက်နှင့် ကျင်းပမည့်မြို့နယ်များစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

**"မိမိတို့အနေဖြင့် ဒီဇင်ဘာလအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိပြီး မဲပေးရာတွင်လည်း မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် ဆန္ဒမဲများပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များသည် ယုံကြည်စိတ်ချရပြီး မဲမသမာမှုပြုလုပ်၍မရကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်နှင့် နိုင်ငံကောင်းအောင်ဆောင်ရွက်နိုင်မည့်သူများဖြစ်ရန်လိုကြောင်း"** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို မြိတ်မြို့ ပုလဲရတနာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို စတင်ကျင်းပတော့မည်ဖြစ်ရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်ပါ "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး" ဟူသည့်အချက်နှင့်အညီ ကြိုတင်ဆောင်ရွက်ရမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များဖြစ်သည့် မဲစာရင်းပြုစုခြင်းနှင့် မဲစာရင်းများကြေညာခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်းနှင့် ကြေညာခြင်း စသည်တို့ကို သတ်မှတ်ရက်အလိုက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းနိုင်ရန်အတွက် အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပရမည်ဖြစ်ပေသည်။ သို့ဖြစ်ရာ ဒီမိုကရေစီအခွင့်အရေးများ ကျင့်သုံးနိုင်ရေး၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း တာဝန်သိစိတ်မြင့်မားစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
**၉၇**
ရက်
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့်မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်ကြီးမြို့နယ် နန္ဒာ(မြောက်)ကျေးရွာရှိ အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်



**မန္တလေး စက်တင်ဘာ ၂၁**

ပုသိမ်ကြီးမြို့နယ် နန္ဒာကျေးရွာအုပ်စု နန္ဒာ(မြောက်)ကျေးရွာတွင် အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ လည်းကောင်း ဖွင့်လှစ်ပေးပြီးနောက် ကဗ္ဗည်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်သည့် ပံ့ပိုးငွေကျပ် ၁၀ သိန်းကို တာဝန်ရှိသူထံသို့ လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အလင်းရောင်စာကြည့်တိုက်ဖြစ်မြောက်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ စာကြည့်တိုက်အဆောက်အအုံနှင့် ပတ်သက်သည့်စာရွက်စာတမ်းများကိုလည်း ကောင်းပေးအပ်ပြီးနောက် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်ရှိ မန္တလေးလျှပ်စစ်လျှော့ချုင်ကြောင့် လျှင်ဒဏ်နှင့်အတူ မီးလောင်ပျက်စီးခဲ့သော မန္တလေးတက္ကသိုလ်ပင်မဆောင်အဆောက်အအုံနှင့် ထိခိုက်ပျက်စီးခဲ့သည့်ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံတို့ကို ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးပြေမပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးပြေမပိဿာချိန် အများပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင်များသည် ဒေသထွက်ကုန်အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ငါးပြေမပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဩဂုတ်လအတွင်း ငါးပြေမပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ငါးပြေမပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့လတွေကထက် ပိဿာချိန် တော်တော်များများ ပိုမိုတင်ပို့ ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်ပစ္စည်းမျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချတာများပါတယ်''ဟု မအူပင်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

မအူပင်မြို့နယ်မှထွက်ရှိသည့် ငါးပြေမငါးများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း လျှော်ဘေးသင့် ဘာသာရေးအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် အမိုးသွပ်ချပ်နှင့် ခေါင်အုပ်သွပ်ချပ်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်း လျှော်ဘေးသင့် ဘာသာရေး အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊သီလရှင်ကျောင်းများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် အမိုးသွပ်ချပ်နှင့် ခေါင်အုပ်သွပ်ချပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင်ကျင်းပရာ မန္တလေး တိုင်းဒေသကြီး သံဃနာယက အဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တ တိက္ခိန္ဒြိယာဘိဝံသ အမှူးပြုပြီး ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ဝတ်အသင်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုခဲ့ကြသည်။

ဆက်လက်၍ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီးနောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းဆရာတော်ထံက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ပြင်းထန်သည့် မန္တလေးလျှင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် လျှော်ဘေးသင့်ဒေသများရှိ အဆောက်အအုံများ၊ ရှေးဟောင်းစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်း များနှင့် သီလရှင်ကျောင်းများ၊ ဘာသာရေး အဆောက်အအုံများ များစွာ ထိခိုက်ပျက်စီးခဲ့မှုများရှိခဲ့ကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အားလုံးညီညွတ်ပူးပေါင်းမှုအားဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ယနေ့ အခမ်းအနားသည် တိုင်းဒေသကြီးအတွင်း လျှော်ဒဏ်သင့် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၊ ဘာသာရေး အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အမိုးသွပ်နှင့် ခေါင်အုပ်သွပ်များကို အလှူရှင်ကိုယ်စား လှူဒါန်းပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက် သစ်ဓမ္မဂါရဝကျောင်းဆရာတော်ထံ တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများနှင့် အမိုးသွပ် ၂၅၅၆ ချပ်၊ ခေါင်အုပ်သွပ် ၃၃၃၄ ချပ် စုစုပေါင်း ၂၈၈၉၀ ချပ်ကို လှူဒါန်းပြီးနောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ သင်္ကန်းများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၂၅၅၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ခင်ဦး စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၂၅၅၇ ကေထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၄၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သောပြောင်းစိုက်ခင်းများကို ဩဂုတ်လ ဒုတိယပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၅၅၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၁၄၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဖူးစားပြောင်း ၅၄၂၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနေ့ထိ ၂၅၅၇ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ကင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၆၁ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကင်းရွာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ် ၃၅ ဒသမ ၄၅ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၄ ဦးကို ငွေကျပ်၂၅ ဒသမ ၇၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၉ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၁ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ရောပဒေသာ စပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ရောပဒေသာ စပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်၊စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ရောပဒေသာ စပါးတင်းရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ရောပဒေသာစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ရောပဒေသာစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေတာပါ။ ရောပဒေသာစပါးအမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲ့ဒီစပါးတွေကို ရန်ကုန်ဈေးကွက်ကဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ စပါးတွေကို တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး''ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်၊စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရောပဒေသာ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ရောပဒေသာစပါးများသည် အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် ရောပဒေသာစပါးများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်

**ချစ်နိုင်(စိတ်ပညာ)**

အိန္ဒိယသမ္မတဟောင်း အဗ္ဗဒူကာလမ်သည် သိပ္ပံပညာရှင်ကြီး တစ်ဦးဖြစ်ပါသည်။ သူသည် ရှားရှားပါးပါး အာကာသပညာရှင်နှင့် ဒုံးပျံတည်ဆောက်မှု ကျွမ်းကျင်သော သိပ္ပံပညာရှင်လည်းဖြစ်ပါသည်။ သူသည် အစ္စလာမ်ဘာသာဝင်တစ်ဦးလည်းဖြစ်နေပါသေးသည်။ ထိုအချက်ထက်ပို၍ ထူးထူးခြားခြားဖြစ်သော အချက်တစ်ခု ရှိပါသေး၏။ အဗ္ဗဒူကာလမ်သည် တပ်မတော်မှ ဗိုလ်ချုပ်တစ်ဦးအဖြစ် စစ်မှုထမ်းခဲ့သည့်စစ်သားဟောင်းတစ်ယောက်လည်းဖြစ်ပါ၏။ ထို့ကြောင့် စည်းကမ်းတင်းကျပ်တိကျပြီး လျှို့ဝှက်သိပ်သည်းသော လုပ်ရပ်ကြီးများကို ကျွမ်းကျင်ပိုင်နိုင်စွာ သူက အကောင်အထည်ဖော်တတ်ပါ၏။

သမ္မတဟောင်း အဗ္ဗဒူကာလမ်၏ အကျင့်တစ်ခုမှာ အဆက်မပြတ် သင်ယူဆည်းပူးမှတ်သားခြင်းနှင့် သူနှစ်သက်သော မှတ်သားစရာအချက်များကိုလည်း သိုဝှက်သိမ်းဆည်းမထားတတ်ဘဲ အနာဂတ်အတွက် ဆက်လက်ရှင်သန်ကြမည့် လူငယ်များ၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းသားများထံ သွားရောက်တွေ့ဆုံကာ ဟောပြောဆွေးနွေးလေ့ရှိလေသည်။

မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ်သို့ သမ္မတ အဗ္ဗဒူကာလမ်သည် နှစ်ကြိမ်ရောက်ရှိပြီး ရန်ကုန်တက္ကသိုလ် ကျောင်းသားများနှင့်တွေ့ဆုံသွားဖူး၏။ အခြားသမ္မတများထက် လူငယ်များ၏ ပညာရေးခရီးကို သူက စိတ်ဝင်တစားပိုရှိကြောင်း ထင်ရှားသော သာဓကဖြစ်ပေတော့သည်။ သူက ဘဝ၏ကျင့်ဝတ်ဟူသော မှတ်သားစရာစာကြောင်း ခြောက်ကြောင်း ပြောပြခဲ့ဖူး၏။

**ETHICS OF LIFE**

1. Before you Pray – Believe.
2. Before you Speak – Listen.
3. Before you Spend – Earn.
4. Before you Write – Think.
5. Before you Quit – Try
6. Before you Die – Live

ဆီလျော်အောင် နားလည်သမျှ ဘာသာပြန်ကြည့်ပါရစေ။

**၁။ ဆုမတောင်းခင်မှာ သက်ဝင်ယုံကြည်ပါစေ။**
**၂။ သင်မပြောခင် အရင်နားထောင်ပါဦး။**
**၃။ ငွေမသုံးသေးခင် အရင်ရှာဖွေစုဆောင်းပါ။**
**၄။ မရေးမီတွင် အရင်စဉ်းစားကြည့်ထား။**
**၅။ ရေဆုံးရေဖျားမလုပ်ရသေးခင် ကြိုးစားကြည့်ပါဦး။**
**၆။ သင်မသေခင်မှာ ရှင်သန်နေထိုင်ပါ။**

စာရေးသူသိသလောက် ဒုံးပျံနှင့်အာကာသပညာ သိပ္ပံကျွမ်းကျင် အိန္ဒိယဗိုလ်ချုပ်သည် အိမ်ထောင်မရှိ။ ဇနီး သားသမီးလည်း မရှိ။ အချိန်များစွာ ပညာရပ်ဆိုင်ရာ သုတေသနထဲမှာ နှစ်မြှုပ်အလုပ်လုပ်ခဲ့သူဖြစ်၏။ သူ့မှာ သားသမီးမရှိသော်လည်း လူငယ်လူရွယ်များ၏ နောင်ရေးအတွက်ကိုကား အထူးအလေးထားသူဖြစ်၏။

သူ့အမိန့်ရှိသော စကားခြောက်ခွန်းအနက်မှ **"စာမရေးသေးမီ ဦးစွာပထမ စဉ်းစားဆင်ခြင်ပါဦး။ တွေးတောဦးဟူသောစကား"**အရ မိမိစိတ်က တွေးလိုက်သောအခါ မိမိကို အလယ်တန်း၊ အထက်တန်း ကျောင်းသားဘဝမှ လွန်မြောက်ခဲ့ပြီးနောက် အခြေခံပညာ အလွှာအဆင့်မှ အဆင့်မြင့်ပညာအဆင့်သို့ မြှင့်တင်ပျိုးထောင်ပေးခဲ့သော ကျေးဇူးရှင်မိခင် မန္တလေးဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်ကြီးက နေရာယူဝင်ရောက်လာချေတော့သည်။ မိမိဘဝကိုပြုပြင်မြှင့်တင်။

အဆင့်မြင့်ပညာ၊ တက္ကသိုလ်ပညာ၊ စိတ်ပညာအဓိကဖြင့် ဝိဇ္ဇာဘွဲ့ရရန် လေးနှစ်ကြာအောင် ပညာဆက်လက်ဆည်းပူးသင်ယူရမည့် မန္တလေးတက္ကသိုလ်သို့ အိပ်ရာလိပ်တစ်ခု၊ သံသေတ္တာလေးတစ်လုံးဖြင့် ကျေးလက်တောရွာလေးမှ ထွက်ခွာလာခဲ့သည်။ အဖေက နွားလှည်းတစ်စီးနှင့် သားကြီး တက္ကသိုလ်တက်ရန် ချောက်မြို့မှ မန္တလေးသို့ ည ၁၀ နာရီ စတင်ထွက်ခွာသော မြသုံးလုံး ခရီးဝေးလူစီးဘတ်စကား ကြီးလာမည့် ကားလမ်းအထိ လိုက်ပို့သည်။ ရွာနှင့်ကားလမ်းက မြေလမ်း၊ သဲတောလမ်း နှစ်မိုင်လောက်ကွာသည်။ ထိုညက လထိန်ထိန်သာနေသည်။ လပြည့်ကျော် တစ်ရက်နေ့မို့ ပြည့်ပြည့်ဝန်းဝန်း ရှိလှသည်။

မှတ်မှတ်ရရ ထိုညသည် မိမိတို့ရွာတွင် ဘုရားပွဲအတွက် ဇာတ်ပွဲကပြနေသော ပထမညဖြစ်ပေသည်။ ဆိုင်းသံ ဗုံသံတွေ အသံချဲ့စက်မှ ကြားနေရသည်။ နွားလှည်းပေါ် သားအဖနှစ်ယောက် ဘယ်သူကမှ ဘာစကားမှ မပြောမိကြပေ။ ဇာတ်ပွဲက သီချင်းသံ၊ တီးမှုတ်သံတွေက တဖြည်းဖြည်း ဝေးလွင့်ကျန်ရစ်ခဲ့ပြီ။ လေသင့်မှသာ တစ်ချက်တစ်ချက် ကြားရတော့သည်။ မန္တလေးမှာ အဆောင်ရမည်ဟု ကြိုသိထားသဖြင့် နေစရာ၊ စားစရာ မပူရပါ။ တက္ကသိုလ်မှာ သုံးစရာ ငွေနှစ်ရာကျော်ပေးလိုက်ပါသည်။ ဒါသည် အဖေ၏ တစ်လစာ လခနီးနီးရှိမည်။ အဖေ၊ အမေ နှင့် ညီလေး မူလတန်းကျောင်းသားတို့အဖို့ မိမိကျောင်းစရိတ်ကြောင့် ချို့ချို့တဲ့တဲ့ ဆင်းဆင်းရဲရဲ စားသောက်ရပေလိမ့်မည်။

အဖေ မပူနှင့်၊ သား ချွေချွေတာတာသုံးစွဲမည်။ ပညာကို အလေးထား ကြိုးစားမည်။ လေးနှစ်ကြာလျှင် ဘွဲ့ရအောင် ဖြောင့်ဖြောင့်မတ်မတ် တာဝန်ယူပါသည်ဟု စိတ်ထဲက ပြောမိသည်။ အဖေလှည်းမောင်းနေရင်း ဘာတွေတွေးနေလဲမသိသဖြင့် နှုတ်မှထုတ်မပြောမိ။

ည ၁၁ နာရီခွဲလောက်ရောက်တော့ ကားရှေ့မီး တဝင်းဝင်းနှင့် မြသုံးလုံးခရီးဝေးသွား ကားကြီး ရောက်လာသည်။ သေတ္တာနှင့် အိပ်ရာလိပ်ကို ကားခေါင်မိုးပေါ်တင်ပေးပြီး အဖေ့ကို မြေပြင်မှာပဲ ဦးချကန်တော့သည်။ "ကျန်းမာချမ်းသာ ဘေးကင်းပါစေ" ဟု အဖေက ဆုပေးသည်။ လေးနှစ်ကြာသောအခါ မိမိသည် မန္တလေးတက္ကသိုလ်မှ ဘွဲ့တစ်ခုရခဲ့ပြီး ဗိုလ်လောင်းဝင်ခွင့်စစ်ရုံးသို့ လျှောက်လွှာတင်လိုက်နိုင်ပါတော့သည်။ ရွေးချယ်ခံရလျှင် ဗိုလ်သင်တန်းတက်ရမည်။

အခြေခံပညာအဆင့် အထက်တန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်သောဘဝနှင့် အဆင့်မြင့်ပညာ တက္ကသိုလ်က ဘွဲ့ရပြီးသော အဆင့်အတန်းသည် ရင့်ကျက်မှုတွင် သိသိသာသာ ကွာခြားသွားပါသည်။ အဓိကမှာ တက္ကသိုလ်မှ ဆရာ၊ ဆရာမများ၏ သင်ကြားလမ်းညွှန်မှုသည် အလယ်တန်း၊ အထက်တန်းလို မဟုတ်ပါ။ နည်းနည်းသင်ပြ၍ များများဖတ်ရ၊ များများဆွေးနွေးရ၊ များများရေးရ၊ များများ လက်တွေ့လုပ်ရ၊ ခရီးများများထွက်ရ၊ သုတေသနများများပြုလုပ်ရ၊ ကျောင်းသူ၊ ကျောင်းသားချင်း ပန်းချီ၊ ဂီတ၊ စာပေ၊ ယဉ်ကျေးမှု၊ ကျောင်းသားအားကစား စသောလှုပ်ရှားမှုများဖြင့် လူမှုဆက်ဆံရေးဖွံ့ဖြိုးမှုကို ပညာတတ်လူမှုအသိုင်းအဝိုင်းအတွင်း လူရာဝင်တတ်အောင်၊ အတွေးအမြင်မြင့်မားအောင် ကိုယ်တိုင်ပြုပြင်ပြောင်းလဲရပါသည်။ မိုးကုပ်စက်ဝိုင်းကျယ်လာပြီ။

**❖ ကိုယ့်ရွာ၊ ကိုယ့်မြို့နယ်၊ ကိုယ့်အရပ်ဒေသဆိုသော စက်ဝန်းကို ကျော်လျက် နိုင်ငံတော်အတွက်၊ တိုင်းပြည်အတွက်၊ မြန်မာတိုင်းရင်းသားလူမျိုးအတွက်၊ လက်ရှိ နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများအတွက် တက္ကသိုလ်ဘွဲ့ရ၊ မန္တလေးတက္ကသိုလ် စိတ်ပညာကျောင်းထွက် မိမိပခုံးပေါ်တွင် တာဝန်များ၊ ဝတ္တရားများရှိလာပေပြီ။ မိမိဘာသာကို ကျွမ်းကျင်ရမည်။ ဆရာ၊ ဆရာမကြီးများ၏ ကျေးဇူးကား အထူးပင်ကြီးမားခဲ့သည်။ စာကြိုးစားသော ကျောင်းသားဖြစ်သဖြင့် ဆရာ၊ ဆရာမများက ချစ်ကြသည်။ မိမိကမသိလျှင် ချဉ်းကပ်မေးမြန်းတတ်သဖြင့် ဆရာကြီး၊ ဆရာမကြီးများက လိုလိုချင်ချင် ဖြေကြားရှင်းပြသည်။ အခြားကျောင်းသားများထက် မိမိကိုပို၍ ရင်းနှီးခင်မင်သည်။ ❖**

ကိုယ့်ရွာ၊ ကိုယ့်မြို့နယ်၊ ကိုယ့်အရပ်ဒေသဆိုသော စက်ဝန်းကိုကျော်လျက် နိုင်ငံတော်အတွက်၊ တိုင်းပြည်အတွက်၊ မြန်မာတိုင်းရင်းသားလူမျိုးအတွက်၊ လက်ရှိ နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများအတွက် တက္ကသိုလ်ဘွဲ့ရ၊ မန္တလေးတက္ကသိုလ် စိတ်ပညာကျောင်းထွက် မိမိပခုံးပေါ်တွင် တာဝန်များ၊ ဝတ္တရားများရှိလာပေပြီ။ မိမိဘာသာကို ကျွမ်းကျင်ရမည်။

ဆရာ၊ ဆရာမကြီးများ၏ ကျေးဇူးကား အထူးပင်ကြီးမားခဲ့သည်။ စာကြိုးစားသော ကျောင်းသား ဖြစ်သဖြင့် ဆရာ၊ ဆရာမများက ချစ်ကြသည်။ မိမိက မသိလျှင် ချဉ်းကပ်မေးမြန်းတတ်သဖြင့် ဆရာကြီး၊ ဆရာမကြီးများက လိုလိုချင်ချင် ဖြေကြားရှင်းပြသည်။ အခြားကျောင်းသားများထက် မိမိကိုပို၍ ရင်းနှီးခင်မင်သည်။ အထူးသဖြင့် **ဆရာကြီး ဦးအုန်းဖေနှင့် ဆရာကြီး ဦးခင်မောင်သန်း** တို့သည် တက္ကသိုလ်လေးနှစ်ကြာကာလအတွင်း မိမိကို သားသမီးရင်းချာပမာ ပြုစုစောင့်ရှောက်ခဲ့သည်။

နောက်ဆုံးနှစ်စာမေးပွဲကြီးဖြေပြီး မိမိမှာ တိုက်ဖွိုက်ခေါ် အူရောင်ငန်းဖျားရောဂါဖြစ်ကာ လူနာလုံးလုံးဖြစ်သွားပါတော့သည်။ ဖိုင်နယ်စာမေးပွဲ ဘာသာအားလုံးဖြေပြီးသွားပြီမို့ အိမ်ပြန်ရမည်ဖြစ်သော်လည်း စိုးရိမ်စရာ အခြေအနေထိ အစာမဝင်ဘဲ အဖျားပြင်းထန်နေသဖြင့် အိမ်ပြန်ခွင့်မပြုဘဲ အဆောင်မှူး ဆရာကြီး ဦးအုန်းဖေ မိသားစုက ဂရုတစိုက် ပြုစုစောင့်ရှောက်ပါသည်။ မိဘထံ ကြေးနန်းရိုက်ခေါ်သည်။ အဖေနှင့်အမေ ရောက်လာကြသည်။ ဆရာကြီး ဦးခင်မောင်သန်းအိမ်မှာ တည်းရသည်။ မိမိ အဆောင်မှာ ရွှေပြည်အေးဆောင်။

မန္တလေးမှာ နာမည်ကြီးသော ဆရာဝန်ကြီး ဒေါက်တာဂူးဟားဆီမှာ သွားပြရသည်။ ဆေးရုံတင်ဖို့တော့မလိုပါ။ တစ်ပတ်လောက် ဆေးထိုး၊ ဆေးကျွေးကုသပြီး သက်သာပျောက်ကင်းသွားပါသည်။ မိမိက အခြား ကျောင်းသားများနှင့် ထိတွေ့ဆက်ဆံမှုထက် စာဖတ် ဝါသနာရှိသဖြင့် ပိုခင်မင်ရသော ကျေးဇူးရှင် ဆရာကြီးနှစ်ဦး၏ မိမိ မကျန်းမမာဖြစ်စဉ် ကူညီကယ်ဆယ်မှုသည်ကား ကျေးဇူးဆပ်၍မကုန်အောင်ကြီးမားသော မေတ္တာရေစင်ဖြစ်ပါသည်။ ဘဝတစ်သက်တာ မမေ့ပါ။

စိတ်ပညာဌာန မန္တလေးတက္ကသိုလ်၏ သီးသန့်ထူးခြားသော အခြေအနေသည် အခြားသော သိပ္ပံဘာသာများလို ကျောင်းသား ၁၀၀၊ ၂၀၀ မရှိပါ။ အချို့ဝိဇ္ဇာဘာသာများလို ၉၀၊ ၁၀၀ လည်း မရှိပါ။ ပထမနှစ်မှာ စိတ်ပညာအဓိကကျောင်းသူ၊ ကျောင်းသား ၈၀ တိတိ စတင်တက်လာသော်လည်း ဒုတိယနှစ်တွင် ဘာသာပြောင်းသွားသူ၊ ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့ခွင့်ရသွားသူ စသဖြင့် အကြောင်းကြောင်းကြောင့် ဦးရေလျော့သွားသည်မှာ ၂၀ ခန့်သာ ရှိပါတော့သည်။ ၁၉၇၀ ပြည့်နှစ် ဘွဲ့ယူသော စိတ်ပညာ ကျောင်းသူ၊ ကျောင်းသားမှာ ၁၀ ယောက်၊ ၁၅ ယောက်မျှသာ ရှိလေသည်။ အောင်မြင်သူ ၁၄ ယောက်။

ကျောင်းသားဦးရေနည်းသဖြင့် ဆရာ၊ ဆရာမများက တစ်ဦးစီ၏ လုပ်ဆောင်ချက်နှင့် တိုးတက်မှုကို အနီးကပ်သိမြင်နေလေသည်။ သုတေသနခရီး၊ လေ့လာရေးခရီး၊ ကွင်းဆင်းစစ်ဆေး စမ်းသပ်ချက်များ ကောက်ယူခြင်း စသည့်ပြင်ပခရီးများလည်း အတော်သွားရသည့် ပညာရပ်ဖြစ်ပါ၏။

တကောင်းမြို့၊ ကျောက်ဆည်အရှေ့ဘက် ရှမ်းရိုးမပေါ်က ကင်းတားဆည်၊ မုံရွာ၊ ကျောက်ကူဘုရားများ၊ ရွှေဘို ကင်းတားဆည်၊ ကင်းတားရွာ၊ တစ်ညအိပ်၊ နှစ်ညအိပ်ခရီးများအပြင် နေ့ချင်းပြန်ခရီး ပြင်ဦးလွင်၊ မတ္တရာတောင်ပြုံး၊ အမရပူရ လိပ်ဆံခွန်ရွာ စသည် ဆရာ၊ ဆရာမများ၊ လေးနှစ်စာ လေးတန်း စိတ်ပညာအဓိက ကျောင်းသူ၊ ကျောင်းသားများကား သုံး၊ လေးစီးနှင့် ခရီးအတူသွားကြသည်။ အမှတ်တရခရီးများ၊ အချင်းချင်း ရင်းနှီးထိတွေ့ခင်မင်စည်းလုံး မိကြသည်။ စိတ်ပညာဌာနသည် ထူးထူးခြားခြား ညီညွတ်စည်းလုံးသော ပညာရေးလှုပ်ရှားမှုများ ရှိခဲ့ပေသည်။ ပျော်စရာပါ။

အတန်းအလိုက် ခုံအမှတ်စဉ်ရာတွင် အောင်ခဲ့သော အတန်းက ရမှတ်အများအနည်းအရစဉ်ခြင်းဖြစ်၍ မိမိသည် တစ်နှစ်ပြီးတစ်နှစ် ပို၍ပို၍ စာကို ကြိုးစားသင်ယူသည့်အလျောက် ခုံနံပါတ်က ရှေ့သို့ ရွေ့ကာရောက်လာ၏။ ၁ စ-၂၄။ ၂ စ-၁၃။ ၃ စ - ၇။ ၄ စ-၄။ ၅ စ မဟာဝိဇ္ဇာတန်းရောက်တော့ မိမိဆက်မတက်တော့ပါ။ ဗိုလ်သင်တန်းတက်ခွင့်ဖြေ၍ အရွေးခံခဲ့ရပါသည်။ နောက်ဆုံးနှစ်တွင် မိမိသည် လေးဘာသာဂုဏ်ထူးဖြင့် အဆင့်(၁)နေရာမှ (၅စ-၁) အောင်မြင်ခဲ့ပါ၏။ ၁၉၇၀ ပြည့်နှစ်က မန္တလေးတက္ကသိုလ်မှာ ပညာလိုလား စာကြိုးစားသော လူငယ်တစ်ယောက်သည် စာရေးသူတစ်ဦးအဖြစ် ပေါ်ပေါက်ခဲ့လေတော့သည်။ (စ=စိတ်ပညာ ဘာသာအဓိက၊ ၁=ပထမနှစ်၊ ၄=စတုတ္ထနှစ်ဆိုလိုပါသည်။ တစ်နှစ်စာ ခုံအမှတ်စဉ်ပေးထားခြင်းပါ)

ချစ်တပည့်က ဒေါက်တာစိန်တူ၊ ဦးခင်မောင်သန်း၊ ဦးအုန်းဖေ၊ ဒေါက်တာကိုကိုကြီး၊ ဒေါက်တာထွန်းသန်း၊ ဒေါ်ကြင်စိန် စသည့်ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများအား လွမ်းဆွတ်စွာ ဂါရဝပြုအပ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၅၁၄၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၅၁၄၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်တွင် မတ်ပဲ ၁၅၁၄၇ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင်၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မတ်ပဲ ၁၅၁၄၇ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မတ်ပဲသီးနှံတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်သွားပါမယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် မတ်ပဲသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကျားကဏန်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဩဂုတ်လအတွင်း ကျားကဏန်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ကျားကဏန်းပိဿာချိန် ၆၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သော ဩဂုတ်လအတွင်းက ကျားကဏန်းပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ကျားကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲကိုပုံမှန် တင်ပို့ ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ကျားကဏန်းပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ကျားကဏန်းတွေကလဲ လတ်ဆတ်မှုနဲ့အရွယ်အစား အလေးချိန်အပေါ် မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒီဘက်ကတင်ပို့ရောင်းချတဲ့ ကျားကဏန်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေတယ်လို့ သိရပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှတင်ပို့ရောင်းချခဲ့သည့် ကျားကဏန်းအသေးတစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၊ အလတ် တစ်ပိဿာလျှင်ငွေကျပ် ၂၀၅၀၀၊ အကြီးတစ်ပိဿာလျှင် ၂၈၅၀၀ မှ ၃၃၅၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးအပြောင်းအလဲရှိကြောင်း၊ အဆိုပါ ကျားကဏန်းများ တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## မြစ်ကြီးနား သို့မဟုတ် စိမ်းမြရော

- သိမ်းငှက်တောင်ပံ ဖြန့်၍ပျံသို့
မိုးယံအထက် လေယာဉ်တက်သော်
လက်ပြရီဝေ မျက်ဝန်းတွေနှင့်
နေရစ်တော့နော် ချစ်သောဖော်တို့
မွေ့ပျော်ငြိမ်းအေး မြို့ကလေးဟု
ဖြည်းလေးသာညင် နှုတ်ဆက်စဉ်ဝယ်
စိတ်တွင်တမ်းတ မြင်ယောင်လှသည်
စိမ်းမြရော ပန်းဥယျာဉ်
တန်ခိုးကြီးသည့် 'အံတော်ရှင်'။

- မြောက်ဘက်မှာမူ 'ဆီတာပူ'နှင့်
မြူနှင်းလွှမ်းချိန် ပန်းသင်းချိန်ဝယ်
'မန်ခိန်ရွှေစက်' လှသွေးတက်၏
ငြိမ်းစက်မွေ့လျော် 'ကရိန်နော်'နှင့်
တောင်ပေါ်ဒေသ ရွာတိုင်းလှ
ဂျိန်းဖောတို့၏ ထိုဒေသ။


- အရှေ့ဘက်မှာ မိုင်းနားရွာတည့်
ပြာလဲ့ညို့မှောင် မိုင်းနားတောင်ဝယ်
ရွှေရောင်လဲ့ဖူး စေတီဦးလည်း
ညွတ်နူးကော်ရော် တို့ဖူးမြော်၏
ဝိုင်းမော် ခတ်ချို မှိုင်းညိုညိုဝယ်
မွေးချို လော့ခူး ခေါင်ရည်ဦးနှင့်
ကြည်နူးစဖွယ် ထိုဒေသ။

- အို... လေယာဉ်ပြတင်း မိုးတိမ်တွင်းမှ
ရှုခင်းအလှ မြင်သမျှလည်း
ချမ်းမြရင်မှာ ချစ်စရာတည့်
ဧရာဝတီ သန္ဓေတည်မည့်
ဝေရီမူနှ်ပြ မေလိခနှင့်
မေခနှစ်မြွာ ပေါင်းဆုံရာလည်း
မေတ္တာဒေသ သင်္ကေတနယ်
အလှဖြင်ပည်း ချစ်မငြီးတည့်
မြစ်ကြီးရော ဖြစ်သောခါလည်း
လယ်ယာအိုင်အင်း စိုက်ပျိုးခင်းတို့
ရင်တွင်းငြိတွယ် ချစ်စဖွယ်နှင့်
တင့်တယ်ပျိုမျစ် မြင်သည်ဖြစ်သော်
'အချစ်ကြီးမား မြစ်ကြီးနား'ဟု
တင်စားခေါ်တွင် ဂုဏ်ပြုချင်သည်
ကချင်ပြည်နယ့် အလှပန်း
စိမ်းမြရော သာစခန်း
တစ်ခေါက်ပြန်လာ ခဲ့ချင်စမ်း။ ။

**မြင်းမူမောင်နိုင်မိုး**

# နိုင်ငံတကာ သတင်းများ

## ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ကို ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် မိန့်ခွန်းပြောကြားခွင့်ပေးမည်



နယူးယောက် စက်တင်ဘာ ၂၂

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ကိုကုလသမဂ္ဂအထွေထွေညီလာခံ၌ ဗီဒီယိုကွန်ဖရင့်မှ တစ်ဆင့် မိန့်ခွန်းပြောကြားခွင့်ပေးရန် အထွေထွေညီလာခံ အဖွဲ့ဝင်နိုင်ငံများက မဲခွဲဆုံးဖြတ်ခဲ့ကြကြောင်း စက်တင်ဘာ ၂၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

စက်တင်ဘာ ၁၉ ရက်တွင် ပြုလုပ်ခဲ့သည့်မဲခွဲပွဲတွင် ကုလသမဂ္ဂအထွေထွေညီလာခံအဖွဲ့ဝင် နိုင်ငံ ၁၄၅ နိုင်ငံတို့က ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်အား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် မိန့်ခွန်းပြောခွင့်ပေးရေး အဆိုကို ထောက်ခံမဲပေးခဲ့ပြီး ငါးနိုင်ငံတို့က ကန့်ကွက်မဲများပေးခဲ့ကြသည်။

ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ရေးအတွက် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ကို အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခွင့်ပေးရန် အမေရိကန်အစိုးရက ငြင်းပယ်ခဲ့ပြီးနောက် အဆိုပါမဲခွဲပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။

မာမွတ်အဘတ်စ်နှင့် ပါလက်စတိုင်းခေါင်းဆောင် ၈၀ ခန့်ကို အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခွင့်ပေးမည်မဟုတ်ကြောင်း အမေရိကန်အစိုးရက ပြီးခဲ့သည့်လအတွင်းက ကြေညာထားသည်။

၁၉၄၇ ခုနှစ် ကုလသမဂ္ဂဌာနချုပ်သဘောတူညီချက်အရ အမေရိကန်အစိုးရအနေဖြင့် နိုင်ငံတကာသံတမန်များကို နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်သို့ လာရောက်ခွင့်ပေးရန် လိုအပ်သည်။

သို့ရာတွင် လုံခြုံရေးအရ၊ အစွန်းရောက်ဝါဒတားဆီးရေးလုပ်ငန်းစဉ်အရ၊ နိုင်ငံခြားရေးမူဝါဒအကြောင်းပြချက်များအရ အချို့သံတမန်များကို ပြည်ဝင်ခွင့်ပိတ်နိုင်ကြောင်း အမေရိကန်အစိုးရက ပြောကြားထားသည်။

Ref : Xinhua

Trs : KKO

## အရေးယူပိတ်ဆို့မှုများကို ကျော်လွှားမည်ဟု အီရန်သမ္မတ ပီဇက်ရှ်ကီရမ် ပြောကြား

တီဟီရန် စက်တင်ဘာ ၂၁

ကုလသမဂ္ဂက ပြန်လည်ချမှတ်မည့် စီးပွားရေးအရေးယူပိတ်ဆို့မှုမှန်သမျှကို မိမိတို့ ကျော်လွှားမည်ဖြစ်ကြောင်း အီရန်သမ္မတ ပီဇက်ရှ်ကီရမ်က စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

နျူကလီးယား အစီအစဉ်များ ပြန်လည်စတင်မှုအတွက် အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မဲခွဲဆုံးဖြတ်ခဲ့ပြီးနောက် အီရန်သမ္မတ ပီဇက်ရှ်ကီရမ်က အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အရ ပြန်လည်ချမှတ်နိုင်မည့် အရေးယူပိတ်ဆို့မှုများသည် အီရန်ကို တားဆီးနိုင်လိမ့်မည်မဟုတ်ကြောင်း အီရန်သမ္မတက ပြောကြားခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီတို့၏ ဖိအားပေးမှုကြောင့် အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်ရန် စက်တင်ဘာ ၁၉ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီချက်ပါ ကတိကဝတ်များကို ချိုးဖောက်ခဲ့ကြောင်း ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က စွပ်စွဲထားသည်။

အီရန်နိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် ဗြိတိန်၊ အမေရိကန်နိုင်ငံ၊ တရုတ်၊ ရုရှား၊ ပြင်သစ်၊ ဂျာမနီနိုင်ငံတို့နှင့် နျူကလီးယားသဘောတူညီချက် ရယူခဲ့သော်လည်း အမေရိကန်နိုင်ငံ နုတ်ထွက်ခဲ့ပြီးနောက် ယင်းသဘောတူညီချက်မှာ ပြိုကွဲလုနီးပါးဖြစ်ခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO



## အမေရိကန်အောက်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ရောက်ရှိ

ပေကျင်း စက်တင်ဘာ ၂၂

အမေရိကန် ကွန်ဂရက်လွှတ်တော်မှ လွှတ်တော်အမတ်အဖွဲ့တစ်ဖွဲ့သည် ယနေ့တွင် တရုတ်နိုင်ငံသို့ ရောက်ရှိနေကြောင်း သိရသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၉ ခုနှစ် နောက်ပိုင်း တရုတ်နိုင်ငံသို့ရောက်ရှိလာသည့် ပထမဆုံး အမေရိကန်အောက်လွှတ်တော် ကိုယ်စားလှယ်အဖွဲ့ ဖြစ်သည်။

၎င်း အမေရိကန်အောက်လွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်ဝန်ကြီးချုပ် လီချန်းနှင့် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အဆိုပါ အမေရိကန်အောက်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ကို ဒီမိုကရက်တစ်ပါတီ အောက်လွှတ်တော်အမတ် အဒမ်စမစ်က ဦးဆောင်ထားကြောင်း သိရသည်။

ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံများ ဖြစ်ကြသည့် တရုတ်နှင့် အမေရိကန်နိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ပုံစံပြန်ချရန် ကြိုးပမ်းနေကြချိန်တွင်အမေရိကန်အောက်လွှတ်တော် ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။

ကုန်သွယ်ရေး ပြဿနာနှင့် နည်းပညာပြိုင်ဆိုင်မှုပြဿနာတို့ အပါအဝင် ပြဿနာအမျိုးမျိုးတို့ကြောင့် တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးမှာ တင်းမာလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပြင်သစ်တစ်ဝန်းမှ မြို့တော်ဝန်များ ပါလက်စတိုင်းအလံများလွှင့်ထူရန် စီစဉ်ထား

ပဲရစ် စက်တင်ဘာ ၂၂

ပြင်သစ်နိုင်ငံ တစ်ဝန်းမှ မြို့တော်ဝန်များသည် အစိုးရက ပိတ်ပင်ထားသည့်တိုင် ပါလက်စတိုင်းအလံများလွှင့်ထူရန် စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံသည် ယခုရက်သတ္တပတ်အတွင်း ကျင်းပမည့် ကုလသမဂ္ဂ အထွေထွေညီလာခံ အစည်းအဝေး၌ ပါလက်စတိုင်းကို လွတ်လပ်သည့် နိုင်ငံအဖြစ် တရားဝင်ကြေညာရန် စီစဉ်ထားသည်။

သို့ရာတွင် ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံ တစ်နိုင်ငံအဖြစ် တရားဝင်အသိအမှတ်ပြုမည့်အစီအစဉ်အတွက် ပါလက်စတိုင်းအလံများ မလွှင့်ထူကြရန် ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက သတိပေးထားသည်။

သို့သော် ပါလက်စတိုင်း လွတ်လပ်ရေးအား တရားဝင်အသိအမှတ်ပြုမှုကို ဂုဏ်ပြုသည့်အနေဖြင့် ပါလက်စတိုင်းအလံများ လွှင့်ထူကြရန် ဆိုရှယ်လစ်ခေါင်းဆောင် အိုလီဗီရာဖူးရီးက တိုက်တွန်းခဲ့ပြီးနောက် ပြင်သစ်နိုင်ငံတစ်ဝန်းမှ မြို့တော်ဝန်များက မြို့တော်ခန်းမများ၌ ပါလက်စတိုင်းအလံများလွှင့်ထူရန် စီစဉ်ထားကြောင်း သိရသည်။

ယင်းသို့ မြို့တော်ခန်းမများ၌ ပါလက်စတိုင်းအလံများ လွှင့်ထူရာတွင် ပြင်သစ်မြို့ မည်မျှအထိ ပါဝင်မည်ကို မသိရသေးကြောင်း သိရသည်။

ယခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ အစည်းအဝေးများတွင် ကမ္ဘာ့နိုင်ငံ အနည်းဆုံး ၁၀ နိုင်ငံတို့က ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဗြိတိန်တိုက်လေယာဉ်များ ပိုလန်ဝေဟင်အတွင်း ကင်းလှည့်ပျံသန်း

လန်ဒန် စက်တင်ဘာ ၂၂

ဗြိတိန်လေတပ်မှတိုက်လေယာဉ်များသည် စက်တင်ဘာ ၁၉ ရက်တွင် ပိုလန်ဝေဟင်အတွင်း လေကြောင်းရန် ကာကွယ်ရေး ကင်းလှည့်ပျံသန်းမှုများ ပြုလုပ်ခဲ့ကြောင်း စက်တင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။



အဆိုပါမစ်ရှင်သည် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့ (နေတိုး)၏ အရှေ့ဘက်နယ်စပ် လုံခြုံရေးမစ်ရှင်အရ ဗြိတိန်တိုက်လေယာဉ်များ ပထမဆုံးပြုလုပ်ခဲ့သော မစ်ရှင်ဖြစ်ပြီး ဗြိတိန်လေတပ်မှ တိုင်ဖွန်းတိုက်လေယာဉ်နှစ်စင်းက ပိုလန်ဝေဟင်အတွင်း စောင့်ကြည့်ပျံသန်းခဲ့ခြင်းဖြစ်သည်။

မစ်ရှင် ပြီးဆုံးပြီးနောက် အဆိုပါတိုက်လေယာဉ် နှစ်စင်းသည် စက်တင်ဘာ ၂၀ ရက်တွင် ဗြိတိန်သို့ ပြန်လည်ရောက်ရှိလာကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှားလေတပ်မှ စစ်လေယာဉ်များသည်ပိုလန်နိုင်ငံကဲ့သို့ပင်နေတိုးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ အက်စတိုးနီးယားနိုင်ငံလေကြောင်းပိုင်နက်ကို ချိုးဖောက်ဝင်ရောက်ခဲ့ကြောင်း အက်စတိုးနီးယား အစိုးရက စက်တင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် အက်စတိုးနီးယားအစိုးရ၏ အဆိုပါသတင်းထုတ်ပြန်ချက်ကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ငြင်းပယ်ထားပြီး ရုရှားတိုက်လေယာဉ်များ အနေဖြင့် နိုင်ငံတကာဝေဟင်အတွင်း၌သာ ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း ပြောကြားထားသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ၃၅ ကြိမ်မြောက် New Shepard ဒုံးပျံယာဉ်မစ်ရှင်ကို ဘလူးအော်ရီဂျင်ကုမ္ပဏီက လွှတ်တင်ခဲ့



**ဝါရှင်တန် စက်တင်ဘာ ၂၁**

အမေရိကန်နိုင်ငံအခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် ၃၅ ကြိမ်မြောက် New Shepard ဒုံးပျံယာဉ်မစ်ရှင်ကို စက်တင်ဘာ ၁၉ ရက်တွင် လွှတ်တင်ခဲ့ကြောင်း စက်တင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

ပုဂ္ဂလိက အာကာသခရီးသည်များ လိုက်ပါခြင်းမရှိသည့် အဆိုပါ New Shepard ဒုံးပျံယာဉ်ကို ဝက်ဘ်တက္ကဆက်ဒေသမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်တွင် New Shepard ဒုံးပျံယာဉ်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံစမ်းသပ်ပစ္စည်း ၂၄ မျိုးသယ်ဆောင်သွားကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ၃၅ ကြိမ်မြောက် New Shepard မစ်ရှင်ကို သီတင်းလေးပတ်ကြာမျှ ဆိုင်းငံ့ထားရပြီးနောက် လွှတ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမစ်ရှင်တွင် New Shepard အာကာသဒုံးပျံယာဉ်သည် ကမ္ဘာမြေပြင်အထက် အမြင့် ၆၂ မိုင်အကွာရှိ လေထုလွှာနှင့် အာကာသဟင်းလင်းပြင် အနားစပ်သို့ရောက်ရှိခဲ့ပြီးနောက် ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် မူလက ၃၅ ကြိမ်မြောက် New Shepard ဒုံးပျံယာဉ်ကို ဩဂုတ် ၂၃ ရက်တွင် လွှတ်တင်ရန်စီစဉ်ခဲ့သော်လည်း ပင်မဒုံးပျံယာဉ်ပြဿနာ တစ်ရပ်ကြောင့် သီတင်းလေးပတ်ကြာမျှ ဆိုင်းငံ့ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တု ၂၄ စင်း လွှတ်တင်

**ဝါရှင်တန် စက်တင်ဘာ ၂၁**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စက်တင်ဘာ ၂၀ ရက်တွင် စတားလင့်ခ်အင်တာနက်ဂြိုဟ်တု ၂၄ စင်းကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါစတားလင့်ခ်ဂြိုဟ်တု ၂၄ စင်းကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံသည် ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။



လွှတ်တင်ပြီး ၆၂ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ၏ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် ဂြိုဟ်တုများကို သတ်မှတ် ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အထက်ပါမစ်ရှင်အောင်မြင်ခဲ့ခြင်းကြောင့် စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်၌ ဝန်ဆောင်မှုပေးနေသည့် ဂြိုဟ်တု အစင်းပေါင်း ၈၄၀၀ ခန့်ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် ၂၀၂၅ ခုနှစ်၏ ၁၁၈ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ဆိုက်ဂနက်စ်အိတ်စ်အယ်လ် အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းနှင့်ချိတ်ဆက်

**ဝါရှင်တန် စက်တင်ဘာ ၂၁**

နော့ရော့ဂရူးမင်း ကုမ္ပဏီ၏ ဆိုက်ဂနက်စ် အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

ဆိုက်ဂနက်စ်အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်သည် မူလက စက်တင်ဘာ ၁၇ ရက်တွင် နိုင်ငံတကာအာကာသစခန်းနှင့်ချိတ်ဆက်ရန် စီစဉ်ထားသော်လည်း ဒုံးကန်အားစနစ်ပြဿနာ တစ်ရပ်ကြောင့် စက်တင်ဘာ ၁၈ ရက်မှသာ နိုင်ငံတကာအာကာသစခန်းနှင့်ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆိုက်ဂနက်စ်အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်သည် ကွန်ဂိုနိုင်ငံ၏အထက် အမြင့်မိုင် ၂၆၀ ခန့်အကွာ ပတ်လမ်းပေါ်၌ နိုင်ငံတကာ အာကာသစခန်း အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နော့ရော့ဂရူးမင်း ကုမ္ပဏီသည် ဆိုက်ဂနက်စ်အိတ်စ်အယ်လ် အာကာသကုန်တင်ယာဉ်ကို စက်တင်ဘာ ၁၅ ရက်တွင် စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဆိုက်ဂနက်စ်အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် စားရေရိက္ခာနှင့်လောင်စာ အပါအဝင် အထောက်အပံ့ပစ္စည်းပေါင်း ၁၁၀၀၀ ခန့် (ကီလိုဂရမ် ၅၀၀၀ ခန့်) သယ်ဆောင်ထားသည်။

ဆိုက်ဂနက်အိတ်စ်အယ်လ် အာကာသကုန်တင်ယာဉ်သည် စက်တင်ဘာ ၁၈ ရက်တွင် စက်ရုပ်လက်တံအကူအညီဖြင့် ဆိုက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## အူမကြီးကင်ဆာရောဂါ တစ်ကျော့ပြန်ပေါ်မှုကို အက်စပရင်ဆေးသောက်ခြင်းဖြင့် လျှော့ချနိုင်

**စတော့ဟုမ်း စက်တင်ဘာ ၂၁**

အက်စပရင်(Asprin)ဆေးသည် ကနဦးကုထုံးရယူပြီးနောက် အူမကြီးကင်ဆာရောဂါ တစ်ကျော့ပြန်ပေါ်လာနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း စက်တင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

ဆွီဒင်နိုင်ငံ ကာရိုလင်စကာ အင်စတီကျုမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အက်စပရင်ကို နေ့စဉ်သောက်သုံးခြင်းဖြင့် အူမကြီးကင်ဆာရောဂါ တစ်ကျော့ပြန် ပေါ်လာနိုင်ခြေကို ၅၅ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

နှလုံးရောဂါ ကာကွယ်ရေးအတွက် သုံးစွဲသည့် အက်စပရင်ဆေးများသည် တစ်ကမ္ဘာလုံး လွယ်ကူစွာရနိုင်သလို အခြားခေတ်သစ်ကင်ဆာဆေးဝါးများနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းများစွာချိုသာသည့်ဆေးဝါးဖြစ်ကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

ဆွီဒင်သုတေသနပညာရှင်များသည် အူမကြီးကင်ဆာရောဂါလူနာ ၆၂၆ ဦးတို့ကို နေ့စဉ် အက်စပရင်ဆေး ၁၆၀ မီလီဂရမ် တိုက်ကျွေး၍ စောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အက်စပရင်ဆေး နေ့စဉ်သောက်သုံးထားသော အူမကြီးကင်ဆာလူနာများ၌ ရောဂါတစ်ကျော့ပြန်ပေါ်လာနိုင်ခြေ ၅၅ ရာခိုင်နှုန်းထိ ကျဆင်းသွားသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

## GLP-1 အုပ်စုဝင်ဆေးများသုံးစွဲခြင်းဖြင့် ဆာရိုက်ဆစ်လူနာများအတွက် အကျိုးရှိနိုင်

**ဘာလင် စက်တင်ဘာ ၂၁**

Ozempic နှင့် Zepbound ကိုယ်အလေးချိန် လျှော့ချရေး GLP–1 ဆေးများသည် ဆာရိုက်ဆစ်(Psoriasis) ခေါ် အရေပြားရောဂါတစ်မျိုး ခံစားနေရသူများအတွက် အကျိုးရှိနိုင်ကြောင်း စက်တင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

ဂျာမနီသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆာရိုက်ဆစ် ရောဂါလူနာများ အနေဖြင့် Ozempic ကဲ့သို့ GLP–1 အုပ်စုဝင်ဆေးများကို သုံးစွဲပါက သေချိန်မတန်ဘဲ သေရနိုင်ခြေကို ၇၈ ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်း သိရသည်။

ထို့ပြင် GLP–1 အုပ်စုဝင်ဆေးများသည် ဆာရိုက်ဆစ်လူနာများ၌ နှလုံးရောဂါ ဖြစ်နိုင်ခြေကိုလည်း ၄၄ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း ဂျာမနီသုတေသနပညာရှင်များက ပြောကြားသည်။

ခုခံအားစနစ် ဖောက်ပြန်မှုကြောင့် ဖြစ်ပွားတတ်သော ဆာရိုက်ဆစ်ရောဂါသည် အခြားကျန်းမာရေး ပြဿနာများနှင့်လည်း ဆက်စပ်နေတတ်ကြောင်း သိရသည်။

ဆာရိုက်ဆစ်ရောဂါနှင့်ဆက်စပ်နေသော ကျန်းမာရေးပြဿနာများထဲတွင် နှလုံးရောဂါများနှင့် စိတ်ကျန်းမာရေးပြဿနာများလည်း ပါဝင်နေတတ်ကြောင်း သိရသည်။

ဂျာမနီသုတေသနပညာရှင်များသည် ဆာရိုက်ဆစ်လူနာဦးရေ ၃၀၀၀ ကျော်တို့ကို ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Korea Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို စဝီယာတက်ခ် ဆွတ်ခူး

**ဆိုးလ် စက်တင်ဘာ ၂၁**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင်ကျင်းပခဲ့သည့် Korea Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ရုရှားတင်းနစ်မယ် အလက်ဇန်းဒါးရိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၁-၆၊ ၇-၆၊ ၇-၅) ရမှတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆယ်ကျော်သက်တင်းနစ်မယ် အလက်ဇန်းဒါးရိုဗာသည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ပြီး ဒုတိယပွဲငယ်တွင်လည်း အနိုင်ရရှိရန်နီးစပ်ခဲ့သည်။

နှစ်ပွဲပြတ်ရလဒ်ဖြင့် ပြီးဆုံးသွားနိုင်သည့်အခြေအနေတွင် စဝီယာတက်ခ်က နောက်မှလိုက်ကစားကာ ပြန်လည်အနိုင်ရရှိခဲ့ကာ တတိယပွဲငယ်တွင်လည်း အကြိတ်အနယ်ရှိခဲ့ပြီး tie-break ထိ ကစားခဲ့ပြီးမှ စဝီယာတက်ခ်က အနိုင်ရခဲ့ခြင်းဖြစ်သည်။

အလက်ဇန်းဒါးရိုဗာ အနေဖြင့် အစစအရာရာ သာလွန်ခဲ့သော်လည်း အတွေ့အကြုံပိုင်းအရ စဝီယာတက်ခ်ကို ယှဉ်နိုင်ခဲ့ခြင်း မရှိဘဲ အနိုင်ရမည့်အခြေအနေမှ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

အလက်ဇန်းဒါးရိုဗာက "ဒီပွဲကို လာရောက်အားပေးခဲ့ကြတဲ့ ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အံ့ဩစရာကောင်းလောက်တဲ့ ပရိသတ်တွေဖြစ်ပါတယ်။ ဒီလို ပရိသတ်တွေရှေ့မှာ ကစားခွင့်ရခဲ့တာကို ဝမ်းသာဂုဏ်ယူပါတယ်။ စဝီယာတက်ခ်အတွက်လဲ ဂုဏ်ယူပါတယ်။ ဒီရက်သတ္တပတ်ဟာ သူ့အတွက် အကောင်းဆုံး ရက်သတ္တပတ်ဖြစ်ခဲ့သလို ရလဒ်ကောင်းတွေလဲ ရရှိခဲ့တဲ့ ရက်သတ္တပတ်ဖြစ်ပါတယ်။ စဝီယာတက်ခ်နဲ့ ကစားရတိုင်း အမြဲတမ်းကို အခက်တွေ့ခဲ့ရပါတယ်။ ကျွန်မအနေနဲ့ကတော့ လုပ်နိုင်တာကို အကောင်းဆုံး ကြိုးစားလုပ်ခဲ့ပါတယ်။ နောက်တစ်ကြိမ် သူနဲ့ထပ်တွေ့ရင်တော့ ဒီထက်ပိုကောင်းအောင် ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ လက်ကျန်ရာသီရဲ့ ပြိုင်ပွဲတွေမှာလဲ အကောင်းဆုံး စွမ်းဆောင်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis 365

Trs : AZL



### အားကစားသတင်းအတိုအထွာများ

- လာလီဂါအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည့် ကလပ်အသင်းကစားသမား တန်ဖိုးစာရင်းတွင် ဘာစီလိုနာအသင်းက ပြီးခဲ့သည့် ဆောင်းရာသီကာလနှင့်နှိုင်းယှဉ်ပါက ယူရို ၁၁၂ သန်းထိ ကျဆင်းခဲ့ပြီး စုစုပေါင်းတန်ဖိုး ၃၁၅ သန်းဖြင့် ဒုတိယနေရာသို့ရောက်ရှိခဲ့ကာ ရီးရဲလ်မက်ဒရစ်အသင်းက စုစုပေါင်းတန်ဖိုး ယူရို ၇၆၁ သန်းဖြင့် ထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိသည်။
- ပခုံးဒဏ်ရာမှပြန်လည်သက်သာလာသည့် ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်သည် အက်စ်ပန်ညိုအသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရသည့်ပွဲစဉ်တွင် နောက်ဆုံးမိနစ်၌ လူစားလဲပါဝင်ခဲ့သော်လည်း လာမည့် မက်ဒရစ်ဒါဘီပွဲစဉ်မှသာ အပြည့်အဝ ပြန်လည်ပူးပေါင်းနိုင်မည်ဟု နည်းပြ အလွန်ဆိုက ပြောကြားခဲ့သည်။

ML

# ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ဟက်ထရစ်ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး ဟယ်ရီကိန်း မှတ်တမ်းကောင်းထပ်မံရရှိ

**ဘာလင် စက်တင်ဘာ ၂၁**



ဘွန်ဒက်လီဂါ အမှတ်ပေးပွဲစဉ်အဖြစ်ကစားခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းက ဟော်ဖန်ဟိမ်းအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့သည့် တိုက်စစ်မှူး ဟယ်ရီကိန်းသည် မှတ်တမ်းကောင်းတစ်ရပ်ကို ထပ်မံရရှိခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ယခုနှစ် ဘွန်ဒက်လီဂါလေးပွဲကစားခဲ့ရာတွင် လိုက်ပ်ဇစ်အသင်းနှင့်ပွဲစဉ်တွင် ဟက်ထရစ်တစ်ကြိမ်၊ ဟမ်းဘတ်အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုး ယခုပွဲစဉ်တွင် ဟက်ထရစ်ဂိုး တစ်ကြိမ် သွင်းယူနိုင်ခဲ့သောကြောင့် သွင်းဂိုး ရှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး မှတ်တမ်းကောင်း တစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

ဟော်ဖန်ဟိမ်း အသင်းနှင့် ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက အဝေးကွင်းသွားရောက်ကစားရသော်လည်း ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့ပြီး ပွဲချိန် ၄၄ မိနစ်တွင် ဟယ်ရီကိန်းက လန်းနက်ခါလ်၏ ဖန်တီးပေးမှုမှ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန်တွင်လည်း ဘိုင်ယန်မြူးနစ်အသင်းက ဆက်တိုက် ဖိအားပေးနိုင်ခဲ့သောကြောင့် ပွဲချိန် ၄၈ မိနစ်တွင် တိုက်စစ်မှူး ဟယ်ရီကိန်းက ပင်နယ်တီမှ ဒုတိယဂိုး ရရှိခဲ့ပြီးနောက် ဟော်ဖန်ဟိမ်းအသင်း ကစားပုံ ကြမ်းတမ်းလာမှုကြောင့် ဘိုင်ယန်မြူးနစ်အသင်း ကစားသမားအချို့ ဒဏ်ရာရခဲ့သော်လည်း ပွဲချိန် ၇၇ မိနစ်တွင် ဟယ်ရီကိန်းက တတိယဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ပွဲချိန် ၈၂ မိနစ်တွင် ကူဖယ်က ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သဖြင့် ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ် ကောင်းမွန်မှုကြောင့် ဂနာဘရီက သွင်းဂိုး တစ်ဂိုး ထပ်မံသွင်းယူခဲ့သဖြင့် လေးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ကြောင်း သိရသည်။

Ref : Bundesliga

Trs : ML

# ပရီးမီးယားလိဂ်သမိုင်းတွင် ပွဲအစ အနီကတ်ပြခံရသည့်မှတ်တမ်းဆိုးကို ဂိုးသမားဆန်းချက်ဇ် ရရှိ

**လန်ဒန် စက်တင်ဘာ ၂၁**

ပရီးမီးယားလိဂ် အမှတ်ပေးပွဲစဉ်အဖြစ်ကစားခဲ့သည့် မန်ယူအသင်းနှင့် ချဲလ်ဆီးအသင်းတို့ ပွဲစဉ်တွင် ချဲလ်ဆီးအသင်းဂိုးသမား ဆန်းချက်ဇ်သည် ပွဲအစ ငါးမိနစ်တွင် တိုက်ရိုက်အနီကတ် ပြသခံခဲ့ရပြီး ပရီးမီးယားလိဂ်သမိုင်း ပွဲအစတွင် အနီကတ်ပြခံရသည့် မှတ်တမ်းဆိုးကို ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အနီကတ်ဖြင့်ထုတ်ပယ်ခံရသည့် ဂိုးသမားဆန်းချက်ဇ်မှာလည်း ပြိုင်ပွဲသမိုင်းတွင် တတိယမြောက်အနီကတ်ဖြင့် ထုတ်ပယ်ခံရသည့် ကစားသမားဖြစ်လာခဲ့သည်။

ဂိုးသမားဆန်းချက်ဇ်အနေဖြင့် မန်ယူအသင်း တိုက်စစ်မှူး အမ်ဘူမို၏ တိုက်စစ်ဆင်မှုကို ကြိုးပမ်းရာမှ ပြစ်ဒဏ်ကျူးလွန်မှုကြောင့် အနီကတ်ပြသခံခဲ့ရပြီး နည်းပြ မာရက်ဇ်ကာက အက်စ်တီဗာအိုနှင့် နက်တိုတို့ကို ထုတ်ပယ်၍ ဂိုးသမားဂျော်ဂျန်ဆန်၊ ခံစစ်ကစားသမား အဒါရာဘီအိုယိုတို့ကို လူစားလဲခဲ့ရသည်။

ထို့နောက် တစ်ယောက်အသာဖြင့်ကစားနေရသည့် မန်ယူအသင်းက ပွဲချိန် ၁၄ မိနစ်တွင် ဖာနန်ဒက်ဇ်၏သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သောကြောင့် ချဲလ်ဆီးအသင်းမှ ပယ်မာကို ဆန်းတို့စ်နှင့် လူစားလဲခဲ့သော်လည်း ကက်စမဲရိုးက မန်ယူအသင်းအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

ပထမပိုင်း လက်ကျန်ပွဲချိန်များတွင် အကြိတ်အနယ်ရှိခဲ့သောကြောင့် ကက်စမဲရိုး နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသဖြင့် ချဲလ်ဆီးအသင်းက ပြန်လည်ဖိအားပေးမှုများ ပြုလုပ်နိုင်ခဲ့ရာ ပွဲကစားချိန်မိနစ် ၈၀ အရောက်တွင် ချာလိုဘတ်က ချေပဂိုး သွင်းယူနိုင်ခဲ့သောကြောင့် မန်ယူအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# လုပ်ခလစာညှိနှိုင်းမှုအဆင်မပြေဖြစ်နေသည့် ဗင်နီစီးယက်ကို ရီးရဲလ်မက်ဒရစ်အသင်းက လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ရောင်းချသွားဖွယ်ရှိနေ

**မက်ဒရစ် စက်တင်ဘာ ၂၁**

ရီးရဲလ်မက်ဒရစ် အသင်းက စာချုပ်သစ် ချုပ်ဆိုရန်အတွက် လုပ်ခလစာ ညှိနှိုင်းမှုအဆင်မပြေဖြစ်နေသည့် ဗင်နီစီးယက်ကို လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဆော်ဒီကလပ်အသင်းများထံ ရောင်းချရန်အတွက် ပြင်ဆင်လျက် ရှိနေကြောင်း သိရသည်။



ရီးရဲလ်မက်ဒရစ် အသင်းက ဗင်နီစီးယက်ကို သက်တမ်းတိုး စာချုပ် ချုပ်ဆိုရန်အတွက် ပြီးခဲ့သည့်ဘောလုံးရာသီကုန်ကတည်းက ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့သော်လည်း ဗင်နီစီးယက်က လုပ်ခလစာ တိုးမြှင့်ပေးရန် တောင်းဆိုနေသည့် အတွက် ကြန့်ကြာနေခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းနှင့် ဗင်နီစီးယက်တို့ စာချုပ်သက်တမ်းမှာ နှစ်နှစ်သာ ကျန်ရှိတော့ပြီး ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလကတည်းက ဆော်ဒီ ထိပ်တန်း ကလပ်အသင်းများက ဗင်နီစီးယက်ကို စံချိန်တင် ပြောင်းရွှေ့ကြေး လုပ်ခလစာဖြင့် ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့သော်လည်း ရီးရဲလ်မက်ဒရစ် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက်သာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

သို့သော် လက်ရှိတွင် လုပ်ခလစာ ညှိနှိုင်းမှုအဆင်မပြေဖြစ်နေသည့်အတွက် ရီးရဲလ်မက်ဒရစ် အသင်းက ဗင်နီစီးယက်ကို ရောင်းချပြီး ဟာလန်းနှင့်ပြန်လည်အစားထိုးရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် ရာသီအစ ငါးပွဲဆက်ရှုံးနိမ့်ခဲ့သည့် ခြောက်သင်းမြောက်အသင်းအဖြစ် ဝုဗ်အသင်းမှတ်တမ်းဝင်



**လန်ဒန် စက်တင်ဘာ ၂၂**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၅)အဖြစ် ကစားခဲ့သည့် လိဒ် အသင်းနှင့်ဝုဗ်အသင်းတို့ပွဲစဉ်တွင် ဝုဗ်အသင်းက ရှုံးနိမ့်ခဲ့ပြီးနောက် ပရီးမီးယားလိဂ် ပြိုင်ပွဲသမိုင်းတစ်လျှောက် ရာသီအစငါးပွဲဆက် ရှုံးနိမ့်ခဲ့သည့် ခြောက်သင်းမြောက် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၅)အဖြစ် ကစားခဲ့သည့် ဝုဗ် အသင်းနှင့် လိဒ်အသင်းတို့ပွဲစဉ်တွင် ဝုဗ်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ရာသီအစ ငါးပွဲဆက် ရှုံးနိမ့်ခဲ့သည့် ခြောက်သင်းမြောက်ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

ဝုဗ်အသင်းသည် ရာသီအစ ပိုင်းကတည်းက ငါးပွဲဆက် ရှုံးနိမ့်ခဲ့သော်လည်း နည်းပြပီရီယာ ကို ဆက်လက်ထောက်ခံအားပေး ခဲ့ကာ ပြီးခဲ့သည့်ရက်သတ္တပတ် အတွင်းက သုံးနှစ်စာချုပ် ထပ်မံ စာချုပ်ချုပ်ဆိုခဲ့သည်။

နည်းပြပီရီယာသည် ပြီးခဲ့သည့် ဒီဇင်ဘာလက ဝုဗ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ကာ ခြောက်ပွဲ ဆက်အနိုင်ရရှိခဲ့ကာ တန်းဆင်းဇုန် မှလွတ်မြောက်အောင် ကိုင်တွယ် ပေးခဲ့ပြီး ယခုနှစ် ရာသီအစ ငါးပွဲဆက်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဝုဗ်အသင်းက နည်းပြပီရီယာ ကို သုံးနှစ်စာချုပ် ချုပ်ဆိုထား သော်လည်း ရာသီအစ ငါးပွဲဆက် ရှုံးနိမ့်ခဲ့ခြင်းကြောင့် အနာဂတ် မရေမရာ ဖြစ်လာခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# ဝက်စ်ဟမ်းအသင်းနည်းပြသစ်အဖြစ် နော်တင်ဟမ်အသင်းနည်းပြဟောင်း ဆန်းတို့စ် ထိပ်ဆုံးမှရေပန်းစားနေ

**လန်ဒန် စက်တင်ဘာ ၂၂**

ဝက်စ်ဟမ်းအသင်း နည်းပြ သစ်အဖြစ် နော်တင်ဟမ် အသင်းနည်းပြဟောင်း ဆန်းတို့စ် ထိပ်ဆုံးမှ ရေပန်းစားနေကြောင်း သိရသည်။

နည်းပြပေါ်တာသည် ဝက်စ် ဟမ်းအသင်းကို ပြီးခဲ့သည့် ဘောလုံးရာသီက တာဝန်ယူ ကိုင်တွယ်ခဲ့သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီကတည်းက ရလဒ် များဆိုးရွားခဲ့ပြီးနောက် ရာသီ အစပိုင်းကတည်းက နည်းပြရာထူး မှ ထုတ်ပယ်ခံရရန် ရေပန်းစား ခဲ့ခြင်းဖြစ်သည်။

အလားတူ ဝက်စ်ဟမ်းအသင်း သည် ယခုနှစ်ဘောလုံးရာသီတွင် လည်းနည်းပြပေါ်တာလက်အောက် တွင် ရလဒ်များဆက်တိုက်ဆိုးရွား နေပြီး ပြီးခဲ့သည့်ပွဲစဉ်တွင် ပဲလေ့စ် အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ငါးပွဲတွင် လေးပွဲထိ ရှုံးနိမ့်ခဲ့ပြီး နည်းပြရာထူးမှ ထုတ်ပယ် ခံရရန် ပိုမိုရေပန်းစားလာခဲ့ခြင်း ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းက ရာသီ အစပိုင်းကတည်းက ရလဒ်များ ဆိုးရွားနေသည့်အတွက် နည်းပြ အပြောင်းအလဲ လုပ်ဆောင်ရန် ကြိုးပမ်းနေပြီး ယခုအခါ ပဲလေ့စ် အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြ ပေါ်တာ၏ နေရာတွင် ဆန်းတို့စ်နှင့်အစားထိုးရန် ကြိုးပမ်း လာခြင်းဖြစ်သည်။

နည်းပြဆန်းတို့စ်သည် ပြီးခဲ့ သည့်ဘောလုံးရာသီက နော်တင် ဟမ်အသင်းကို ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ သော်လည်း အသင်းပိုင်ရှင်နှင့် ဆက်ဆံရေးတင်းမာမှုများကြောင့် ရာထူးမှ ထုတ်ပယ်ခံခဲ့ရကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : STA**

# WBC အမျိုးသမီးဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို အမေရိကန်လက်ဝှေ့မယ်တီအာရာဘရောင်း ကာကွယ်နိုင်ခဲ့

**တက္ကဆက် စက်တင်ဘာ ၂၂**

WBC အမျိုးသမီး ဖယ်သာ ဝိတ်တန်းကမ္ဘာ့ချန်ပီယံကာကွယ် ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန်လက်ဝှေ့မယ် တီအာ ရာဘရောင်းသည် စိန်ခေါ်သူ ပြင်သစ်လက်ဝှေ့မယ် အမ်မာဂွန် ဂိုရာနှင့် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ စက်တင် ဘာ ၂၀ ရက်က ထိုးသတ်ခဲ့ရာ တီအာရာဘရောင်းက ဒိုင်အမှတ် ဖြင့်အနိုင်ရရှိကာ လက်ရှိချန်ပီယံ ဆုအား ကာကွယ်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



အမှတ်ပေးဒိုင် သုံးဦးရှိသည့် အနက် ဒိုင်နှစ်ဦးက (၉၈-၉၂) မှတ်ဖြင့်လည်းကောင်း၊ ကျန်ဒိုင် တစ်ဦးက (၁၀၀-၉၀) မှတ်ဖြင့် လည်းကောင်း တီအာရာဘရောင်း အားအနိုင်ပေးခဲ့သည်။

ပထမ ငါးချီထိ တစ်ဦးနှင့် တစ်ဦး အပြန်အလှန်ထိုးသတ်နိုင် ခဲ့သော်လည်း ငါးချီနောက်ပိုင်းတွင် တီအာရာဘရောင်းက တစ်ဖက် သတ် ဖိအားပေးထိုးသတ်နိုင်ခဲ့ပြီး လက်ရှိချန်ပီယံ တစ်ဦးအဖြစ် ဆက်လက် ထိန်းသိမ်းခွင့်ရမည့် စွမ်းဆောင်ရည်များကို ပြသနိုင် ခဲ့သည်။

တီအာရာဘရောင်းက "ပထမ အချီမှာ အမ်မာဟာ ကျွန်မကို တစ်ဖက်သတ် ဖိအားပေးနိုင်ခဲ့ သလို ကျွန်မ ဘာမှလုပ်လို့ မရ အောင်လဲလုပ်ပြခဲ့တယ်။ ကျွန်မရဲ့ နည်းပြအဖွဲ့ကလဲ ဒီထက်ပိုပြီး တော့ မြန်မြန်ဆန်ဆန်နဲ့သွက်သွက် လက်လက်လေးလှုပ်ရှားထိုးသတ် နိုင်မှအဆင်ပြေတော့မယ်လို့ သတိ ပေးလာခဲ့တယ်။ နည်းပြက ဘာလို့ ဒီလိုသတိပေးတာလဲ ဆိုတာကို တော့ ကောင်းကောင်း သဘော ပေါက်ပါတယ်။ကျွန်မရဲ့ စွမ်းဆောင် ရည်တွေ လုံးဝမလုံလောက်သေး ဘူးလို့ ပြောလိုက်သလိုပါပဲ။ ဒါပေမဲ့လဲ ကိုယ့်အားနည်းချက်ကို အမြန်ဆုံးပြင်ဆင်ပြီးတော့ ငါးချီ မြောက်နောက်ပိုင်းမှာ ချန်ပီယံ တစ်ယောက်ရဲ့ စွမ်းဆောင်ရည် တွေ ပြသနိုင်ခဲ့ပါတယ်။ ငါးချီ မြောက်နောက်ပိုင်း ထိုးသတ်နိုင် ခဲ့တဲ့ စွမ်းဆောင်ရည်ကြောင့် အခုလို လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့တာပါ" ဟု ပြော ကြားခဲ့ကြောင်း သိရသည်။

**Ref : Ring Magazine**

**Trs : AZL**

# Open de France ပြိုင်ပွဲ အမှတ်ပေးဇယားကို လီမင်ဝူနှင့် ကိုပ်ကာတို့ ပူးတွဲဦးဆောင်

**ပဲရစ် စက်တင်ဘာ ၂၂**

ပြင်သစ်နိုင်ငံ စိန့်နွမ်လာဘရီ တက်ချီဒေသတွင် ကျင်းပနေသည့် Open de France ဂေါက်သီးရိုက် ပြိုင်ပွဲ တတိယနေ့အပြီးတွင် ဩစတြေးလျဂေါက်သီးရိုက်ကစား သမား လီမင်ဝူနှင့် အမေရိကန် ဂေါက်သီးရိုက်ကစားသမားကိုပ်ကာ တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက် ထက် ၁၁ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင် နေကြောင်း ယနေ့တွင် ဖော်ပြ ခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက် ကစားသမားမီချဲလ်ကင်မ်၊အီတလီ ဂေါက်သီးရိုက် ကစားသမား မစ်လီယိုဇီနှင့် အင်္ဂလန်ဂေါက်သီး ရိုက်ကစားသမား အာမီတေ့ချ် တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက် ထက် ၁၀ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာ တွင် ပူးတွဲရပ်တည်လျက်ရှိသည်။

တတိယနေ့ ပြီးဆုံးသည်ထိ အကြိတ်အနယ်ရှိခဲ့ပြီး ပြိုင်ပွဲဝင် များကြား ရိုက်ချက်ကွာဟမှု ကျဉ်းမြောင်းနေသည့် အခြေအနေ လည်းဖြစ်သည်။

ကိုပ်ကာနှင့်အတူ အမှတ်ပေး ဇယားအား ဦးဆောင်နေသည့် လီမင်ဝူသည် တတိယနေ့တွင် အကောင်းဆုံး စွမ်းဆောင်ရည် ပြသနိုင်ခဲ့ခြင်းဖြစ်ပြီး တတိယနေ့ က စွမ်းဆောင်ရည်ကို ဆက်လက် ထိန်းသိမ်းနိုင်ပါက ချန်ပီယံဆုအား မျှော်လင့်နိုင်မည်ဖြစ်သည်။

လီမင်ဝူက "တတိယနေ့ စွမ်းဆောင်ရည်အပေါ်မှာ အားရ ကျေနပ်မှုရှိပါတယ်။ အထူးသဖြင့် ဒုတိယကိုးကျင်းမှာ လုံးဝအမှား မရှိခဲ့ဘူး။ ရိုက်ချက်တိုင်းက တော်တော်လေးကို အဆင်ပြေ ခဲ့ပါတယ်။ နောက်ဆုံးနေ့မှာ အကောင်းဆုံးကစားနိုင် အောင်လဲ ပြင်ဆင်နေပါတယ်။ Range ကွင်း သွားပြီးတော့ လိုအပ်တာလေးတွေ ပြင်ဆင်လေ့ကျင့်သွားမယ်။ နောက် ဆုံးနေ့မှာ အကောင်းဆုံး လုပ်ပြ နိုင်မယ်လို့လဲ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့သည်။

ကိုပ်ကာသည် Open de France ဂေါက်သီးရိုက်ပြိုင်ပွဲ တွင် ဆုဖလားလက်မဲ့ ဖြစ်နေမှုအား အဆုံးသတ်နိုင်ရန် မျှော်လင့်နေပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်မည့် အခွင့်အရေးကောင်းများကိုလည်း ပိုင်ဆိုင်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

## အီတလီစီးရီးအေ ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်

Zay Hein

**နာပိုလီ Vs ပီဆာ**

ကစားမည့်ရက်/အချိန် ၂၃-၉-၂၀၂၅ (နံနက် ၀၁:၁၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မရှိ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| နာပိုလီ | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(ရှုံး) |
| ပီဆာ | - | ဝေး(သရေ) | အိမ်(ရှုံး) | အိမ်(ရှုံး) |

နာပိုလီအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ရှုံးနိမ့်ခဲ့တယ်ဆိုပေမဲ့ အီတလီစီးရီးအေပြိုင်ပွဲမှာတော့ ကစားသမားစုဖွဲ့ မှုအကောင်းဆုံးပုံစံမှာရှိနေပါတယ်။ တန်းတက်ပီဆာအသင်းကတော့ အဖွင့်ပွဲစဉ်မှာ အတ္တလန်တာအသင်းကို သရေကစားနိုင်ခဲ့ပေမဲ့ နောက်ဆုံး နှစ်ပွဲဆက်ရှုံးနိမ့်ထားတာကြောင့် နာပိုလီအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - နာပိုလီ ၃ - ၀ ပီဆာ

## ပြင်သစ်လီဂူး ပွဲစဉ် (၅) ပွဲကြိုသုံးသပ်ချက်

Zay Hein

**မာဆေး Vs ပီအက်စ်ဂျီ**

ကစားမည့်ရက်/အချိန် ၂၃-၉-၂၀၂၅ (နံနက် ၀၀:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ပီအက်စ်ဂျီ ၃ - ၁ မာဆေး

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| မာဆေး | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ပီအက်စ်ဂျီ | - | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

မာဆေးအသင်းဟာ အဝေးကွင်းခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိပေမဲ့ အိမ်ကွင်းနောက်ဆုံးနှစ်ပွဲဆက်မှာတော့ ဂိုးပြတ်နိုင်ပွဲတွေ ရယူထားနိုင်ခဲ့ ပါတယ်။ ဒ့ါပြင် ပီအက်စ်ဂျီအသင်းက ဒမ်ဘီလီ၊ ဒိုအူ၊ ဘာကိုလာတို့လို အဓိကတိုက်စစ်မှူးတွေ ဒဏ်ရာကြောင့် မပါဝင်နိုင်ပါဘူး။ အိမ်ရှင် မာဆေးအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - မာဆေး ၁ - ၁ ပီအက်စ်ဂျီ

# တောင်သူဝင်ငွေတိုးစေဖို့ ယာမှလယ်သို့ပြောင်းကြစို့

**မိုးငယ်**



ရှေးမြန်မာဘုရင်များလက်ထက်က စပါးကို ပြည်တွင်းစားသုံးမှု လုံလောက်ရုံအတွက်သာ စိုက်ပျိုးကြသော်လည်း ဗြိတိသျှကိုလိုနီအစိုးရ လက်ထက်တွင် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုကို ဦးစားပေး တိုးချဲ့စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသရှိ မြေများသည် နုန်းတင်မြေနုအမျိုးအစားဖြစ်ပြီး မြေဆီဩဇာ ထက်သန်ကောင်းမွန်သော်လည်း ထိုစဉ်အခါက ပျမ်းမျှစပါး အထွက်နှုန်းမှာ တစ်ဧကလျှင် ၂၈ ဒသမ ၉၀ တင်းမျှသာ ထွက်ရှိခဲ့သည်။ ဤသို့ စပါးအထွက်နှုန်းနည်းရခြင်းမှာ မြန်မာနိုင်ငံရှိ စပါးမျိုးများသည် ပင်ကိုစပါးထွက်စွမ်းအား နည်းပါးခြင်း၊ ဓာတ်မြေဩဇာ လုံးဝမသုံးစွဲကြသေးသော အချိန်ဖြစ်ခြင်းတို့ကြောင့်ဖြစ်နိုင်ကြောင်း ဆန်းစစ်တွေ့ရှိရသည်။

အထူးအထွက်တိုးစီမံကိန်း စတင်ဆောင်ရွက်ချိန် ၁၉၇၇-၁၉၇၈ ခုနှစ်တွင် အထွက်ကောင်းစပါးမျိုးများ သုံးစွဲလာခြင်း၊ စိုက်နည်းစနစ် ပြောင်းလဲခြင်းနှင့် ဓာတ်မြေဩဇာ သုံးစွဲလာခြင်းတို့ကြောင့် စပါးအထွက်နှုန်း သိသာစွာတိုးတက်လာခဲ့သည်။ အထူးအထွက်တိုးစီမံကိန်း စတင်ဆောင်ရွက်သည့်နှစ်တွင် တစ်နိုင်ငံလုံး၏ တစ်ဧကပျမ်းမျှအထွက်နှုန်း ၃၇ ဒသမ ၇၃ တင်း ထွက်ရှိလာခဲ့ပြီး အထွက်တိုးစီမံကိန်း တိုးချဲ့ဆောင်ရွက်လာသည်နှင့်အမျှ အထွက်နှုန်းတိုးတက်လာခဲ့ရာ ၁၉၈၅-၁၉၈၆ ခုနှစ်တွင် တစ်ဧကပျမ်းမျှအထွက်နှုန်း ၆၈ ဒသမ ၁၉ တင်းနှုန်းထိထွက်ရှိလာခဲ့ကြောင်း သိရသည်။ နောက်ပိုင်းကာလများတွင် မျိုးကောင်း၊ မျိုးသန့်၊ အထွက်ကောင်းမျိုးနှင့် စိုက်နည်း စနစ်များ ပြောင်းလဲသုံးစွဲလာသည်နှင့်အညီ နှစ်စဉ်တစ်နှစ်ထက်တစ်နှစ် အထွက်နှုန်းများ ပိုမိုတိုးတက်လာနေပြီဖြစ်သည်။

နိုင်ငံတော်မှ စပါးစိုက်ဧက တိုးချဲ့စိုက်ပျိုးခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းနည်းလမ်းများဖြင့် စပါးထုတ်လုပ်မှုကဏ္ဍ တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ စိုက်ဧကတိုးချဲ့နိုင်ရေးအတွက် နွေစပါးပိုမိုစိုက်ပျိုးရမည်ဖြစ်ရာ ရေရရှိရေးနည်းလမ်းများစီမံခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်စေရန် အထွက်ကောင်းမျိုးများပြောင်းလဲစိုက်ပျိုးစေခြင်း၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်း၊ သွင်းအားစုများ စနစ်တကျ ထည့်သွင်းခြင်းနှင့် လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရန် စီမံဆောင်ရွက်ခြင်း၊ လယ်ယာသုံးကိရိယာများ တိုးတက်သုံးစွဲနိုင်စေရန် အားပေးကူညီခြင်း၊ စိုက်ပျိုးစရိတ်များ တိုးမြှင့်ထုတ်ချေးပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါနည်းလမ်းများအပြင် စပါးစိုက်ပျိုးလျက်ရှိသော ဆည်ရေသောက်ဧရိယာ၊ မြစ်ရေတင်ဧရိယာအတွင်းမှ ယာမြေများကို လယ်မြေအဖြစ် ပြောင်းလဲ၍ မိုးစပါး၊ နွေစပါး နှစ်သီးစိုက်ပျိုးခြင်းဖြင့်လည်း စပါးထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲမှ လမ်းညွှန်ထားရှိသည်။

မြန်မာတစ်နိုင်ငံလုံးရှိ စပါးစိုက်ဧရိယာများ အနက် လယ်မြေတွင် ၁၃၁၀၃၅၈၆ ဧကနှင့် ယာမြေတွင် ၅၇၉၂၃၈ ဧက စိုက်ပျိုးလျက်ရှိရာ အဆိုပါ စပါးစိုက်ယာမြေများကို လယ်မြေအဖြစ် ပြောင်းလဲ စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းတိုးတက်လာပြီး ထုတ်လုပ်မှု တိုးတက်လာနိုင်မည်ဖြစ်သည်။ လက်ရှိကာလတွင် ယာမြေတွင်စိုက်သော တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၆၁ ဒသမ ၇၃ တင်းရှိ၍ လယ်မြေတွင် စိုက်ပျိုးသော တစ်ဧက စပါးပျမ်းမျှအထွက်နှုန်းမှာ ၈၁ ဒသမ ၅၄ တင်း ထွက်ရှိနေသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ရာ ယာမြေမှလယ်မြေအဖြစ် ပြောင်းလဲနိုင်မည်ဆိုပါက တစ်ဧကမှ အနည်းဆုံး စပါးတင်း ၂၀ ဝန်းကျင် ပိုမိုထွက်ရှိနိုင်မည်ဖြစ်၍ တောင်သူများ ဝင်ငွေ ပိုမိုတိုးမြှင့်ရရှိစေမည်ဖြစ်သည်။

လယ်မြေအဖြစ်ပြောင်းလဲ စိုက်ပျိုးနိုင်မည်ဆိုပါက ရေသွင်းရေထုတ်စနစ်တကျရှိပြီး မိုးခေါင်ရေရှားဒဏ် ခံနိုင်ရည်ရှိ၍ စိုက်ပျိုးချိန်မှန်ကန်စွာ စိုက်ပျိုးနိုင်ခြင်း၊ ရေကို လိုသလို သွင်း၊ ထုတ် လုပ်နိုင်ခြင်းကြောင့် စပါးအထွက်နှုန်း ပိုမိုကောင်းမွန်လာခြင်း၊ အထွက်နှုန်း တိုးတက်ရရှိခြင်းတို့ကြောင့် တောင်သူများ ဝင်ငွေတိုးတက်လာခြင်း၊ ယာမြေသည် မိုးရေကိုသာ အားကိုးရခြင်းဖြစ်ရာ မိုးသီးနှံသာ အဓိက စိုက်ပျိုးနိုင် ပြီး လယ်မြေဖြစ်လာပါက သီးထပ်သီးနှံ နွေစပါး သို့မဟုတ် အခြားသီးနှံများ စိုက်ပျိုးနိုင်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးစေမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း သီးထပ်စွမ်းအား မြင့်မားလာခြင်း၊ လယ်မြေတွင် ရေစိမ့်ဝင်မှုနှင့် မြေဆီလွှာအတွင်း အာဟာရဓာတ်များကို ပိုမိုထိန်းသိမ်းထားနိုင်ခြင်း၊ ရေထဲတွင် ပေါက်ရောက်သည့် ရေညှိတချို့သည် နိုက်ထရိုဂျင် ဓာတ်ကို ဖြည့်တင်းပေးနိုင်ခြင်းတို့အပြင် စိုက်ပျိုးရေးကိုအခြေခံ၍ ကျေးလက်စီးပွားရေး ပိုမိုတည်ငြိမ်ခိုင်မာလာခြင်း၊ တောင်သူများ ဝင်ငွေတိုးလာသည်နှင့်အမျှ ကျေးလက်ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ တိုးတက်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်ဖြစ်သည်။

ဖော်ပြပါ အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သော်လည်း ယာမြေမှ လယ်မြေပြောင်းလဲချိန်တွင် အခက်အခဲများ၊ အားနည်းချက်များလည်း ကြုံတွေ့ရနိုင်သည်။ လယ်မြေအဖြစ် ပြောင်းလဲရန် မြေပြုပြင်ခြင်း (မြေညှိ၊ ကန်သင်းတင်)၊ ရေထိန်းနိုင်သော လယ်မြေအဖြစ် အသုံးပြုနိုင်ရန် မြေဆီလွှာပြုပြင်ခြင်း၊ ရေသွင်းစနစ် တည်ဆောက်ခြင်းစသည့်လုပ်ငန်းများအတွက် ကနဦးရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်မြင့်မားခြင်း၊ ရေများများ လိုအပ်သည့်အတွက် ရေအရင်းအမြစ်ခိုင်မာရန် လိုအပ်ခြင်း စသည့်အခက်အခဲများကြောင့် စတင်ပြောင်းလဲသည့်နှစ်တွင် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်များ ရှိနိုင်မည်ဖြစ်သည်။ သို့သော်လည်း ရေရှည်တွင် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို မျှော်မှန်းပြီး ယာမြေမှလယ်မြေသို့ ပြောင်းလဲစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

❖ **စပါးစိုက်ယာမြေများကို လယ်မြေအဖြစ်ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းတိုးတက်လာပြီး ထုတ်လုပ်မှု တိုးတက်လာနိုင်မည်ဖြစ်သည်။ လက်ရှိကာလတွင် ယာမြေတွင်စိုက်သော တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၆၁ ဒသမ ၇၃ တင်းရှိ၍ လယ်မြေတွင် စိုက်ပျိုးသော တစ်ဧက စပါးပျမ်းမျှအထွက်နှုန်းမှာ ၈၁ ဒသမ ၅၄ တင်း ထွက်ရှိနေသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ရာ ယာမြေမှလယ်မြေအဖြစ် ပြောင်းလဲနိုင်မည်ဆိုပါက တစ်ဧကမှ အနည်းဆုံး စပါးတင်း ၂၀ ဝန်းကျင် ပိုမိုထွက်ရှိနိုင်မည်ဖြစ်၍ တောင်သူများဝင်ငွေပိုမိုတိုးမြှင့်ရရှိစေမည်ဖြစ်သည်။** ❖

# ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းသီးနှံ စုစုပေါင်း ၉၈၉၃ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

ကလေး စက်တင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းသီးနှံ စုစုပေါင်း ၉၈၉၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၅၂၅ ဧကနှင့်ဖူးစားပြောင်း ၈၃၆၈ ဧက စုစုပေါင်း ၉၈၉၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်းသီးနှံ စုစုပေါင်းဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ယခုနှစ် ကလေးမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးနှင့် သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ခန့်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ကုန်ကျစရိတ် ငွေကျပ် ငါးသိန်းကျော်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် Prosperity and Beyond အမည်ရှိ Group Art Exhibition ပန်းချီပြပွဲ ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် Prosperity and Beyond အမည်ရှိ Group Art Exhibition ပန်းချီပြပွဲကို စက်တင်ဘာ ၂၀ ရက်မှ စတင် ကျင်းပပြုလုပ်လျက်ရှိကြောင်း အဆိုပါပြပွဲတွင် ပါဝင်ပြသနေသည့် ပန်းချီကံကောင်းထံမှ သိရသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီအောင်ခင်(ဘဏ်)၊ ရွှေသို့ရဲမြင့်၊ ဟန်စိန်၊ လှိုင်ဝမ်း၊ ထက်အောင်ဝေ၊ ကံကောင်း၊ ကောင်းကင်၊ ကောင်းစံ၊ ကံထွန်းခေါင်၊ ကိုမောင်ဝင်းလှ၊ ကျော်မင်းထူး၊ ကျော်ငြိမ်း၊ ကျော်စွာ၊ ကြည်ဦး၊ မင်းမောင်မောင်ဆွေ၊ မွန်မြင့် (ယူကေပီ)၊ စိုးမြင့်လေး၊ စိုးနိုင်စိုး၊ သန်းဇော်၊ သိုက်ဦး၊ သီဟစံဝရ၊ သွန်းနေ၊ တင်ဝန်းနီ၊ ဦးစော၊ ဝင်းလွင်ဦး၊ ဝင်းမောင်ရွှေ၊ ဇော်ညွန့်ဖေတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် အရွယ်အစားမျိုးစုံဖြင့် ရေးဆွဲထားသော အကြောင်းအရာစုံ ပန်းချီကား ၁၀၀ ကျော်ကို စက်တင်ဘာ ၂၀ မှ ၂၄ ရက်ထိ ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"Artistic Space Art Gallery မှာ Prosperity and Beyond လို့ အမည်ပေးထားတဲ့ Group Art Exhibition ပန်းချီပြပွဲကို ပြသနေပြီဖြစ်ပါတယ်။ ဒီပြပွဲကတော့ ကျွန်တော်တို့ရဲ့ မတူညီတဲ့ အမျိုးအစား၊ ရေးဟန်တွေကို စက်တင်ဘာ၂၀ ရက်ကနေ စတင်ကာ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသနေတာဖြစ်လို့ လာရောက်ကြည့်ရှု အားပေးကြပါအုံးလို့ လေးစားစွာဖိတ်ကြားလိုက်ရပါတယ်ခင်ဗျာ"ဟု ပန်းချီကံကောင်းက ပြောပြသည်။

အဆိုပါပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ ၃၆x ၂၄ လက်မ၊၂၄x၂၄ လက်မ၊ ၁၈x၂၄ လက်မ၊ ၁၈x ၁၈လက်မတို့ဖြစ်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ်ခုနစ်သိန်းမှ အများဆုံးငွေကျပ်၁၅ သိန်းထိရှိကြောင်း သိရသည်။

ASH

# Paramount ရုပ်ရှင်ကုမ္ပဏီက Here Be Monsters ဇာတ်ကားကို ရိုက်ကူးရန်ပြင်ဆင်နေ

**နယူးယောက် စက်တင်ဘာ ၂၁**

Paramount ရုပ်ရှင်ကုမ္ပဏီသည် Here Be Monsters အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရန်ပြင်ဆင်နေကြောင်း စက်တင်ဘာ ၂၀ ရက် သတင်းများအရသိရသည်။

Here Be Monsters ဇာတ်ကားသည် ပင်လယ်ပြင်ကို နောက်ခံထား ရိုက်ကူးမည့် လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားဖြစ်သည်။

Here Be Monsters ဇာတ်ကားကို ဒါရိုက်တာ ယိုအာချင်း ရွှန်းနားက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဒါရိုက်တာ ယိုအာချင်း ရွှန်းနားသည် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Tron: Ares ဇာတ်ကားကို ရိုက်ကူးပေးထားသည့် ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Here Be Monsters ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်အိမ်အသေးစိတ်ကို Paramount ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

Here Be Monsters ဇာတ်ကားရိုက်ကူးမည့် အချိန်နှင့် ပါဝင်မည့် သရုပ်ဆောင်များကိုလည်း မသိရသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# တေးသံရှင် ဆုန်သင်းပါရ်၏ One Lady Show ကို လှိုင်မြို့နယ်ရှိ iFour - Hlaing Bar တွင် ပြုလုပ်သွားမည်




**ရန်ကုန် စက်တင်ဘာ ၂၁**

တေးသံရှင် ဆုန်သင်းပါရ်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲ One Lady Show ကို ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ iFour –Hlaing Bar တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဆုန်သင်းပါရ်ထံမှ သိရသည်။

အဆိုပါ တေးသံရှင် ဆုန်သင်းပါရ်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲ One Lady Show ကို iFour –Hlaing Bar ၌ စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး တေးသံရှင် ဆုန်သင်းပါရ်၏ သီဆိုဖျော်ဖြေမှုများကို Old–flame Music Band က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆုန်သင်းရဲ့ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေမှုကို စက်တင်ဘာ ၂၄ ရက်မှာiFour –Hlaing Bar မှာရှိပါမယ်။ ဆုန်သင်းရဲ့ ဒုတိယမြောက်တစ်ကိုယ်တော် ဖျော်ဖြေမှုမို့ အားပါးတရဖျော်ဖြေဖို့ သီချင်းတွေတော်တော်များများ ရွေးချယ်ပြီးပါပြီ။ စက်တင်ဘာညချမ်းလေးမှာ ဘယ်တော့ပဲနားထောင်နားထောင်မရိုးနိုင်တဲ့ ကမ္ဘာကြီးကကျဉ်းတယ်၊ တောင်ဇလပ်အိမ်ပြန်ချိန်၊ အကြင်နာစစ်ရင်၊ သခင်၊ ချယ်ရီမြို့တေးသီချင်းကောင်းများစွာကို follow me Band နဲ့တွဲဖက် သီဆိုပေးမှာပါ"ဟု တေးသံရှင် ဆုန်သင်းပါရ်က ပြောပြသည်။

တေးသံရှင် ဆုန်သင်းပါရ်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို iFour –Hlaing Bar ၌ စက်တင်ဘာ ၂၄ ရက် ည ၇ နာရီတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# အကောင်းဆုံးနိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆုအတွက် It Was Just an Accident ဇာတ်ကားကို ပြင်သစ်နိုင်ငံက ရွေးချယ်တင်သွင်းထား

**နယူးယောက် စက်တင်ဘာ ၂၁**

၉၈ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲ အကောင်းဆုံး နိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆုအတွက် It Was Just an Acci–dent ဇာတ်ကားကို ပြင်သစ်နိုင်ငံက ရွေးချယ်တင်သွင်းထားကြောင်း စက်တင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

It Was Just an Accident ဇာတ်ကားကို အီရန်ဒါရိုက်တာ ဂျာဖာပါနာဟီက ရိုက်ကူးပေးထားခြင်းဖြစ်သည်။

It Was Just an Accident ဇာတ်ကားသည် လျှို့ဝှက်သည်းဖို ဇာတ်ကား အမျိုးအစားဖြစ်ပြီး ထောင်ကျနေစဉ် ညှဉ်းပန်းနှိပ်စက်ခဲ့သူကို ကန္တာရထဲ၌ အရှင်လတ်လတ် မြေမြှုပ်လက်စားချေရန် ကြိုးပမ်းခဲ့သည့် အမျိုးသားတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

It Was Just an Accident ဇာတ်ကားကို အောက်တိုဘာ ၁၅ ရက်တွင် အမေရိကန်နိုင်ငံ၌ ရုံတင်ပြသရန် Neon ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# သရုပ်ဆောင် ခန့်စည်သူမိသားစုက အထွေထွေရောဂါကုဆေးရုံကြီး ခုတင် ၁၀၀၀ ဆံ့(နေပြည်တော်) ဆီးနှင့်ကျောက်ကပ်ဌာနရှိလူနာများနှင့် ဆေးရုံကြီးဆေးပဒေသာပင်အတွက် အလှူငွေ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၁**

သရုပ်ဆောင်ခန့်စည်သူမိသားစုက အထွေထွေရောဂါကုဆေးရုံကြီး ခုတင် ၁၀၀၀ ဆံ့ (နေပြည်တော်) ဆီးနှင့်ကျောက်ကပ်ဌာနရှိ လူနာများနှင့် ဆေးရုံကြီး ဆေးပဒေသာပင်အတွက် အလှူငွေ လှူဒါန်းခြင်းကို စက်တင်ဘာ၂၀ရက်က အဆိုပါဆေးရုံကြီး၌ ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ခန့်စည်သူထံမှ သိရသည်။

သရုပ်ဆောင်ခန့်စည်သူမိသားစုက အထွေထွေရောဂါကုဆေးရုံကြီး ခုတင် ၁၀၀၀ ဆံ့ (နေပြည်တော်) ဆီးနှင့်ကျောက်ကပ်ဌာနရှိ လူနာများအတွက် အလှူငွေများ ပေးအပ်ခဲ့ပြီး ဆေးရုံကြီး ဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကာ လှူဒါန်းမှုအစုစုအတွက် အလှူငွေကျပ် သိန်း ၁၅၀ ခန့် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အမေလဲ ကျောက်ကပ်ပျက်စီးနေပြီး တစ်ရက်ခြားမပျက်မကွက်ပုံမှန် ကျောက်ကပ်ဆေးနေရတဲ့အတွက် မိခင်ကြီးကိုယ်စား ကျောက်ကပ်ဝေဒနာ ပြင်းထန်စွာ ခံစားနေရတဲ့၊ ကျောက်ကပ်ဆေးနေရတဲ့ လူနာတွေအတွက် တတ်နိုင်သလောက်ပါဝင်အားဖြည့် လှူဒါန်းခဲ့ပါတယ်။ ကျောက်ကပ် ဝေဒနာရှင်တွေ သက်သောင့်သက်သာ ရှိပါစေလို့ ဆုတောင်းရင်း ကိုယ်တိုင်ကိုယ်ကျ လှူဒါန်း အားပေးခဲ့ပါတယ်။ အလှူရှင်တွေလဲ များစွာလိုအပ်နေပါတယ်"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။

အလားတူ သရုပ်ဆောင် ခန့်စည်သူမိသားစုက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ချမ်းမြေ့ရတနာ (ပရဟိတ) သီလရှင်စာသင်တိုက်တွင် သီတင်းသုံးတော်မူကြသည့် သာသနာ့အနွယ်ဝင် သီလရှင်အပါး ၇၀ ကိုလည်း စက်တင်ဘာ ၁၄ ရက်က နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# Yekyi Township supplies many bags of Hkankar paddy variety to Yangon market in July


Workers putting rice into bags at a rice mill.

**Yekyi September 21**

Local businesspersons from Yekyi Township of Ayeyawady Region sent a large number of Hnankar paddy bags to Yangon market in July, said Daw San San Maw, the owner of marine product trading depot in Yekyi Township.

In June this year, a total of 50,000 bags of 24-basket Hnankar rice were shipped from Yekyi Township to the Yangon market. In July, shipments increased to 65,000 bags of the same rice variety. Prices are reportedly as high as K85,000 per bag.

"We mainly transport and sell farm produce from Yekyi Township to the Yangon and Pathein markets. Compared to the previous month, we exported and sold more bags of rice in July. For August as well, we have received offers for large purchases of rice. With sales of paddy and rice improving, the farm produce transport and trading business is running better, and job opportunities related to this sector are also increasing," said Daw San San Maw.

It is learned that in Yekyi Township, traders systematically process farm produce including Hnankar rice and supply them mainly to the Yangon market through links with Yangon-based traders, while also continuing distribution to other regions.

Kyaw Kyaw Lin

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Plan underway to cultivate more than 8,000 acres of vegetables in Kanbalu District

**Kanbalu September 21**

According to Kanbalu District Agriculture Department, local authorities have earmarked cultivation of 8,003 acres of vegetables in Kanbalu District of Sagaing Region in coming cold season.

For growing vegetables in 2025-26 cold season, Kanbalu Township set a plan to grow 7,426 acres of vegetables and Kyunhla Township, 577 acres, totalling 8,003 acres.

During this year's winter crop cultivation season, more than 8,000 acres of vegetables are planned to be cultivated in Kanbalu District. Efforts will be made to fully meet the targeted acreage, covering crops such as cabbage, chilli, onion, Chinese cabbage, coriander, potato, cauliflower, eggplant, and radish.

"All the vegetables will be cultivated using the GAP system. Farmers are being provided with the necessary techniques to ensure production with minimal chemical residues, in line with health standards," said Daw Mar Mar Win, Staff Officer of the Kanbalu District Agriculture Department.

This year, the Township Agriculture Department in Kanbalu District is providing farmers with training on GAP-based cultivation, technical support to ensure that the harvested vegetables are healthy and safe, and assistance for farmers to expand their vegetable cultivation.

Vegetables are grown seasonally every year in Kanbalu District, and the crops have proven successful, providing household income for farming families. Relevant Township Agriculture Departments are also raising awareness among farmers on proper cultivation methods, pest prevention, and the production and use of natural fertilizers, natural pesticides, and repellents.

206

# Authorities earmark cultivation of more than 2,000 acres of garden pea in Mawlaik District

**Mawlaik September 21**

Mawlaik District Agriculture Department stated that a plan is underway to grow more than 2,000 acres of garden pea in Mawlaik District of Sagaing Region in coming cold season.

In 2025-26 cold season cultivation period, Mawlaik Township will grow 660 acres of garden pea and Phaungpyin Township 1,935 acres, totalling 2,595 acres. Farmers will start their cultivation of pea in October this year till December.

During the upcoming winter crop season this year, more than 2,000 acres of garden pea are planned to be cultivated in Mawlaik District to increase pulse production and ensure food security.

"To fully meet the targeted acreage, the necessary technologies and proper cultivation methods will be provided. Garden pea is a crop with high domestic consumption, so there is market demand and it is convenient for farmers to grow," said Daw Kywe Kywe Hlaing, Head of the Mawlaik District Agriculture Department.

Relevant Township Agriculture Departments in Mawlaik District are conducting awareness programs for garden pea farmers on achieving higher yields, using suitable and quality seeds, practicing correct cultivation methods, preventing pest infestations, and applying fertilizers systematically.

During this year's monsoon crop season, Township Agriculture Departments have also been cooperating with farmers in cultivating various pulses, providing them with quality seeds, inputs, and post-harvest technologies to help ensure better yields and quality. 206

# YeU District to grow more than 12,000 acres of lablab bean in coming cold season

**YeU September 21**

Statistics of YeU District Agriculture Department of Sagaing Region, local farmers will cultivate more than 12,000 acres of lablab bean in the district in coming cold season.

With regard to planning to grow crops in 2025-26 season, YeU Township earmarked cultivation of 6,059 acres of lablab bean, Taze Township 43 acres and Dabayin Township 5,973 acres, totalling 12,075 acres.

During the upcoming winter crop season this year, more than 12,000 acres of lablab bean are planned to be cultivated in YeU District. Efforts will be made to fully meet the targeted acreage.

"To achieve good yield and quality, farmers will be supported with pure and quality seeds, inputs, and post-harvest technologies in collaboration with them," said U Zaw Myint Tun, Head of the YeU District Agriculture Department.

It is learned that the Township Agriculture Departments in YeU District are carrying out awareness programs for lablab bean farmers to expand their cultivation acreage, improve yields, practice GAP-based farming methods, and use quality and high-yielding seed varieties.

Crops cultivated under the GAP system are known to have higher quality than those grown by other methods. They also fetch better market prices and, due to their quality, can be sold not only in domestic markets but also exported abroad, thereby providing greater benefits for farmers. 206

# Pwintbyu Township to grow more than 8,000 acres of haricot bean this year


A haricot bean plantation in Pwintbyu Township.

**Pwintbyu September 21**

Local authorities will earmark cultivation of 8,227 acres of haricot bean as monsoon crops in Pwintbyu Township of Magway Region this year.

Local farmers will start cultivation of haricot bean in cold season cultivation period in Pwintbyu Township, in October this year. Officials of Township Agriculture Department will cooperate with local farmers in growing crops on the set acreage, produce target yield, secure agricultural techniques and search quality strains of crops.

Daw Moe Mow Wai, Head of Pwintbyu Township Agriculture Department disclosed: “We earmark cultivation of 8,227 acres of haricot bean in the township this year. So, we will try our best to meet the target cultivation. Moreover, we will organize local farmers to expand sown acreage of crops, use high quality crops, systematically use fertilizers and agricultural inputs and follow GAP system.”

This year, officials of the Township Agriculture Department will conduct educative programmes for farmers who cultivate haricot bean and other crops to get high yield of crops, use quality seeds suitable for the region and prevent pests.

If farmers grow haricot bean to boost per-acre yield, it will ensure local food sufficiency, increase incomes for their families with improvement of socioeconomic life. Hence, farmers need to expand sown acreage of crops, said Daw Moe Moe Wai.

Ye Win Naing (NyaungU)

# Budalin Township plans to grow more than 2,000 acres of maize and sweet corns

**Budalin September 21**

Local authorities make preparations to grow 2,980 acres of maize and sweet corns in Budalin Township of Sagaing Region in coming cold season, according to the township Agriculture Department.

In 2025-26 cold season period, Budalin Township will cultivate 25 acres of maize and 2,955 acres of sweet corns, totalling 2,980 acres.

During the upcoming winter crop season this year, 2,980 acres of maize and sweet corn are planned to be cultivated in Budalin Township.

“To ensure the successful cultivation of maize crops, farmers will be provided with awareness programs and technical knowledge on preventing pest and disease outbreaks,” said U Phyo Wai, Head of the Budalin Township Agriculture Department.

In Budalin Township, the Agriculture Department is conducting training courses, field demonstrations, awareness programmes on prevention of fall armyworm, and integrated pest management practices such as the use of neem-based pesticides and chilli-garlic mixtures for maize farmers.

In Budalin Township, maize cultivation produces over 50 baskets per acre with a production cost of about K500,000 per acre, while sweet corn cultivation yields around 15,000 ears per acre with costs exceeding K500,000 per acre. 206


A thriving sweet corn plantation in Budalin Township.

# Kyaukmyaung Sub-Township exceeds cultivation of vegetables more than target acreage

**Kyaukmyaung September 21**

According to statistics of Kyaukmyaung Sub-Township Agriculture Department, local farmers have planted vegetables on the sown acreage exceeding the target cultivation in the sub-township of Sagaing Region this year.

In 2025-26 monsoon season, the sub-township earmarked cultivation of 4,895 acres of vegetables. Farmers started cultivation tasks in May for 4,955 acres, exceeding the target cultivation.

Daw Khin Win, Head of Kyaukmyaung Sub-Township Agriculture Department unveiled: “We plan to grow 4,895 acres of vegetables in the sub-township this monsoon. So far, farmers have planted 4,955 acres of crops. They grow mustard, chilli, spicy crops, potato, eggplant, cauliflower, and cabbage. We urged farmers to use GAP system in growing the crops and produce the healthy crops with least chemical residues.”

This year, officials of the sub-township Agriculture Department conducted training courses for local farmers and agricultural staff to enhance their capacity for growing of vegetables successfully. Moreover, they will have the techniques of following GAP system for their crops.

Vegetable plantations are thriving in Kyaukmyaung Sub-Township this year. Local farmers can earn increased income for their families from vegetable plantations. Officials of the Township Agriculture Department raise farmer awareness of using agricultural techniques, prevention of pests, systematic use of natural fertilizers and organic pesticides. 206

# Israeli army says conducted airstrikes on 100 targets across Gaza

**Jerusalem September 21**

The Israel Defense Forces (IDF) said in a statement on Saturday that its air force struck around 100 targets throughout the Gaza Strip over the past day.

It added that among the targets were underground infrastructure sites, weapons storage facilities, and militant cells.

At the same time, IDF ground troops expanded operations in Gaza City, dismantling military infrastructure such as tunnels, booby-trapped buildings, Hamas operational sites, and sniper positions, according to the statement.

It added that the troops located weapons and killed militants from Hamas' military wing in the area.

The IDF also said its troops dismantled military infrastructure and killed militants in the northern and southern Gaza Strip, including Khan Younis and Rafah.

Palestine's official news agency WAFA reported on Saturday that at least 34 Palestinians were killed and 200 others wounded in the Gaza Strip over the last 24 hours due to Israeli strikes. Xinhua

# U.S. California bans masks for immigration agents during operations

**Los Angeles September 21**

California Governor Gavin Newsom announced Saturday that he had signed a package of laws aimed at protecting immigrants in the U.S. state, with the No Secret Police Act being a first-in-the-nation measure that prohibits officers from wearing masks.


Speaking at a high school in Los Angeles, Newsom said he signed five bills into law. The No Secret Police Act broadly bars federal and local law enforcement officers from wearing face masks while performing their duties.

Newsom also signed a bill requiring state and federal law enforcement officers to identify themselves by displaying their badge numbers or names while on duty, unless working undercover.

The other three bills signed Saturday restrict Immigration and Customs Enforcement (ICE) access to schools and daycare facilities, ban hospitals and health care providers from sharing sensitive information or allowing agents to enter emergency rooms without a warrant, and require family notification when agents appear on school campuses.


"It's like a dystopian sci-fi movie," Newsom said at the event. "Unmarked cars, people in masks, people quite literally disappearing."

Xinhua


A protester is arrested by Los Angeles Police Department police officers in front of the Los Angeles Federal Detention Center, in Los Angeles, California, the United States, June 8, 2025.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## လစ်သူယေးနီးယားနိုင်ငံက Loitering Munition တိုက်ခိုက်ရေးဒရုန်းအမျိုးအစား X-WING ကို ထုတ်ဖော်ပြသခဲ့




လစ်သူယေးနီးယားနိုင်ငံ Granta Autonomy ကုမ္ပဏီက ဉာဏ်ရည်တုနည်းပညာသုံး၊ တောင်ပံပုံသေတပ်၊ ဒေါင်လိုက်အတက်၊ အဆင်း ပြုလုပ်နိုင်သော Loitering Munition တိုက်ခိုက်ရေးဒရုန်းအမျိုးအစား "X-WING"ကို ထုတ်ဖော်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပြောင်းလွယ်ပြင်လွယ်ရှိသော ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းကို အသုံးပြုထားပြီး အလေးချိန် ၁၂ ကီလိုဂရမ် (၂၆ ပေါင်) ခန့်ရှိသော အဆိုပါတိုက်ခိုက်ရေးဒရုန်းသည် ဉာဏ်ရည်တုနည်းပညာ အသုံးပြုထားပြီး ပစ်မှတ်ဆီသို့အလိုအလျောက် ထိန်းကျောင်းပျံသန်း တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ GNSS ဂြိုဟ်တုလမ်းညွှန်ထိန်းကျောင်းမှုစနစ်များကို တန်ပြန်မှုစနစ်များဖြင့်အသုံးမပြုနိုင်စေရန် ပြုလုပ်ထားသော ပတ်ဝန်းကျင်အခြေအနေမျိုး၌ပင် ပျံသန်းလုပ်ဆောင်ကာ ပုံဖျက်ဖုံးကွယ်ထားသည့် ပစ်မှတ်များကိုပင် ခြေရာခံ ထိန်းကျောင်းတိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။

သံချပ်ကာယာဉ်များကိုပင် ထိုးဖောက်တိုက်ခိုက်နိုင်စွမ်းရှိသည့် အလေးချိန် လေးကီလိုဂရမ်ရှိ ထိပ်ဖူးသယ်ဆောင်၍ ပြန့်ကျဲတိုက်ခိုက်နိုင်သည်။ အကာအကွယ်နည်းသော လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် ရေဒါစနစ်များကို အကွာအဝေး ၅၀ ကီလိုမီတာ (၃၁ မိုင်) အတွင်း ထိရောက်စွာတိုက်ခိုက်ဖျက်ဆီးနိုင်မည်ဖြစ်သည်။

X-WING ဒရုန်းတွင် Granta ကုမ္ပဏီထုတ် (စလင်ဒါပုံစံထိန်းချုပ်ကိရိယာ) စနစ်ကိုတပ်ဆင်ထားသည်။ အဆိုပါစနစ်တွင် ပုံမှန်နေ့ဘက်သုံး camera နှင့် အပူငွေ့ရှာပုံရိပ်ဖော်ကင်မရာတို့ ပါဝင်သည်။ ထို့ကြောင့် နေ့အလင်းရောင်ရှိသော အခြေအနေများနှင့် အမြင်အာရုံနည်းပါးနိုင်သည့် ညဘက်အခြေအနေများ၌ပါ ပစ်မှတ်များကို တိကျစွာထောက်လှမ်းနိုင်ပြီး မှတ်တမ်းတင်နိုင်မည်ဖြစ်သည်။

Granta Autonomy ကုမ္ပဏီမှ ထုတ်လုပ်သော X-WING ဒရုန်းသည် ယူကရိန်းစစ်မြေပြင်တွင် FPV (first-person view) ဒရုန်းများနှင့် ထောက်လှမ်းရေးဒရုန်းများ ထောက်ပံ့ခဲ့ရာမှ ရရှိသော အတွေ့အကြုံများအပေါ် အခြေခံ၍ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု သိရသည်။ ၎င်းဒရုန်းသည် "စစ်မြေပြင်တွင် လက်တွေ့ကျကျ သက်သေပြပြီးသား နည်းဗျူဟာ"၏ တိုက်ရိုက်ရလဒ်ဖြစ်ကြောင်း ကုမ္ပဏီ၏ CEO ဖြစ်သူ Guoba က ပြောကြားခဲ့သည်။

X-WING ဒရုန်းကို စစ်ရေးအရ လိုက်လျောညီထွေရှိမှုနှင့် လစဉ်အလုံးရေ ထောင်ချီ၍ အမြောက်အမြားထုတ်လုပ်နိုင်ရန်အတွက် အထူးဒီဇိုင်းထုတ်ထားသည်။ X-WING ၏ ဒေတာချိတ်ဆက်မှုစနစ်သည် မြေပြင်ထိန်းချုပ်စခန်းများတွင် အသုံးပြုသည့် ဆော့ဖ်ဝဲအများစုနှင့် သဟဇာတဖြစ်အောင် တည်ဆောက်ထားသည့်အတွက် စစ်ဆင်ရေးများတွင် ပေါင်းစပ်အသုံးပြုရန် လွယ်ကူစေသည်။ ထို့ပြင် X-WING ကို Granta ထုတ် Hornet XR အမည်ရှိ တောင်ပံပုံသေတပ်ထောက်လှမ်းရေး ဒရုန်းနှင့် တွဲဖက်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

Hornet XR ဒရုန်းသည် အကွာအဝေး ၁၆၁ ကီလိုမီတာထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။ အဆိုပါ ဒရုန်းကိုလည်း ယူကရိန်းတပ်ဖွဲ့များက စစ်မြေပြင်များတွင် လက်တွေ့အသုံးပြုနေပြီး Forbes မဂ္ဂဇင်း၏ဖော်ပြချက်အရ ၎င်းဒရုန်းသည် ပြင်းထန်သော အီလက်ထရွန်နစ် ပိတ်ဆို့မှုရှိသည့် ဒေသများတွင်ပင် လုပ်ငန်းဆောင်ရွက်နိုင်သော တစ်ခုတည်းသောဒရုန်းဖြစ်ကြောင်း သိရသည်။

**Lithuania's Granta Autonomy Debuts AI-Driven X-WING Loitering Munition ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေး Steadicopter နှင့် Para Zero ကုမ္ပဏီတို့ပူးပေါင်း၍ DropAir လေကြောင်းထောက်ပံ့ရေးစနစ်သစ်ကို တီထွင်ခဲ့




အစ္စရေးနိုင်ငံ၏ Steadicopter နှင့် Para Zero ကုမ္ပဏီတို့ပူးပေါင်း၍ DropAir အမည်ရှိ တိကျသောလေကြောင်းထောက်ပံ့ရေးစနစ်သစ်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း Next Gen Defense သတင်းဌာနက စက်တင်ဘာ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မောင်းသူမဲ့ရဟတ်ယာဉ်များသည် ယခင်ကထောက်လှမ်းရေးနှင့်စောင့်ကြည့်ရေးလုပ်ငန်းများအတွက်သာ အဓိက အသုံးပြုခဲ့သော်လည်း ယခုအခါ အရေးပါသော ထောက်ပံ့ရေးမစ်ရှင်များကိုပါ တိကျစွာ လုပ်ဆောင်နိုင်သည်ထိ တိုးတက်ပြောင်းလဲလာပြီဖြစ်သည်။ ဤနေရာတွင် Steadicopter ကုမ္ပဏီ၏ လျှပ်စစ်စွမ်းအင်သုံး Black Eagle 50E မောင်းသူမဲ့ရဟတ်ယာဉ်ငယ်၌ ParaZero ကုမ္ပဏီမှ တီထွင်ဖန်တီးထားသည့် DropAir အမည်ရှိ တိကျသော လေကြောင်းမှ ထောက်ပံ့၊ ပို့ဆောင်ပေးရေးစနစ်ကို ပေါင်းစပ်တပ်ဆင်ခဲ့ကြခြင်းဖြစ်သည်။

ထိုသို့အဆင့်မြှင့်တင်မှုကြောင့် Black Eagle 50E မောင်းသူမဲ့ရဟတ်ယာဉ်သည် ဆေးဝါးပစ္စည်းများ၊ ကျည်ဆန်များနှင့် အပိုပစ္စည်းများကဲ့သို့သော ထောက်ပံ့ရေးပစ္စည်းများကို တိကျသောနေရာများသို့ ကိုယ်ပိုင်အလိုအလျောက်ချပေးနိုင်သည့် အမြန်ထောက်ပံ့ရေးယာဉ်တစ်ခုအဖြစ် ပြောင်းလဲသွားခဲ့သည်။ ထိုနည်းပညာသည် စစ်မြေပြင်နှင့်အန္တရာယ်ရှိသော နေရာများသို့ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ရာတွင် အလွန်အသုံးဝင်လာမည်ဖြစ်သည်။

Steadicopter ၏ Black Eagle 50E ရဟတ်ယာဉ်ငယ်တွင် တပ်ဆင်ထားသော DropAir စနစ်သည် ထောက်ပံ့ရေးပစ္စည်းများကို တိကျစွာပို့ဆောင်နိုင်ရန်အတွက် နည်းပညာအဆင့်မြှင့်တင်မှုများ ပြုလုပ်ထားသည်။ ဤစနစ်သည် နှစ်မျိုးသုံး လေထီးခုန်စနစ်နှင့် အဆင့်မြင့်လွှတ်တင်မှုတို့ကို ပေါင်းစပ်အသုံးပြုထားသည်။ ထိုသို့ပေါင်းစပ်ထားသောကြောင့် လေပြင်းထန်သည့်အခြေအနေများ သို့မဟုတ် GPS အချက်ပြမှုမရရှိသည့်နေရာများတွင်ပင် ပစ်မှတ်နေရာမှ သွေဖည်သွားခြင်းမရှိစေရန် အထောက်အကူပြုသည်။

DropAir စနစ်ကို Black Eagle 50E ၏ ဒေါင်လိုက်ပျံတက်နိုင်ခြင်း၊ အချိန်ကြာမြင့်စွာ ပျံသန်းနိုင်ခြင်းနှင့် ကျစ်လျစ်သော ဒီဇိုင်းတို့နှင့် ပေါင်းစပ်ထားသည့်အတွက် စစ်မြေပြင်မှ တပ်ဖွဲ့ဝင်များကိုသာမက လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ မစ်ရှင်များတွင်လည်း အထောက်အပံ့ပေးနိုင်မည်ဖြစ်သည်။ Steadicopter ကုမ္ပဏီ CEO ဖြစ်သူ Noam Lidor က Para Zero နှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် လေကြောင်းထောက်ပံ့ ပို့ဆောင်ရေးကို ပိုမိုသွက်လက်ပြီး တိကျမှုရှိစေကြောင်း၊ တပ်ဖွဲ့ဝင်များကိုလည်း ပိုမိုထက်မြက် လျင်မြန်စွာလုပ်ဆောင်နိုင်စေပြီး ထောက်ပံ့ရေးပစ္စည်းများကို လိုအပ်သည့်နေရာနှင့် အချိန်အတိအကျတွင် ဘေးကင်းလုံခြုံမှုမထိခိုက်စေဘဲ ပေးပို့နိုင်ရန် ရည်ရွယ်ထားကြောင်း ပြောကြားသည်။

Steadicopter နှင့် Para Zero ကုမ္ပဏီတို့ ပူးပေါင်းဖန်တီးထားသော ထောက်ပံ့ရေးစနစ်သစ်သည် အစ္စရေး၏ ကာကွယ်ရေးဆိုင်ရာပို့ကုန်ထိန်းချုပ်ရေး အေဂျင်စီမှခွင့်ပြုချက်ရရှိခဲ့ပြီး နိုင်ငံတကာမှ ဝယ်ယူသူများထံသို့ တင်ပို့ရောင်းချရန် လမ်းပွင့်သွားခဲ့သည်။ Center for a New American Security ၏ အဆိုအရ အစ္စရေး၏ဒရုန်းကဏ္ဍသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့်တန်ဖိုးရှိ ပို့ကုန်များရရှိနေပြီး DropAir စနစ်ကို ပေါင်းစပ်တပ်ဆင်ခြင်းသည် ပို့ကုန်ဈေးကွက်ကို ပိုမိုတိုးချဲ့နိုင်မည့်အခွင့်အရေးတစ်ခုအဖြစ် ရှုမြင်လျက်ရှိသည်။ ထို့ပြင် DropAir စနစ်တပ်ဆင်ထားသည့် Black Eagle 50E သည် "အလိုအပ်ဆုံး ပတ်ဝန်းကျင်တွေမှာတောင် တိကျတဲ့လေကြောင်းထောက်ပံ့မှုပေးနိုင်မဲ့ အစွမ်းထက်ကိရိယာတစ်ခုဖြစ်လာပြီ"ဟုလည်း Para Zero ကုမ္ပဏီ CEO Ariel Alon က ပြောကြားခဲ့သည်။

ထိုအချက်သည် စစ်ရေးနှင့်အရပ်ဘက်သုံး နှစ်ခုစလုံးအတွက် မောင်းသူမဲ့ရဟတ်ယာဉ်နည်းပညာ၏ အနာဂတ်သည် အလွန်အလားအလာ ကောင်းနေကြောင်း ပြသနေခြင်းလည်းဖြစ်ကြောင်း သိရသည်။

**Israeli Firms Announce New Precision Airdrop Capability for Unmanned Helicopters ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# စစ်ကိုင်းမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၅၇ ဧက စိုက်ပျိုးမည်




**စစ်ကိုင်း စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၅၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဂျုံ ၃၁၀၅၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဂျုံ ၃၁၀၅၇ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့အတွက် ဆောင်ရွက်သွားမယ်။ ဂျုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေး ဆွေးနွေးတာတွေ လုပ်မယ်။ ဂျုံသီးနှံ အထွက်တိုးဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက်ပေးသွားမယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဂျုံအထွက်နှုန်း တိုးတက်ကောင်းမွန်ရေး၊ အရည်အသွေးကောင်း ဂျုံများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျုံသီးနှံ စိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧကစိုက်ပျိုးလျှင် ငွေကျပ်သုံးသိန်းခန့် ကုန်ကျစရိတ်ရှိပြီး ဂျုံတစ်ဧကစိုက်ပျိုးပါက ၂၁ တင်း ထွက်ရှိကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပခန်းစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ညောင်တုန်း စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပခန်းစပါးတင်းရေ အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ဇူလိုင်လအတွင်းက ပခန်းစပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လ တစ်လအတွင်း ပခန်းစပါးတင်းရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ညောင်တုန်းမြို့နယ်ကနေ ပြီးခဲ့တဲ့ တစ်လအတွင်း ပခန်းစပါး တင်းရေ အများအပြားတင်ပို့ ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်း ချခဲ့တဲ့ ပခန်းစပါးက ဆန်ကြမ်း အုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစား ဖြစ်ပါတယ်။ ပခန်းစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာ များနေလို့ တင်ပို့အားတက်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိ ဆန်စပါး ဈေးကွက်မှာကို ပခန်းစပါးက အဝယ်လိုက်နေတာပါ'' ဟု ညောင်တုန်းမြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လ အတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေး ရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရှင်မြို့နယ် ညောင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရှင် စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရှင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြိုင်ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ၌ ကျေးလက်နေပြည်သူများ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ညောင်ကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ မွေးမြူရေးလုပ်ငန်းများ ယခင်ကထက် တိုးချဲ့လုပ်ကိုင်ရန်အတွက် လိုအပ်သည့်ငွေကြေး အရင်းအနှီးများ ရရှိစေရန်နှင့် စီမံကိန်းမှ တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၇၉၅ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်ကုန်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၇၉၅ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း ရှင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**




# မြစ်သားမြို့နယ် သာလွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



**မြစ်သား စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် သာလွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၀ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ သာလွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့် အရှည်ပေ ၉၀၀၀၊ အကျယ်နှစ်လက်မရှိ ရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

အဆိုပါ သာလွန်ကျေးရွာ၌ ကျေးလက်နေ ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့် အရှည်ပေ ၉၀၀၀၊ အကျယ်နှစ်လက်မရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၅၆ ဒသမ ၇၀၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ယူ၍ ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ဦးဆောင်သော တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်

**နေပြည်တော် စက်တင်ဘာ ၂၁**

မြန်မာ့တပ်မတော်(ရေ)နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေတပ်)နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေတပ်) ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Cui Yuzhong ၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စက်တင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့မှထွက်ခွာကာ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ဦးဆောင်သော တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ဦးဆောင်သော တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့နှင့် North Sea Fleet ၏ Acting Commander ဖြစ်သူ Rear Admiral Wang Tianlin တို့ တွေ့ဆုံဆွေးနွေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

အဆိုပါခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက် ညနေပိုင်းတွင် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေတပ်)ဌာနချုပ်သို့ သွားရောက်ခဲ့ရာ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Cui Yuzhong နှင့် အဆင့်မြင့်အရာရှိကြီးများက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဒုတိယရေတပ်ဦးစီးချုပ်တို့သည် ရေတပ်ဂုဏ်ပြုတပ်ဖွဲ့၏ ကြိုဆိုအလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။ ၎င်းနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဌာနချုပ်ခန်းမတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေတပ်)ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် အစည်းအဝေးခန်းမတွင် နှစ်နိုင်ငံ ရေတပ်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ညပိုင်းတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေတပ်) ဒုတိယရေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဆက်လက်၍ စက်တင်ဘာ ၁၇ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့သည် ချင်းတောင်မြို့ North Sea Fleet ရှိ ဖျက်သင်္ဘော Xining သို့ သွားရောက်လေ့လာခဲ့ရာ စစ်ရေယာဉ်မှူးက အလေးပြုကြိုဆိုကာ လိုက်လံရှင်းလင်းပြသခဲ့သည်။ ၎င်းနောက် North Sea Fleet ဌာနချုပ်သို့ သွားရောက်ခဲ့ရာ North Sea Fleet Commander နှင့် အရာရှိကြီးများက တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့အား North Sea Fleet ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုအလေးပြုခဲ့ပြီး North Sea Fleet ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၈ ရက်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ရေတပ်)၏ Navy Submarine Academyသို့ သွားရောက်လေ့လာခဲ့ရာ Navy Submarine Academy ကျောင်းအုပ်ကြီးက ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုအလေးပြုခဲ့သည်။ ၎င်းနောက် Academy ၏သမိုင်းကြောင်းနှင့် လေ့ကျင့်သင်ကြားမှုများကို ရှင်းလင်းတင်ပြပြီး ကျောင်းဝင်းအတွင်းရှိ စာကြည့်တိုက်၊ Simulator၊ Trainer များကို လှည့်လည်ကြည့်ရှုခဲ့သည်။ ထို့နောက် ရေတပ်ပြတိုက်သို့သွားရောက်လေ့လာခဲ့သည်။ အလားတူ စက်တင်ဘာ ၁၉ ရက်တွင်လည်း ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့ရှိ Shanghai Hudong-Zhonghua သင်္ဘောကျင်းသို့သွားရောက်လေ့လာခဲ့ရာ သင်္ဘောကျင်းတာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့သည်။

တရုတ်နိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လင်ကွမ်းဘုရားကျောင်း၊ Great Wall အစရှိသည့် အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ၈၄ ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ရာသီဥတုအပြောင်းအလဲနှင့်ဆက်စပ်၍ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၁**

၈၄ ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ ကျင်းပရာ သက်ဆိုင်ရာပညာရှင်များက ရာသီဥတုအပြောင်းအလဲနှင့် ဆက်စပ်၍ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်၍ လွှမ်းခြုံနိုင်သော မျိုးစေ့ထုတ်လုပ်မှုစနစ်ကို ပိုမိုခိုင်မာစွာတည်ဆောက်ကာ အရည်အသွေးမြင့် မျိုးစေ့များ တောင်သူများလက်ထဲရောက်ရှိရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသနှင့်ကိုက်ညီသော မျိုးများအသုံးပြုနိုင်ရေး၊ ဒေသအလိုက် မျိုးစေ့ဖူလုံရေးအတွက် ဒေသန္တရမျိုးစေ့စနစ်ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် တောင်သူတိုင်းကိုယ်တိုင်မျိုးစေ့ထုတ်လုပ်နိုင်စေရန် မျိုးစေ့ထုတ်နည်းပညာများ စနစ်တကျမျှဝေပေးပြီး တောင်သူကိုယ်တိုင် ပူးပေါင်းပါဝင်သည့် မျိုးစေ့ထုတ်စနစ် ဖွံ့ဖြိုးတိုးတက်လာရေး ဦးတည် ဆောင်ရွက်သွားစေလိုကြောင်း၊ ယခုအခါ မျိုးစေ့ထုတ်ကုမ္ပဏီများ ပေါ်ပေါက်လာသော်လည်း စိုက်ပျိုးဧရိယာအားလုံးအတွက် ဖူလုံရန်လိုအပ်လျက်ရှိကြောင်း၊ ပြည်ပမှ မျိုးစေ့တင်သွင်းအသုံးပြုရခြင်းသည် ရေရှည်အတွက် အဖြေမဟုတ်ကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယုမွန်က မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဂေဟဇုန်များ၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ အပူလွန်ကဲသည့်ဖြစ်စဉ်များ၊ ရာသီဥတုပြောင်းလဲမှု၊ရာသီဥတုပြောင်းလဲမှုကိုဖြေရှင်းရန်နည်းလမ်းများ၊ ဒေသအလိုက် မျိုးစေ့ဖူလုံရေးဆောင်ရွက်ရန်နည်းလမ်းများ၊ ရာသီဥတုဒဏ်ခံနိုင်သည့် သီးနှံမျိုးများထုတ်လုပ်ခြင်း၊ ဒေသအလိုက် ရာသီဥတုဒဏ်ခံနိုင်သည့် မျိုးများ စိုက်ပျိုးရွေးချယ်ခြင်း၊ ပွားများခြင်း၊ မျိုးစေ့ရှင်သန်နိုင်စွမ်းအားတို့နှင့်ပတ်သက်၍ တင်ပြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို အသေးစိတ်ရှင်းလင်းဖြေကြားသည်။



၈၄ ကြိမ်မြောက်ကျင်းပသည့် အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်များ၊ သုတေသီများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တောင်သူများတက်ရောက်ကြပြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူ ၂၁၈ ဦးတို့က Zoon point ၁၀၀ မှ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်မြို့ရှိ အနုပညာဗဟိုဌာနတည်ဆောက်မှုလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး



**ရန်ကုန် စက်တင်ဘာ ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မင်းဓမ္မလမ်းပေါ်ရှိ အနုပညာဗဟိုဌာန (Myanmar Art Center-Yangon)သို့ရောက်ရှိပြီး တည်ဆောက်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို ဆောက်လုပ်ရေး ရှင်းလင်းဆောင်တွင် Myanmar Land and Development Limited ဆောက်လုပ်ရေးကုမ္ပဏီ Managing Director ဦးသန့်ဇင်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော လုပ်ငန်းခုနစ်ခု၏ ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး Project Director ဒေါ်ယုယုနိုင်က လုပ်ငန်းပြီးစီးမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်း အဆင့်တိုင်းဆောင်ရွက်ရာ၌ စံချိန်စံညွှန်းမီအောင်ဆောင်ရွက်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်အရည်အသွေးစံနှုန်းများနှင့်အညီ သုံးစွဲရေး၊ Structure ပါအတိုင်း အဆင့်တိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အရည်အသွေးစစ်ဆေးရေးအဖွဲ့(QC Team)က အလေးထားစစ်ဆေးသွားရေး၊QC Reportတင်ပြပေးရေး၊ လိုက်နာဆောင်ရွက်မှု မှတ်တမ်းထားရှိစစ်ဆေးကြီးကြပ်ပေးရေး၊ ငလျင်ရစ်ချ်တာစကေး ၈ ဒသမ သုည ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ရေး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း ရေဂါလန် ၃၀၀၀၀ ဆံ့ Ground Tank နှစ်လုံး တည်ဆောက်ပြီးစီးမှုကို လည်းကောင်း၊ ရှစ်လက်မ Tube Well တူးဖော်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ Steel Structure သန့်ရှင်းရေးနှင့်ဆီဆေးသုတ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ RC Wall နံရံများအချောကိုင်ခြင်း၊ ရေလုံဆေးသုတ်ခြင်းလုပ်ငန်းများ၏ ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အနုပညာဗဟိုဌာန (Myanmar Art Center-Yangon)ကို ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရပ်များ တင်ဆက်နိုင်မည့် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာနအဖြစ် ဖျော်ဖြေရေးအတွက်သာမက အနုပညာဆိုင်ရာပြပွဲ၊ ပြိုင်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အနုပညာနှင့် ဆက်စပ်သော ဟောပြောပွဲများ ပြုလုပ်နိုင်ရန်အတွက် ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါအနုပညာဗဟိုဌာနကြီး တည်ဆောက်ပြီးစီးပါက နိုင်ငံတကာမှ လာရောက်သော ယဉ်ကျေးမှုပဒေသာကပွဲများ၊ ကဇာတ်၊ ပြဇာတ်နှင့် တေးဂီတသံစုံ ဖျော်ဖြေတီးခတ်မှုများ၊ တေးဂီတဆိုင်ရာဖျော်ဖြေမှုများ၊ အနုပညာနှင့်ဆက်စပ်သော ပန်းချီ၊ ပန်းပုဆိုင်ရာ ပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အနုပညာဆိုင်ရာ ပညာပေးဟောပြောမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဂီတ၊ သဘင်၊ ရုပ်ရှင်၊ ပန်းချီ၊ ပန်းပုနှင့် စာပေနယ်ပယ်အသီးသီးမှ မြန်မာအနုပညာရှင်လူငယ်များအနေဖြင့် မိမိတို့၏ အနုပညာရပ်များကို ကမ္ဘာသို့ဖော်ထုတ်ပြသနိုင်မည်သာမက ကမ္ဘာ့အနုပညာအသီးသီးနှင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းကောင်းများရရှိစေမည့် အနုပညာဗဟိုဌာနတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး




**နေပြည်တော် စက်တင်ဘာ ၂၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်ရှိ ရက်ကန်းနှင့်သက်မွေးပညာ သင်တန်းကျောင်း၌ လက်ရက်ကန်း ခြောက်လသင်တန်း၊ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင် တစ်နှစ်သင်တန်း တက်ရောက်လျက်ရှိသော သင်တန်းသူများ၏လက်တွေ့ဆောင်ရွက်နေသည့် ပအိုဝ်းခေါင်းပေါင်း၊ ခနုလုံချည်နှင့် ဒေသခံတိုင်းရင်းသားဝတ်စုံများ ရက်လုပ်နေမှုကိုလည်းကောင်း၊ စက်ရက်ကန်းရက်လုပ်ခြင်း၊ ချားပုတ်ခြင်း၊ ချည်ချခြင်းနှင့် ဂျပ်ခုတ်လုပ်ငန်း လက်တွေ့သင်ယူနေမှုကိုလည်းကောင်း၊ ရက်ကန်းသင်တန်းကျောင်းအလိုက် ပအိုဝ်းတိုင်းရင်းသူ၊တိုင်းရင်းသားဝတ်စုံရက်လုပ်နေမှုကို လည်းကောင်း စားရိပ်သာနှင့်သင်တန်းသူအိပ်ဆောင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအုပ်ကြီး၊ နည်းပြဆရာ၊ဆရာမများ၊ သင်တန်းသူများနှင့်တွေ့ဆုံ၍ ရိုးရာယဉ်ကျေးမှုကိုအခြေခံသော ခေတ်မီဒီဇိုင်းဆန်းများ တီထွင်ဖန်တီးရေး၊ ထူးချွန်သူများကို မန္တလေးမြို့ရှိ ဆောင်းဒါးရက်ကန်းနှင့်သက်မွေးပညာသိပ္ပံတွင် ဖွင့်လှစ်သော ဖက်ရှင်နှင့်ဒီဇိုင်း ခြောက်လသင်တန်းသို့ ချိတ်ဆက်တက်ရောက်ရေး၊ သင်တန်းဆင်းများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးရန်မှာကြားပြီး သင်တန်းသူများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အေးသာယာစက်မှုဇုန်၌ မြန်မာ့ဩဘာလုပ်ငန်းစုနှင့် ရောဝတီမျိုးစေ့ကုမ္ပဏီတို့ ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့သည့် Grain & Edible Oils ကုမ္ပဏီလီမိတက်၏ တောင်သူများနှင့် အကျိုးတူကန်ထရိုက်လယ်ယာစနစ်ဖြင့် ပြောင်းစိုက်ခြင်း၊ ပြောင်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် ပြောင်းအခြောက်ခံစက်ရုံနှင့် သိုလှောင်ရုံဖွင့်ပွဲသို့တက်ရောက်ပြီး စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဂုဏ်ပြုအမှာစကားပြောကြားကာ စက်ရုံတည်ဆောက်မှုမှတ်တမ်းဗီဒီယိုကိုပြသပြီး စက်ရုံမှတာဝန်ရှိသူတစ်ဦးက စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ အေးသာယာစက်မှုဇုန် အကွက်ကြီးအမှတ်(၁၀၂)ရှိ UNI ENERGY ကုမ္ပဏီ၏ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကိုလည်းကောင်း၊ တော်ဝင် TGI ကုမ္ပဏီလီမိတက်၏ U Nyi အင်းလေးချည်ဆေးဆိုးပန်းရိုက်လုပ်ငန်းကိုလည်းကောင်း၊ စစ်မှုထမ်းဟောင်းအိမ်ရာများကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဟဲကယ်-မန်ကျည်းပင်ကျေးရွာချင်းဆက်လမ်း အရှည် ၃ ဒသမ ၈ ဖာလုံကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာသူ၊ကျေးရွာသားများနှင့်တွေ့ဆုံပြီး စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုမှာကြားကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### မိုးထစ်ချုန်းခြင်းတို့ဖြစ်ပေါ်နိုင်မှ

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲအသီးသီးမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားဝါသနာရှင်များ စုစုပေါင်း ဦးရေ ၂၅၀၀ ခန့် တက်ရောက်အားပေးကြသည်။



အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အခြေခံပညာကျောင်းများ၏ အားကစားပြိုင်ပွဲများကို ကျောင်းအဆင့်၊ မြို့နယ်အဆင့်ပြိုင်ပွဲများ ကျင်းပခဲ့ပြီး ယခုတိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတွင် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ ကြက်တောင် စသည့်အားကစားနည်း ခုနစ်မျိုးဖြင့် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ထူးချွန်အားကစားသမားများအနေဖြင့် ၂၀၂၅ ခုနှစ် ဘရူနိုင်းနိုင်ငံတွင် ကျင်းပမည့် ၁၄ ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲ (Asean School Games)၌ မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် သွားရောက်ယှဉ်ပြိုင်သွားနိုင်ရေးအတွက် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း၊ ပညာသင်ကြားရေးပိုင်းတွင် ထူးချွန်ထက်မြက်သော အသိပညာရှင်အတတ်ပညာရှင်များဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးစားသင်ယူနေကြရမည်ဖြစ်ပြီး အားကစားကဏ္ဍတွင်လည်း ကျောင်းလက်ရွေးစင်အားကစားသမားများအဖြစ်မှ နိုင်ငံလက်ရွေးစင် အားကစားသမားများဖြစ်သည်ထိ ဖွဲလုံ့လအပြည့်ဖြင့် ကြိုးစားသွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အခြေခံပညာကျောင်းသားအားကစားပွဲတော်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားကို အစီအစဉ်တိုင်း ဆက်လက်ကျင်းပပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူဦးရေ ၈၀၀ က ကိုယ်ကာယလေ့ကျင့်ခန်း အတွဲ(၃၊၄) နှင့် Physical Fitness Exercise ကကွက်တို့ဖြင့် သရုပ်ပြတင်ဆက်မှုများနှင့် ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၀၀၊ မီတာ ၂၀၀ နှင့် မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနပိုင် အုတ်ကျင်းသိုလှောင်ရုံကို မျိုးစေ့၊ ပိုးသတ်ဆေးနှင့် စိုက်ပျိုးရေးသွင်းအားစုများ သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းအတွက် ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် မာလာမြိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းဦးစီးဌာနပိုင် အဆောက်အအုံ ငှားရမ်း၍ စိုက်ပျိုးရေးလုပ်ငန်းသုံး ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည့် စိုးအဏ္ဏဝါကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ Fresh & Green ကုမ္ပဏီမှ အနောက်ကြို့ကုန်းရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေအား ငှားရမ်း၍ ကောက်ပဲသီးနှံ၊ အသားငါး၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ အအေးခန်းစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ မြို့နယ်အားကစားခန်းမတွင် ကျင်းပသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ကျောင်းများနှင့် သင်ကြားမှုထူးချွန် ဆရာ၊ ဆရာမများကို ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ကိုးဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၁၇ ဦးတို့ကိုလည်းကောင်း၊ ဘက်စုံထူးချွန် လူရည်ချွန် (Grade-9) ကျောင်းသားတစ်ဦးနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများနှင့် ဂုဏ်ထူးရရှိအောင်သင်ကြားပေးခဲ့ကြသည့် ဆရာ၊ ဆရာမများကိုလည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်ပြီး ဒုတိယဝန်ကြီးက ပညာရေးစာကြည့်တိုက်၊ လူမှုရေးအသင်းများ၊ မဟာအတုလမြတ်မုနိရုပ်တော်မူဘုရားကြီး ဘက်စုံပြုပြင်ရန်နှင့် ဘိုးဘွားရိပ်သာတို့အတွက် အလှူငွေများပေးအပ်သည်။



ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပန်းပဲစုကျေးရွာ တောင်သူ ဦးလှဘော်၏ လယ်မြေတွင် ပေါ်ဆန်းစပါးမျိုး ၁၁ မျိုး မျိုးယှဉ်ပြိုင်ကွက်တွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျရောစပ်ကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပြန့်ပွားရေးစင်တာ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ဓာတ်မြေဩဇာအသုံးပြုမှု လျှော့ချခြင်းဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကို အကျိုးဖြစ်စေရေး၊ မြေဆီလွှာ၏ ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနှင့် ဇီဝဂုဏ်သတ္တိများ ထိခိုက်ပျက်စီးမှုကင်းဝေးပြီး မြေဆီလွှာ၏ ကျန်းမာရေးကောင်းမွန်စေရေး၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ထည့်သွင်းခြင်းဖြင့် မြေဆီလွှာအတွင်း အာဟာရဓာတ် ဖြစ်ပေါ်ပြောင်းလဲမှုကို အထောက်အကူဖြစ်စေရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တောင်သူများကို သွင်းအားစု သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ရန်ကုန်မြို့ရှိ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေမှုများကို ဒုတိယဝန်ကြီး ဦးထိန်လင်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၁**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ဒုတိယအမြဲတမ်းအတွင်းဝန်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဝေဇယန္တာလမ်း အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမသို့ ရောက်ရှိပြီး လေ့ကျင့်အသုံးပြုလျက်ရှိသည့် ခုံများသန့်ရှင်းစေရေး၊ မီးအလင်းရောင်လုံလောက်စွာ ရရှိစေရေး ကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံ သေနတ်ပစ် အားကစားအဖွဲ့ချုပ်သို့ ရောက်ရှိ၍ (25m RANGE) သေနတ်ပစ်ကွင်းရှိ အမိုးအကာကြံ့ခိုင်မှုအခြေအနေနှင့် ပစ်ခတ်စဉ်များ၊ စက်ပစ်ကွင်းအနေအထားများ၊ စားရိပ်သာသန့်ရှင်းသပ်ရပ်စွာထားရှိမှုအခြေအနေ၊ ချက်ပြုတ်ပြင်ဆင်ထားရှိမှု၊ ဒဂုံမြောက်ရေကူးကန်ရှိ ရေကူးကန်များ၊ မီးလိုင်းများ၊ သန့်စင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း၊ အားကစားရုံများနှင့် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများ လေ့ကျင့်နေသည့် နေရာများ၊ စားရိပ်သာတို့၌ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေ၊ မီး၊ သန့်စင်ခန်းများ အဆင်ပြေစွာ အသုံးပြုနိုင်စေရေး၊ လေ့ကျင့်ရေးပစ္စည်းများ ပြည့်စုံစွာရရှိစေရေး၊ ရေကူးကန်သို့ လာရောက်ရေကူးရာတွင် ရေကူးသူများနှင့် မိဘပြည်သူများ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်စေရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်



၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၁**

၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ကျော်ကျော်ဟန် ဦးဆောင်ပြီး တပ်ဖွဲ့ဝင်အင်အား ၂၁၄ ဦး၊ စာရေးဝန်ထမ်း သုံးဦးနှင့် မိသားစုဝင်ဦးရေ ၄၀ စုစုပေါင်း ၂၅၇ ဦးတို့က ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး မိသားစုက ကော်ဖီ၊ ကောက်ညှင်းပေါင်း၊ အကြော်၊ ရေသန့်ဘူးတို့ဖြင့် ကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၆၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၁**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၂၂ရက်မှ ၂၈ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၆၁၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ဆင်သေ-နန်ဖာ အမာခံမြေသားလမ်း ၁၉ မိုင်အနက် အတက်အဆင်း မတ်စောက်သည့် ငါးဖာလုံကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ဒေသခံကျေးရွာ ခြောက်ရွာမှ ဒေသခံပြည်သူ ၄၂၆၁ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေကျပ် ၄၁၇၃ ဒသမ ၂၆၁ သန်းဖြင့် လမ်းတာချဲ့ခြင်း ၁၀ မိုင်၊ မြေသားလမ်း ရှစ်မိုင်၊ အမာခံလမ်း ရှစ်မိုင်၊ ကျောက်လမ်း နှစ်မိုင်၊ ကွန်ကရစ်လမ်း ငါးဖာလုံ၊ ကွန်ကရစ်တံတား တစ်စင်း၊ Box Culvert ၂၇ စင်း၊ ကျောက်တောင်မိုင်းခွဲခြင်း သုံးဖာလုံ၊ စက်ရေတွင်း တစ်တွင်း၊ အုတ်ခြံစည်းရိုးကာရံခြင်း ၁၈၆၃ ပေ၊ သာသနာရေးအဆောက်အအုံ တစ်ခု၊ သဘာဝဘေးကြောင့် မြေပြိုမှုဖယ်ရှားခြင်းလုပ်ငန်း သုံးခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာကွန်ဂရက်သို့ ဒုတိယဝန်ကြီး ဦးအောင်မြိုင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင်ကျင်းပသည့် ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာကွန်ဂရက် (The Second International Technology Congress-ITC) သို့ တက်ရောက်ရန် စက်တင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့မှ ရုရှားနိုင်ငံ မော်စကိုမြို့သို့ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ပြီး စက်တင်ဘာ ၂၀ ရက်ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။




နိုင်ငံတကာနည်းပညာကွန်ဂရက်ကို ရုရှားနိုင်ငံ မော်စကိုမြို့ရှိ Patriot Expo တွင် သုံးရက်ကြာ ကျင်းပပြုလုပ်ခဲ့ပြီး ကွန်ဂရက်တွင် မျက်နှာစုံညီအစည်းအဝေး (Plenary Session) များ၊ ခေါင်းစဉ်အလိုက် ပြုလုပ်သည့် နည်းပညာဖိုရမ်များ၊ နည်းပညာသစ်များကို သရုပ်ဖော်ပြသသည့် Demonstration Session များကို သီးခြားစီ ပြုလုပ်ခဲ့သည်။ ကွန်ဂရက်ကာလအတွင်း ရုရှားနိုင်ငံမှ နည်းပညာကုမ္ပဏီကြီးများကလည်း ပြခန်းများ ဖွင့်လှစ်ပြသခဲ့သည်။

ဒုတိယအကြိမ်နိုင်ငံတကာနည်းပညာကွန်ဂရက်၏ International Plenary Session ကို ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organisation) ၏ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် စိတ်ချယုံကြည်ရသည့် နည်းပညာများ (Digital Compass. Partner Dialogue: course towards trusted technologies) ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပရာ ဒုတိယဝန်ကြီးက အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

ဒုတိယအကြိမ်နိုင်ငံတကာနည်းပညာကွန်ဂရက်၏ "International cooperation for the development of next-generation industrial automation systems forum" ကို စက်တင်ဘာ ၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပရာ ဒုတိယဝန်ကြီးက စက်မှုလုပ်ငန်းများတွင် လူသားကြီးကြပ်မှုမလိုဘဲ အလိုအလျောက်ဆောင်ရွက်သည့် automation စနစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးဆောင်ရွက်ရမည့်အကြောင်းအရာများ ခေါင်းစဉ်ဖြင့် အမှာစကားပြောကြားသည်။

ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာကွန်ဂရက်၏ ဒုတိယအကြိမ် International Plenary Session ကို လုပ်သားများ၏ထုတ်လုပ်မှုအား မြှင့်တင်ပေးရာတွင် နည်းပညာသစ်များ၏ အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပရာ ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။

အစည်းအဝေးများတွင် ဒုတိယဝန်ကြီးက စိတ်ချယုံကြည်ရသည့် နည်းပညာများ (trusted technologies) ကို မြန်မာနိုင်ငံအပါအဝင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် မိတ်ဖက်နိုင်ငံများအားလုံး ပါဝင်အသုံးပြုနိုင်စေရန် အချက်များကိုလည်းကောင်း၊ ဆိုက်ဘာလုံခြုံရေးမြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စများကိုလည်းကောင်း၊ စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်ကို အားလုံးပါဝင်နိုင်သည့်ပုံစံမျိုးဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်နည်းပညာနှင့် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အပါအဝင် နိုင်ငံတကာနှင့်လက်တွဲပြီး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ထည့်သွင်းဆွေးနွေးသည်။

ဒုတိယအကြိမ်နိုင်ငံတကာနည်းပညာကွန်ဂရက်သို့တက်ရောက်နေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်သည့် ရုရှား-အာဆီယံ နည်းပညာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့လည်း ပါဝင်တက်ရောက်ပြီး ဒစ်ဂျစ်တယ်စီးပွားရေး၊ ဆိုက်ဘာလုံခြုံရေး၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အီးကောမာ့စ်၊ အိုင်တီပစ္စည်းများနှင့် Software ထုတ်လုပ်သည့် ကဏ္ဍများတွင် အာဆီယံနှင့် ရုရှားနိုင်ငံတို့အကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို အာဆီယံနိုင်ငံများကိုယ်စား ပါဝင်ဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒုတိယအကြိမ် နိုင်ငံတကာ နည်းပညာကွန်ဂရက်တွင် ပြသထားသည့် ပြခန်းများသို့ ရုရှားနိုင်ငံ စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏အစီအစဉ်ဖြင့် လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုများအပေါ် ပြန်လည်ဆွေးနွေးခဲ့သည်။

ယခုနှစ်ပြုလုပ်သည့် နိုင်ငံတကာနည်းပညာကွန်ဂရက်သို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်မှ ကိုယ်စားလှယ် စုစုပေါင်း ၄၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပညာရေးဝန်ကြီးဌာန**

**အဆင့်မြင့်ပညာဦးစီးဌာန**

**ကြေညာချက်**

**အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များကို အောက်ပါအတိုင်း ကြေညာလိုက်သည်-

| သင်တန်း | | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|---|
| ပထမအသုတ် အဝေးသင် သိပ္ပံအထူးပြု ဘာသာရပ်များအားလုံး | - | ၁-၁၀-၂၀၂၅ မှ ၉-၁၀-၂၀၂၅ ထိ |
| ဒုတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | - | ၂၄-၁၀-၂၀၂၅ မှ ၃၀-၁၀-၂၀၂၅ ထိ |
| တတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | - | ၁၃-၁၁-၂၀၂၅ မှ ၂၁-၁၁-၂၀၂၅ ထိ |

**အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန**

## နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၁**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း(Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**အိမ်ပြင်ပဒွိထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ၂၀၂၅ ခုနှစ် စက်တင်ဘာလ တတိယ ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်မှ ၃၀ ရက်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၉ ဒီဂရီဖာရင်ဟိုက်မှ ၇၈ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၉ ဒီဂရီဖာရင်ဟိုက်မှ ၈၈ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၉ ဒီဂရီဖာရင်ဟိုက်မှ ၉၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၅၈ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၈၆ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၂၀ မီလီမီတာမှ ၃၁ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့်အနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၃၂ မီလီမီတာမှ ၄၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။


**မြေဆီလွှာအောင်းရေအခြေအနေ**

မကွေးတိုင်းဒေသကြီးတွင် (ခြောက်သွေ့)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### နေစဉ်ကျွှာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို
လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –

**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများ ဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Naing Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက်နေ နိုင်ဝင်း(ခ) ဘော်နီအာမိန်းအား ညနေ ၅ နာရီ မိနစ် ၅၀ တွင် သန်လျင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

☆ **ကျောဖုံးမှအဆက်**

တိုက်စစ်ဆင် ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၈၈ မိနစ်တွင်အိုတိုဆိုင်တိုက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် သစ္စာအားမာန်အသင်းက အနိုင်ရလဒ်ကို ထိန်းချုပ်ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် သစ္စာအားမာန်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၇) အဖြစ် စက်တင်ဘာ ၂၂ ရက် ညနေ ၄ နာရီတွင် မဟာယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ချမှတ်

**နေပြည်တော် စက်တင်ဘာ ၂၁**

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်နေ မ----- ၂၀ နှစ်၊ မ----- ၁၈ နှစ်နှင့် မ----- ၁၆ နှစ်တို့ကို ၎င်းတို့ ကျိုင်းတုံမြို့ရှိ Bar များတွင် အလုပ်လုပ်ခဲ့စဉ်က ခင်မင်ခဲ့သည့် ကျိုင်းတုံမြို့နယ် နောင်ကုန်းအုပ်စုနေ ကဗျာမေ(ခ)နာသဲနဲ ၁၆/၂၀၂၅ နှစ်က မိုင်းယောင်းမြို့တွင် ကုမ္ပဏီသူဌေး တရုတ်နိုင်ငံသားများက ကောင်မလေးခေါ်နေကြောင်း၊ တရုတ်နိုင်ငံသားများနှင့် ပေါင်းသင်းနေထိုင်ပါက တစ်လလျှင်ယွမ် ၁၅၀၀၀၊ ၂၀၀၀၀ ခန့် ရမည်ဖြစ်ကြောင်း စည်းရုံးပြောဆိုသဖြင့် သဘောတူခဲ့ကြောင်း၊ ၎င်းတို့ သုံးဦးကို ကဗျာမေ(ခ)နာသဲနဲ နှင့် ခင်ပွန်း အားဘာတို့က မိုင်းပေါက်မြို့နေ ဂျော်နီ(ခ)ဂျော်လီ၊ ၁၇/၂၀၂၅ နှစ်ထံ ပို့ဆောင်ခဲ့ကြောင်း၊ ဂျော်နီ(ခ)ဂျော်လီက အထူးဒေသ(၂) မိုင်းပေါက်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ကျိုင်းတုံမြို့မရဲစခန်းက (ပ) ၄၂/၂၀၂၅နှင့် (ပ)၄၃/၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈ (က)/၄၄ တို့ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။

စက်တင်ဘာ ၁၈ ရက်တွင် ကလေးသူငယ်တရားခံ ကဗျာမေ(ခ)နာသဲနဲနှင့် ဂျော်နီ(ခ)ဂျော်လီတို့ နှစ်ဦးကို ကျိုင်းတုံမြို့နယ်တရားရုံးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ ၈၈(ဂ)အရ အမှုတစ်မှုချင်းစီအတွက် အလုပ်မဲ့ထောင်ဒဏ် သုံးနှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံအားဘာအား ကျိုင်းတုံခရိုင်တရားရုံးက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀ တပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်နေ မ----- ၂၀/၂၀၂၅ နှစ် သည် ဗန္ဓုလပန်းခြံသို့ သွားရောက်လည်ပတ်ရာ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်နေ မခင်လှရီ(ခ)မရှည်က လာရောက်မိတ်ဆက်ပြီး တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ငွေကျပ် သိန်း ၅၀ ရမည်၊ စရိတ်ကုန်ကျခံ၍ ပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆို၍ မြောက်ဥက္ကလာပမြို့နယ်ရှိ တည်းခိုခန်းတစ်ခုတွင် နေထိုင်စေခဲ့ကြောင်း၊ လေးရက်ခန့်အကြာ လှိုင်သာယာမြို့နယ် ရွှေဥက္ကံရပ်ကွက်နေ မသဲအိကျော်(ခ)သဲသဲက တစ်ရပ်ကွက်တည်းနေ မ-----၁၇ နှစ်ကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ်လုပ်ကိုင်ရန် စည်းရုံးပြောဆိုပြီး တည်းခိုခန်းသို့ လာရောက်ပို့ဆောင်ခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးကို မခင်လှရီ (ခ)မရှည်က တရုတ်နိုင်ငံသို့ပို့ဆောင်ရန် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ခေါ်ဆောင်လာစဉ် ဖမ်းဆီးရမိခဲ့သဖြင့် ပုသိမ်ကြီးမြို့နယ်အုန်းချောနယ်မြေရဲစခန်းက (ပ) ၈၈/၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၁၉ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးက တရားခံ မခင်လှရီ(ခ)မရှည်နှင့် မသဲအိကျော်(ခ)သဲသဲတို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❑ **ဖမ်းဆီးရမိမှ**

တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၈ ရက်တွင် ဘားအံမြို့ သာယာကုန်းကျေးရွာအနီး ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၈ မျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၆၅၄၀၀၀ ကိုလည်းကောင်း၊ ဘားအံမြို့ အိန္ဒုကျေးရွာ ရွှေသရက်ပင်ကြီး စားသောက်ဆိုင်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၇ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၂ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၉၁၀၆၅၀၀ ကိုလည်းကောင်း၊ ဘားအံမြို့ ထီးပို့ကလို့ကျေးရွာအနီးရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၄ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၉၂၇၄၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၃၆၈၇၉၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၆ ရက်တွင် ဘုရားကြီးမြို့နယ်အတွင်း၌ တရားမဝင်သစ်မာ သုညဒသမ ၈၃၅ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၇၉၃၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၇ ရက်တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ရှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၆ ရက်တွင် ရပ်စောက်မြို့နယ် ကောင်းဘို့ကျေးရွာအနီး၌ မော်တော်ယာဉ် ၂၂ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၆၉၁ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၄၅ မျိုး၊ စားသောက်ကုန်ပစ္စည်း ၄၅ မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း ကိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၆၄၄၅၀၉၂ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck ၁၀ စီး၊ Nissan Diesel Truck ခြောက်စီး၊ Hino Profia Truck လေးစီး၊ Mitsubishi Canter Truck နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ရွာင်မြို့နယ် မြို့ကြီးကျေးရွာအနီး၌ မော်တော်ယာဉ် ၁၃ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၃၄ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၂၇ မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၈၈၉၆၆၉၉ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Charm Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Doh Shwe Myanmar Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Dong Feng Tractor Head သုံးစီး၊ Man Tractor Head တစ်စီး၊ Howo Sino Tractor Head တစ်စီး၊ Nissan UD Tractor Head တစ်စီး၊ Gemlyon Tractor Head တစ်စီး၊ Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ၁၀ တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၅၀၀၀၀၀၀ ကိုလည်းကောင်း၊ စက်တင်ဘာ ၁၇ ရက်တွင် ပင်လုံမြို့ ရပ်ကွက် (၂) ရှိ ဂိုဒေါင် တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀ ကိုလည်းကောင်း၊ စက်တင်ဘာ ၁၈ ရက်တွင် ပင်လုံ-လဲချားသွားကားလမ်း မိုင်တိုင်အမှတ် (၂/၁)နှင့် (၃/၀)အနီး၌ မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၂၅၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ဟိုပုံးမြို့နယ်အတွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Van တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၃၂၅၆၇၉၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် သုည ဒသမ ၃၁၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၅၂၀၀ နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ ကိုလည်းကောင်း၊ လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၆၂၅၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်ထိ ဖမ်းဆီးရမိမှုစုစုပေါင်းအမှုတွဲ ၁၃၆ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၄၄၃၃၇၈၂၇ ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အင်ဒိုနီးရှားနိုင်ငံ မာရာပီမီးတောင်ပေါက်ကွဲမှုကြောင့် အနောက်ဆူမတြားပြည်နယ်ကို မီးတောင်အန္တရာယ်သတိပေးချက် ထုတ်ပြန်



**ဂျကာတာ စက်တင်ဘာ ၂၁**

အင်ဒိုနီးရှားနိုင်ငံ မာရာပီ မီးတောင်သည် စက်တင်ဘာ ၂၀ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင် ပေါက်ကွဲမှုကြောင့် အနောက်ဆူမတြား ပြည်နယ်ကို မီးတောင်အန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း Center for Volcanology and Geological Hazard Mitigation က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အတွင်းမှ မီးခိုးငွေ့များ မီးတောင်အထက် မီတာ ၁၀၀၀ ကျော်ထိ ရောက်ရှိပျံ့နှံ့နေပြီး လေထုညစ်ညမ်းမှု ဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်သည် အချိန်အားဖြင့် ၄၀ စက္ကန့် ကြာမြင့်ခဲ့ပြီး မီးတောင်ပေါက်ကွဲမှု အခြေအနေကို ဆက်လက်စောင့်ကြည့်သွားရမည် ဖြစ်ကြောင်း Center for Volcanology and Geological Hazard Mitigation က ထုတ်ပြန်ခဲ့သည်။

"စက်တင်ဘာ ၂၀ ရက်မှာ မာရာပီမီးတောင် ပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားခဲ့ပါတယ်။ ဒီမီးတောင်ဟာ အင်ဒိုနီးရှားနိုင်ငံရဲ့ သက်ဝင်လှုပ်ရှားမှုနှုန်း အမြင့်မားဆုံးသော မီးတောင်ဖြစ်ပါတယ်။ မကြာခဏ ပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားခဲ့ပါတယ်။ မီးတောင်ပေါက်ကွဲမှုကြောင့် ကြီးမားတဲ့ပျက်စီးမှုတွေမရှိပေမဲ့လဲ မီးတောင်အတွင်းကနေ မီးခိုးငွေ့တွေ ပျံ့နှံ့မှုနှုန်း မြင့်မားနေပါတယ်။ မီးခိုးငွေ့တွေဟာ အနောက်ဆူမတြားပြည်နယ်ရဲ့ တောင်ဘက်ပိုင်းကိုဦးတည်ပြီး ရွေ့လျားနေပါတယ်"ဟု Center for Volcanology and Geological Hazard Mitigation မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အင်္ဂလန်နိုင်ငံ နက်ဖို့ဒ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်

**လန်ဒန် စက်တင်ဘာ ၂၁**

အင်္ဂလန်နိုင်ငံ ချက်ရှိုင်းယားကောင်တီနက်ဖို့ဒ်မြို့တွင် စက်တင်ဘာ ၂၀ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် မြစ်ရေလျှံတက်မှုများဖြစ်ပေါ်ကာ ကုန်းနိမ့်ပိုင်းတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသဖြင့် နက်ဖို့ဒ်မြို့ကို ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်လိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။




မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘိုလင်မြစ်ရေလျှံတက်မှု ဖြစ်ပေါ်နေပြီး ဘိုလင်မြစ်ရေလျှံတက်မှုကြောင့် လမ်းမကြီးတချို့ကိုလည်း ယာယီပိတ်ထားရကြောင်း၊ ဘိုလင်မြစ်ရေလျှံတက်မှုကြောင့် နက်ဖို့ဒ်မြို့အပြင် ဝီလ်စလိုမြို့၊ မက်ကလက်ဖီးမြို့၊ ဘိုလင်တန်မြို့တို့တွင်လည်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်သည့်အတွက် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ်များ ပြုလုပ်ထားရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီက ထုတ်ပြန်သွားခဲ့သည်။

"ချက်ရှိုင်းယားကောင်တီရဲ့ နေရာအနှံ့မှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဘိုလင်မြစ်ရေလျှံတက်မှုကြောင့် နေရာတချို့မှာတော့ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဘိုလင်မြစ်ဝှမ်းအနီးမှာရှိတဲ့ မြို့တွေမှာ ရေဘေးအန္တရာယ်ကို သတိပြုရမယ်။ ကုန်းနိမ့်ပိုင်းမှာနေတဲ့ ဒေသခံတွေအနေနဲ့ လိုအပ်လာရင် ဘေးလွတ်ရာကို ရွှေ့ပြောင်းဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားသင့်ပါတယ်။ ဘိုလင်မြစ်ရေလျှံတက်မှုအခြေအနေပေါ်မူတည်ပြီးတော့ ရေဘေးအန္တရာယ် လယ်ဗယ်ကို ပြောင်းလဲသတ်မှတ်ပေးသွားမှာလဲ ဖြစ်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဖိလစ်ပိုင်နိုင်ငံ ရေဘေးအန္တရာယ်ကာကွယ်ရေးအတားအဆီးများ ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး မနီလာမြို့တွင် ဆန္ဒဖော်ထုတ်

**မနီလာ စက်တင်ဘာ ၂၁**

ဖိလစ်ပိုင်နိုင်ငံတွင် ရေဘေးအန္တရာယ် ကာကွယ်ရေးအတားအဆီးများ တည်ဆောက်ရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်မှုပြုလုပ်ခြင်းမရှိသေးသည့်အတွက် ဖိလစ်ပိုင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများနှင့် မနီလာမြို့ခံတချို့က စက်တင်ဘာ ၂၀ ရက်တွင် ဆန္ဒဖော်ထုတ်မှု ပြုလုပ်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ အတားအဆီးများ ပြုလုပ်သွားမည့် စီမံချက်အတွက် အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီ၍ အသုံးပြုသွားရန် စီစဉ်ထားပြီး ပြည်သူများထံမှ ကောက်ခံထားသော အခွန်ဖြင့် အကောင်အထည်ဖော်သွားမည်ဟု ထုတ်ပြန်ထားသော်လည်း လက်တွေ့တွင် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ပြည်သူတချို့က စိတ်ဆိုးဒေါသထွက်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

"နှစ်စဉ်နှစ်တိုင်း ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်။ ရေဘေးအန္တရာယ်ကြောင့် အစစအရာရာ ပျက်စီးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ရေဘေးအန္တရာယ် ကာကွယ်ရေး အတားအဆီးတွေ တည်ဆောက်သွားဖို့လဲ ပြည်သူတွေဆီက ကောက်ခံထားတဲ့အခွန်တွေနဲ့ ဆောင်ရွက်သွားဖို့ စီစဉ်နေတယ်လို့ ထုတ်ပြန်ထားပေမဲ့လဲ လက်တွေ့မှာ အမှန်တကယ် ဆောင်ရွက်လာခြင်း မရှိသေးပါဘူး။ ဒါကြောင့် ကျွန်မတို့အနေနဲ့ အခုလို ဆန္ဒဖော်ထုတ်နေကြခြင်းဖြစ်ပါတယ်"ဟု ဆန္ဒဖော်ထုတ်သူ ၁၃၀၀၀ ကျော် လူအုပ်တွင် ပါဝင်သည့် ဗီလာဟာမိုဆာအမည်ရှိ အမျိုးသမီးတစ်ဦးက နိုင်ငံပိုင်သတင်းဌာနသို့ ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# မလေးရှားနိုင်ငံ ဆာဘာပြည်နယ်တွင် ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူများကို နေရပ်သို့ပြန်ခွင့်ပြု

**ကွာလာလမ်ပူ စက်တင်ဘာ ၂၁**

မလေးရှားနိုင်ငံ ဆာဘာပြည်နယ်တွင် စက်တင်ဘာ ၁၈ ရက်မှစ၍ ရေဘေးအန္တရာယ်နှင့် မြေပြိုကျမှုကြောင့် ဒေသခံများဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီးနောက် စက်တင်ဘာ ၂၀ ရက်တွင် ရေဘေးအန္တရာယ် ပြန်လည်တည်ငြိမ်လာပြီဖြစ်သည့်အတွက် ဒေသခံတချို့ကို နေရပ်သို့ပြန်ခွင့်ပြုထားကြောင်း ဆာဘာပြည်နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဆာဘာပြည်နယ် ခရိုင်ခြောက်ခုအနက် ခရိုင် နှစ်ခုမှ ပြည်သူများကို နေရပ်သို့ပြန်ခွင့်ပြုထားခြင်းဖြစ်ကြောင်း၊ ကျန်ခရိုင်လေးခုမှ ဒေသခံများကို ကယ်ဆယ်ရေးစခန်း၌သာ ဆက်လက်နေထိုင်ခွင့်ပြုထားပြီး အခြေအနေတည်ငြိမ်မှသာ နေရပ်သို့ ပြန်ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ မြေပြိုကျမှုကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေပြီး နေရပ်သို့ ပြန်ခွင့်ရထားသော ပြည်သူများကို ကယ်ဆယ်ရေးဝန်ထမ်းများ၏ အကူအညီဖြင့် ပို့ဆောင်ပေးနေကြောင်း သိရသည်။

"ရေဘေးအန္တရာယ်ပြန်လည်တည်ငြိမ်သွားတဲ့ ခရိုင်နှစ်ခုက ပြည်သူတွေကိုတော့ နေရပ်သို့ ပြန်ခွင့်ပြုလိုက်ပြီ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေတဲ့အတွက်ကြောင့် ကယ်ဆယ်ရေးဝန်ထမ်းတွေကပဲ ဒေသခံတွေကို နေရပ်သို့ပြန်ဖို့အတွက် ကူညီပေးနေပါတယ်။ ရေဘေးအန္တရာယ်နဲ့ မြေပြိုကျမှုပေါ်မူတည်ပြီးတော့ ကျန်တဲ့ခရိုင်တွေက ဒေသခံတွေကို နေရပ်သို့ပြန်ဖို့အတွက် ခွင့်ပြုပေးသွားမှာ ဖြစ်ပါတယ်"ဟု ဆာဘာပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အမေရိကန်နိုင်ငံ မစ်ဇူရီပြည်နယ် နီရှာဒေသတွင် မိုးခေါင်မှုပြဿနာကြောင့် သောက်သုံးရေရခက်ခဲနေ

**ဝါရှင်တန် စက်တင်ဘာ ၂၁**

အမေရိကန်နိုင်ငံ မစ်ဇူရီပြည်နယ် နီရှာဒေသတွင် မိုးခေါင်မှုပြဿနာဖြင့်ရင်ဆိုင်နေရပြီး မြေအောက်ရေထု အရင်းအမြစ်လည်း ခန်းခြောက် လာသောကြောင့် သောက်သုံးရေရခက်ခဲနေကြောင်း မစ်ဇူရီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နီရှာဒေသတွင်သောက်သုံးရေအတွက် မြစ်ချောင်းများအပြင် ရေတွင်းကိုးတွင်းမှ ရေများဖြင့် သောက်သုံးရေပေးဝေမှုကို ဆောင်ရွက်ပေးနေသော်လည်း မြစ်ချောင်းများ ရေခန်းခြောက်သည့်အပြင် မြေအောက်ရေခန်းခြောက်လာမှုကြောင့် ရေတွင်းများမှလည်း သောက်သုံးရေရရှိနိုင်မှု နည်းပါးလာသည့်အတွက် သောက်သုံးရေကို ပုံမှန်အတိုင်းပေးဝေနိုင်ရန် ခက်ခဲနေကြောင်း၊ သောက်သုံးရေအတွက် အဓိကအသုံးပြုနေသည့် ရေတွင်းကိုးတွင်းတွင် ပုံမှန်အားဖြင့် ပေ ၂၉၀ မှ ပေ ၃၀၀ အတွင်း ရေရှိနေသော်လည်း မြေအောက်ရေ ခန်းခြောက်လာသည့်အတွက်ကြောင့် ပေ ၃၇၀ ခန့်မှသာ ရေရရှိနိုင်သည့် အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"နီရှာဒေသမှာ မိုးခေါင်တဲ့ ပြဿနာနဲ့ ရင်ဆိုင်နေရတာ ကာလရှည်ကြာနေပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မေလကနေစတင်ခဲ့ပြီးတော့ မြစ်ချောင်းတွေမှာ ရေခန်းခြောက်လာသလို သောက်သုံးရေအတွက် အဓိကအားထားနေရတဲ့ ရေတွင်းကိုးတွင်းမှာလဲ ရေခန်းခြောက်လာတယ်။ ဒီလို အခြေအနေမျိုးကို လွန်ခဲ့တဲ့ လေးနှစ်တုန်းကလဲ ရင်ဆိုင်ခဲ့ရဖူးပါတယ်။ လက်ရှိအခြေအနေကလဲ လွန်ခဲ့တဲ့လေးနှစ်တုန်းက ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲအတိုင်း ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ ဒါကြောင့် သောက်သုံးရေတွေကို အကန့်အသတ်နဲ့သာ ပေးဝေသွားမှာဖြစ်ပြီး သောက်သုံးရေ ပုံမှန်အတိုင်း ပေးဝေနိုင်ဖို့အတွက်တော့ လိုအပ်တာတွေ ဆောင်ရွက်သွားဖို့အတွက် ပြည်နယ်အစိုးရထံတင်ပြထားပါတယ်"ဟု နီရှာဒေသ အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat



ဝတ္ထုတိုကဏ္ဍ

# အတုံ့အလှည့်

## စိုးစံဝင်း(သာစည်)

(၁)

"သံခဲတဲ့ တစ်ခဲထဲ ရှိတယ်ကွ။ တွေ့ကြသေးတာ ပေါ့ကွာ။ မင်းအလှည့်ကျမှတော့ မန္တ့စတမ်းပဲ။ မင်းနဲ့ငါနဲ့တွေ့မယ်"

သံခဲ၏စိတ်ထဲ မနေ့ကဖြစ်ပျက်ခဲ့သမျှကို တွေးပြီး သူ့ကိုယ်သူ အားမရခြင်း၊ အလိုမကျခြင်းများဖြင့် တအုံနွေးနွေးဖြစ်ကာ ထုပ်တန်းက လက်စွဲတော် ခားမတိုကို သွေးနေသည်။

သံခဲ၏အဖေက ဒေါသအမှောင်ဖုံးကာ လျှောက်လုပ်တော့မည့်သားကို တတ်နိုင်သမျှဖျောင်းဖျသည်။ အဘယ်ကြောင့်ဆိုသော် မဖြစ်သင့်တာဆက်မဖြစ်စေချင်၍ဖြစ်သည်။

"ငါ့သားရာ မင်းဒေါသတွေကို လျှော့စမ်းပါ။ ဖြစ်ပြီးခဲ့တာတွေလဲ ဖြစ်ပြီးပြီပဲ။ သေချာစဉ်းစားစမ်းပါ ငါ့သားရာ"

"အဖေ မသိပါဘူး။ ဒါတော့ အဖေလက်ခံနိုင်ပေမဲ့ သား လက်မခံနိုင်ဘူးအဖေရာ"

တားမရသည့်သားကို မချိတင်ကဲဖြစ်ကာ ရေနွေးတစ်ခွက်ကို ပူနေပါလျက်နှင့်မမှုတ်တော့ဘဲ လည်ပင်းတစ်လျှောက်မျှောချလိုက်သည်။ ပြီးမှ လည်ချောင်းကို တစ်ချက်ရှင်းကာ–

"အေးပါ တားမရရင်လဲသွားကွာ။ အဖေ့ပြောစကားမှနားမထောင်ရင် တစ်နေ့ မင်းဘေးတွေ့လိမ့်မယ် သား။ ဒါပေမဲ့ တစ်ခုတော့ပြောမယ်သား အမြဲသတိရှိပါ"

"ဟုတ်ကဲ့ပါ အဖေရာ"

သံခဲက အဖေကိုပါ စိတ်မရှည်ချင်။ သွေးလက်စ ခားမတိုကို ဆက်သွေးနေသည်။

သံခဲဘဝတွင် အမေကလည်း အဖေ၊ အဖေကလည်း အမေပင်ဖြစ်သည်။ သံခဲအမေက ညီမလေးကို မွေးပြီးသည်နှင့် ဆုံးပါးသွားခဲ့သည်။ သံခဲအဖေက သူတို့မောင်နှမကို အမိမဲ့သားသမီးတို့ဖြစ်သောကြောင့် တုန်နေအောင်ချစ်သည်။ မျက်စိအောက်က အပျောက်မခံပေ။ သံခဲကလည်း သူ့ညီမလေးကို အရိပ်တကြည့်ကြည့်စောင့်ရှောက်သည်။ ငယ်ငယ်ကတည်းက ညီမလေးသွားချင်သည့်နေရာဆိုလျှင် ကုန်းပိုးပို့သည်။ မည်မျှပင်ဝေးစေကာမူ ညီမလေးသွားချင်နေလျှင် မရောက်ရောက်အောင် လိုက်ပို့တတ်သည်။ သူလိုချင်တာမှန်သမျှ ဖြည့်ဆည်းပေးခဲ့သည်။

(၂)

သံခဲကို သည်နယ်တစ်ကြောတွင် မည်သူမျှ စိန်မခေါ်ရဲကြ၊ မနှောင့်ယှက်ရဲကြ၊ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ကြသည်။ ယခုလည်း သံခဲသွေးဆာနေ၍ တစ်ရွာလုံး မီးခိုးတိတ်တံခါးပိတ်ပြီး ကိုယ့်အိမ်ကိုယ့်နေရာ၌နေကြသည်။ မကြောက်၍မရ၊ သံခဲက ထောင်နှင့်အိမ်ကို အိမ်ဦးနှင့်ကြမ်းပြင်လို ဝင်ချည်ထွက်ချည် ရုံးတို့၊ ဂါတ်တို့မရောက်ခဲ့သည့် လူမသိဘဲပြီးသွားသော သတ်မှုဖြတ်မှုများကလည်း မနည်းပေ။ ထို့ကြောင့် ကျားအမြီးကို မည်သို့သောသတ္တဝါက ဆွဲရဲပါသနည်း။ လူများတစုစုနှင့်သံခဲအကြောင်း ဟိုဒီပြောနေကြသည်။ ပြိုင်ဘက်ကလည်း မခေပေ။ သံခဲလိုကောင်ကို ဘာမထီ စိန်ခေါ်ရဲသည်။ သံခဲကို စိန်ခေါ်ရဲမှတော့ နည်းသည့်သတ္တဝါလား။

သံခဲလည်း မှိန်းကို လက်က ကိုင်ထားသည်။ ခားမတိုကို ခါးကြားထိုးကာ ကျောတွင်လွယ်ထားသည့်ပလိုင်းထဲ အမဲသားတစ်တွဲထည့်သည်။ နေဝင်ဆည်းဆာရောင်က သံခဲတို့ရွာကလေးကို လွှမ်းခြုံနေပြီ။ မိုးရွာတော့မည်ထင့်။ မိုးသက်လေကလေးများ တဆော်ဆော်သွေးနေသည်။ နွားများ၊ ကျွဲများက လေညင်းကို ခေါင်းမော့ရင်ကော့၍ တည်ငြိမ်စွာ ရှူရှိုက်နေကြသည်။ သံခဲက မိုးရွာရွာ၊ နေပူပူ သူလုပ်စရာရှိသည်ကို ပြီးမြောက်အောင်လုပ်မည်ဟု ဆုံးဖြတ်ထားသည်။

သံခဲလည်း ရွာတောင်ပိုင်းက သူ့သူငယ်ချင်း မိုးကောင်းကို ဝင်ခေါ်သည်။ သူတို့အဆင်သင့်ဖြစ်သည်နှင့် ရွာထဲက ထွက်လာကြတော့သည်။ သံခဲ မိုက်သကဲ့သို့ မိုးကောင်းကလည်း သွေးမနည်းပေ။ ထို့ကြောင့် သံခဲနှင့် ဘက်ညီညီပေါင်း၍ ရနေခြင်းဖြစ်သည်။

(၃)

ယာခင်းများကို နင်းဖြတ်လျှောက်လာတော့ လေညင်းနှင့် တောပန်းရနံ့တို့က မွှန်ထူနေသည်။ စိမ်းပြာပြာတောင်တန်းများကို တိမ်မည်းညိုတို့ အုပ်မိုးထားသည့်အတွက် မစိမ်းနိုင်၊ မပြာနိုင်တော့ပေ။ ကောင်းကင်တစ်ခွင်လုံး တိမ်မည်းညိုများ တစ်စတစ်စ အစုအဖွဲ့ကြီးသဖွယ်ဖြစ်လာသည်။ မကြာခင်အမှောင်ကျတော့မည်။ အမှောင်ကျလုကျခင်မှာ သံခဲတို့နှစ်ယောက် လိုရာခရီးကိုသုတ်ခြေတင်နေကြသည်။သူတို့၏လမ်းဆုံးကိုတော့ရောက်ပြီ။ အဆုံးအစရှာမရသော အင်းတိုင်ချောင်းက သံခဲတို့နယ်တစ်ကြောတွင် ငါးကြီးငါးကောင်းများ ဖောဖောသီသီရလေ့ရှိသည်။ မုန်တိုင်ရွာက သူကြီးသားလှစောက သည်အင်းကိုပိုင်သည်။ သူ့ဘာသာ ပိုင်သည်၊ ဆိုင်သည် သံခဲနားမလည်ပေ။ သူဟင်းစားလိုလျှင် ဖမ်းပြီး သား။ လှစော သိပင်သိငြားသော်လည်း သံခဲကို မလွန်ဆန်ရဲ၍ အသာနေရသည်။

သည်အင်းမှာ ငါးကြီးငါးကောင်းရှိတာသိ၍ သံခဲကို ဘယ်သူကမှ မကျော်ရဲ၊ စိန်မခေါ်ရဲကြသော်လည်း သည်ကောင်၊ သည်မျိုးမစစ်က ဘယ်ကဘယ်လို သံခဲတို့ အင်းတိုင်ချောင်းကို ရောက်လာသည်မသိ။ သံခဲ ဟင်းစားလိုတိုင်း ရေထဲဆင်းလျှင် ယခင်ကလို သတိလက်လွတ်နေ၍မရတော့ပေ။ သည်ကောင်က ရေထဲမှာတော့ သူက သခင်၊ သူက ဘုရင်ပဲ။ သံခဲ ထိုအဖြစ်ကို လက်မခံချင်၊ သံခဲကို မည်သူမျှသေးသေး မတင်ရဲကြ။ ယခုတော့ သည်ကောင်က လုံးကြီးတင်ပါ တင်ထားသည်။ နေ့ရှိသရွေ့ မခံချင်ဖြစ်နေသည်။ မနေ့က သံခဲနှင့်ထိပ်တိုက်တွေ့ဖို့ရာ အကြောင်းဖန်လာသည်။ မုဆိုး၊ မုဆိုးချင်းသိ၍လားမသိ။ ဘယ်တော့မှ ထိပ်တိုက်မတွေ့ခဲ့ကြပေ။ ယခုတော့ တွေ့ရတော့မည်။ မနေ့က သံခဲ ညီမလေး၏အသည်းကျော် နွားမလေး အင်းတိုင်ချောင်းထဲ ရေဆင်းသောက်တုန်း သည်ကောင် ဆွဲသွားသည်။ နွားကျောင်းသားခေါင်းဆောင် အောင်မောင်းတို့လာပြောချိန်က နေလုံးကလည်း အနောက်စူးစူးကို တိုးဝင်နေပြီ။ မိုးကလည်း သဲကြီးမဲကြီးရွာနေသည်။ ရာသီဥတုက သံခဲဘက်မှာ ရှိမနေပေ။ သွား၍ရင်ဆိုင်လျှင်လည်း သံခဲ မပြန်လမ်းသို့ မြန်းရမည်။ သံခဲကို ပထမဆုံး ကြောက်စိတ်ထည့်ပေးခဲ့သည်ဟု ပြောရမည်။ ထို့ကြောင့်ဒေါသကိုဘယ်သောအခါကမျှမထိန်းချုပ်ခဲ့သည့် သံခဲ ထိုနေ့က အိပ်ရာထဲ ဟိုလူးသည်လူးဖြင့် မနေတတ်အောင် ဖြစ်ခဲ့ရသည်။

(၄)

"ဟေ့ကောင် မင်းနဲ့ငါနဲ့ ဒီနေ့တော့တွေ့ပြီ။ သူသေကိုယ်သေပဲ။ မိုးကောင်း မင်းက အပေါ်ကနေ အခြေအနေကြည့်ထား။ ငါမဟန်ရင် မင်းပါဆင်းခဲ့၊ ခားတော့ ပါအောင်ယူခဲ့နော်"

"ဖြစ်ပါ့မလား မင်းတစ်ယောက်ထဲ"

မိုးကောင်းလည်း ပထမဆုံးရင်ဆိုင်ရမည့် ရေဘုရင်ကြောင့် သံခဲကို အနည်းငယ် စိုးရိမ်သွားသည်။

"မိုးကောင်းရာ သွေးမနည်းစမ်းပါနဲ့။ ဒါ ငါတို့ကို သွေးတိုးစမ်းတာ။ ငါတို့သွေး ရဲလား၊ မရဲလား။ မကြာခင် ဒီကောင်သိရတော့မှာပါ"

ရေပြင်ကိုအကဲခတ်ရင်း သည်အင်းတိုင်ချောင်းမှာ မွေးပြီး သည်အင်းတိုင်ချောင်းမှာ ကြီးခဲ့ရသည့် သံခဲ ရင်ဆိုင်ဖို့ရာ လက်မတွန့်။

"အေးပါ သံခဲရာ ဂရုစိုက်အုံး"

မိုးကောင်းက သံခဲ၏ပခုံးကို ဖျစ်ညှစ်ကာ ပြောလိုက်သည်။

(၅)

အင်းတိုင်ချောင်းထဲမဆင်းခင် ပလိုင်းထဲထည့်လာသည့်အမဲသားတွဲဖြင့် မျှားခေါ်ရမည်။ အမဲသားတွဲတွင် နိုင်လွန်ကြိုးတုတ်တုတ်နှင့် တစ်ထွာခန့်ရှိသည့် ငါးမျှားချိတ်ကိုပါ တွဲလျက်တပ်ထားသည်။ သည်ကောင် လာဆွဲ၊ မဆွဲ အသာစောင့်နေကြသည်။ တစ်အောင့်လောက်ကြာတော့ အင်းအလယ်ကောင်က ဗေဒါရုံများ လှုပ်သလို၊ လူးသလို ဖြစ်လာသည်။ သံခဲရော မိုးကောင်းပါ သတိထားမိကြသည်။ သံခဲက မှိန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ အဆီတဝင်းဝင်းအသားထစ်ကို ချက်ချင်းပင် လာဆွဲသည်။ သံခဲက "အားရပါးရစားစမ်း၊ ဒါမင်းရဲ့ နောက်ဆုံး အစာစားရခြင်းပဲ"ဟု စိတ်ထဲက ရေရွတ်သည်။ အမဲသားတွဲကို အငမ်းမရပါးစပ်ထဲ သွင်းလိုက်သည်ထင့် ကြိုးကလှုပ်လာသည်။ ခဏအကြာ ခပ်ကြမ်းကြမ်းလှုပ်လာသည်။ မိုးကောင်းက ကြိုးကို မလျော့မတင်းလုပ်ထားရသည်။ သည်ကောင် စိတ်အတော်ဆိုးနေပြီ။ ဘာဆက်လုပ်ရမလဲဟု သံခဲနှင့် မိုးကောင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။ မိုးကောင်းက ကြိုးစကို မယုတ်မလွှန် ကိုင်ထားသည်။

❖ မိကျောင်းသည် နာနေသည့်ကြားက သံခဲလက်ကို အငြိုးကြီးစွာ ဖိကိုက်ထားပြန်သည်။ တစ်ဖက်ကို မဲနေချိန် မိုးကောင်းက မျက်လုံးအိမ်ကို ထိုးဖောက်လိုက်သည်။ သူ၏သွားများက သံခဲလက်မောင်းထဲ နစ်ဝင်နေသည်။ ရေထဲတွင် လူနှင့်မိကျောင်း ဗလုံးဗထွေးရုန်းရင်းဆန်ခတ်ဖြစ်နေကြသည်။ သွေးများလည်း ရဲနေသည်။ မိကျောင်းအနေဖြင့် မျက်လုံးတစ်ဖက်ဆုံးရှုံးလိုက်ရသည့်အတွက် သူ့မှာ တစ်ပန်းရှုံးနေပြီ။ သည်ပွဲမှာ နှစ်ဖက်စလုံး အရှုံးမပေးချင်ကြ။ သို့ရာတွင် မိကျောင်း၏ဝမ်းဗိုက်မှာ ရစရာကိုမရှိတော့။ ဆန်ခါပေါက်များဖြစ်၍ နေပြီ။ နင်လား၊ ငါလား မိကျောင်းနှင့် လုံးထွေးသတ်ပုတ်နေသည်မှာ အတော်ကြာပြီ။ ❖

စာမျက်နှာ ၂၅ သို့ ➡

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၄၁၈ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ခရမ်းစိုက်ခင်းကို တွေ့ရစဉ်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျောက်မြောင်း စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၄၁၈ ဧကစိုက်ပျိုးသွားမည် ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် ဟင်းသီးဟင်းရွက် ၄၄၁၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကျောက်မြောင်းမြို့နယ်ခွဲအတွင်း ဟင်းသီးဟင်းရွက်ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ခရမ်း၊ မုန်လာဥစတဲ့သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားမယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကောက်ညှင်းဆန် ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။



"ဓနုဖြူမြို့နယ်က ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေက ဒေသထွက် စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဩဂုတ်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာ ဒေသထွက် စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ ကောက်ညှင်းဆန်တွေ အဝယ်လိုက်နေပါတယ်"ဟု ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြသည်။ **ကျော်ကျော်လင်း**

á **စာမျက်နှာ ၂၄ မှအဆက်**

သံခဲက ပုဆိုးခါးတောင်းကျိုက်ကာ မနှေးမမြန် အင်းတိုင်ချောင်းထဲ ဆင်းသည်။ ငါးမျှားချိတ်၏ နာကျင်မှုဒဏ်ကြောင့် ငြိမ်နေသည့်သူ့အနားသို့အမြန်ကပ်ကာ အဲသည်ကောင်၏ မျက်လုံးတည့်တည့်ကို အရှိန်အဟုန်ဖြင့် ထိုးစိုက်ချလိုက်သည်။ လွဲသွားသည်။ သူကလည်း ပါးနပ်၏။ လွဲသွားခြင်းက သံခဲအတွက် အထိနာသွားရသည်။ သူရုန်းလိုက်သည့်အခါ မိုးကောင်းလည်း ရေထဲလွင့်စဉ်ကျလာသည်။ မှိန်းက ရေအောက်ရောက်သွားသဖြင့် အစရှာမရတော့ ခါးကပါသည့်ဓားမတိုနှင့် နှစ်ယောက်သားဝိုင်းခုတ်ကြသည်။ မိကျောင်းသည် နာနေသည့်ကြားက သံခဲလက်ကို အငြိုးကြီးစွာ ဖိကိုက်ထားပြန်သည်။ တစ်ဖက်ကို မဲနေချိန် မိုးကောင်းက မျက်လုံးအိမ်ကိုထိုးဖောက်လိုက်သည်။ သူ၏သွားများက သံခဲလက်မောင်းထဲ နစ်ဝင်နေသည်။ ရေထဲတွင် လူနှင့်မိကျောင်း ဗလုံးဗထွေးရုန်းရင်းဆန်ခတ်ဖြစ်နေကြသည်။ သွေးများလည်း ရဲနေသည်။ မိကျောင်းအနေဖြင့် မျက်လုံးတစ်ဖက်ဆုံးရှုံးလိုက်ရသည့်အတွက် သူ့မှာ တစ်ပန်းရှုံးနေပြီ။ သည်ပွဲမှာ နှစ်ဖက်စလုံးအရှုံးမပေးချင်ကြ။ သို့ရာတွင် မိကျောင်း၏ဝမ်းဗိုက်မှာ ရစရာကိုမရှိတော့။ ဆန်ခါပေါက်များဖြစ်၍နေပြီ။ နင်လား၊ ငါလား မိကျောင်းနှင့်လုံးထွေးသတ်ပုတ်နေသည်မှာ အတော်ကြာပြီ။

"မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံးပဲကွ။ မင်းလားကွ၊ ငါတို့နယ်ကို ကျူးကျော်ရမ်းကားတာ။ မင်းလားကွ၊ မင်းလားကွ"

စိတ်ရှိလက်ရှိ နေရာမလပ်ဓားမတိုဖြင့်ထိုးမွှေကာ နှစ်ယောက်သားငြာသံပေးကာ ကြွေးကြော်နေကြသည်။

သံခဲအဖေက သားကိုစိတ်မချ၍ ရွာထဲတွင် လက်ယဉ်သောလူတချို့ကို အင်းတိုင်ချောင်းသို့ခေါ်လာသည်။ သံခဲအဖေတို့လည်း လာကူချိန် မိကျောင်းက ဘဝတစ်ပါးပြောင်းသွားခဲ့လေပြီး။ မိကျောင်းသေကို ကုန်းပေါ်သို့ ဆွဲတင်ကြသည်။ သံခဲလက်မောင်းတစ်ဖက်က သွေးစိမ်းရှင်ရှင်ထွက်နေသည်။ ပြီးတော့ မခံမရပ်နိုင်အောင်နာကျင်နေသည်။ မိုးကောင်းနှင့်လူတချို့က သံခဲကို ကုန်းပေါ်တွဲလာကြသည်။ ကုန်းပေါ်တွင် မိကျောင်း၏ အငြိုးတကြီးကိုက်ဖွဲ့ထားမှုကြောင့် သံခဲ အနာအဆိပ်တက်နေသည်ထင်ရ၏။ တလူးလူးတလွန့်လွန့်ဖြင့် ရွာသားတချို့က သံခဲကို ပွေ့ချီသွားကြသည်။ သံခဲအိမ်ပြန်လမ်းတွင် သတိရတစ်ချက် မရတစ်ချက်နှင့် ကျိတ်ပြုံးပြုံးနေမိမည်ထင်သည်။

## ငါတို့မြန်ပြည် အောင်ရွှေစည်

\- စိတ်ရင်းမမှန် ဖျက်ဆီးရန်တွက်
ရှာကြံပြစ်တင် လုပ်ဆောင်ချင်၍
ဆင်ခြင်မဲ့ကင်း ပြောဆိုခြင်းဖြင့်
ပျက်ယွင်းစေမှု သူတို့ပြုသည်
ဂရုမစိုက် နိုင်ပါတကား။

\- ဟိုယခင်က မိတ်ဟန်ပြလျက်
မြန်မာ့အရေး အကြံပေးကာ
ရွေးကောက်ပွဲပင် ချက်ချင်းလျင်စွာ
အသွင်လှဖို့ တက်ကြွပြောဆို
ကူသလိုနှင့် မြူချိုလင့်၏။

\- အသင့်မဖြစ် ချိန်ခါစစ်၍
ထွန်းသစ်ချိန်ခါ ကျင်းပမှာမို့
ကာလမသင့် တွေးဆချင့်ကာ
ခွင့်မသာသေး ချိန်ခါရွေးခဲ့။

\- ခုခါအသင့် ပြည့်ဂုဏ်တင့်ဖို့
မျှော်လင့်ဆင်နွှဲ ရွေးကောက်ပွဲကို
ထူးကဲသေချာ ဖြစ်၍လာမည်
ချိန်ခါကာလ ကြေညာပြုပြီ။

\- ထိုသောအခါ ပြောပြန်ပါပြီ
ခုခါတွေးထောက် ရွေးကောက်ပွဲကို
ဆင်နွှဲမသင့် ဝေဖန်လင့်၏
တွေးချင့်သေချာ ဆိုရပါလျှင်
မြန်မာအေးချမ်း တိုးတက်လမ်းကို
ဖျက်မှန်းမသိ ဖျက်နေဘိသို့
ပြေးကြည့်မနေ သိရပေ၏။

\- အို... အဖျက်သမား
သွားတော့လေ နေပါဦး
ဆိုထုံးပမာ သင့်မာယာကို
ငါတို့သိပြီ သိနေပြီ။
ရှေ့သို့လှမ်းချီ ဆောင်ရွက်မည်။
ငါတို့မြန်ပြည် အောင်ရွှေစည်။ ။

**အာကာမောင်မောင်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ခရီးသွားဆောင်းပါး

# ခရီးဦးကြိုမြို့နောင်ချို မရောက်တာကြာကာလမှာ

သက်နိုင်(ပြင်ဦးလွင်)

အခုလောလောလတ်လတ် ပြီးခဲ့တဲ့ကျောင်းပိတ်ရက် တနင်္ဂနွေနေ့ကမှ ထွက်ခွာသွားရောက်ခဲ့တဲ့ ခရီးစဉ်က ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ ခရီးစဉ်ဖြစ်ပါတယ်။ မရောက်တာလဲကြာပြီဖြစ်၊ သွားလာလို့ရပြီလဲဖြစ်၊ သွားရောက်ဖို့လဲအကြောင်းတိုက်ဆိုင်လာတာကြောင့် ရောက်ရှိခဲ့ရတယ်။ အကြောင်းရင်းက တပည့်လေးတွေရဲ့ အိမ်တွေရှိရာကို သွားရောက်ကြမှာဖြစ်လို့ ကျောင်းသားမိဘတစ်ယောက်နဲ့ အတူ မနက်စောစောကတည်းက ပြင်ဦးလွင်မြို့ကနေ စတင်ထွက်ခွာလာခဲ့ကြတယ်။

ပြင်ဦးလွင်ကနေထွက်ထွက်ချင်း နှင်းမှုန်တွေပိတ်မှောင်နေတာကြောင့် ကားရှေ့မီးကိုဖွင့်ပြီး သတိထားမောင်းနှင်နေရတယ်။ နေ့ရက်အချိန်က စက်တင်ဘာ ၇ ရက် မနက် ၅ နာရီ မိနစ် ၃၀ လောက်ပါ။ အခြားမြို့၊ ရွာဒေသတွေမှာ ဒီဇင်ဘာ၊ ဇန်နဝါရီလတွေလောက်သာကျလေ့ရှိတဲ့ နှင်းရည်နှင်းစက်တွေက ပြင်ဦးလွင်မြို့မှာ ရာသီမရွေး၊ အချိန်မရွေး ကျရောက်လေ့ရှိနေပါတယ်။ ဒါကြောင့်လဲ မြို့ရဲ့အမည်နာမငါးမျိုးထဲမှာ နှင်းမြို့တော်ဆိုပြီး ထည့်သွင်းခေါ်ဆိုနေကြတာဖြစ်ပါတယ်။ ဒီလိုမျိုး နှင်းတွေတဖွဲဖွဲကျရောက်နေတာကြောင့် ကားရှေ့မြင်ကွင်းတွေ မှုန်ဝါးနေရသလို လမ်းပေါ်မှာလဲ ရွှဲရွှဲစိုနေတယ်။ ပြည်ချစ်ဘုရားလို့ခေါ်တဲ့ မဟာအံ့ထူးကံသာဘုရားကိုရောက်လာတဲ့အချိန်မှာ နှင်းကျတာအနည်းငယ်လျော့သွားပေမဲ့ ဘုရားကိုကျော်လွန်လာတာနဲ့ ပိုမိုကျလာပြန်တယ်။ ဒီနေရာက တောင်ကုန်း၊ တောင်တန်းတွေ၊ လျှိုမြောင်ချိုင့်ဝှမ်းတွေ၊ စိမ့်စမ်းရေတံခွန်တွေရှိနေတာကြောင့် မြေမျက်နှာသွင်ပြင်အနိမ့်အမြင့်ပေါ်မူတည်ပြီး နှင်းကျရောက်မှုက နေရာအလိုက်နည်းနိုင်၊ များနိုင်နေပါတယ်။

မဟာအံ့ထူးကံသာဘုရားကနေ ရှေ့ကိုဆက်ပြီး ဒီဇင်ဘာဥယျာဉ်ရေတံခွန်၊ ထုံးဘို၊ ထုံးကုန်း၊ ရေသရောက်ကုန်း စတဲ့ရွာတွေကိုဖြတ်သန်းရောက်ရှိလာပါပြီ။ ရေသရောက်ကုန်းရွာကိုကျော်လွန်ပြီးတာနဲ့ မြေပြန့်လွင်ပြင်ကိုရောက်ရှိကြမှာပါ။ နောင်ချိုမြို့က ပြင်ဦးလွင်မြို့ထက် ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ နိမ့်ကျနေတယ်။ ပြင်ဦးလွင်မြို့က ပေ ၃၀၀၀ ကျော်မြင့်ပြီး နောင်ချိုမြို့က ပေ ၂၀၀၀ လောက်သာရှိနေတယ်။ စောစောကဖြတ်သန်းခဲ့တဲ့ ထုံးဘို၊ ထုံးကုန်း၊ ရေသရောက်ကုန်းရွာတွေကစပြီး အောက်ကိုနိမ့်ဆင်းလာခဲ့တာ နာမည်ကျော်မြိုင်ကြီးကွေ့ကို နှစ်ဆစ်ချိုးကွေ့ပြီးတာနဲ့ မြေပြန့်လွင်ပြင်ဖြစ်သွားခဲ့ပါပြီ။ မြေပြန့်နေရာက မြိုင်ကြီးကျေးရွာပါ။ ရွာအဝင်လမ်းဘေးဝဲယာတစ်လျှောက်မှာ ဂျုံစိုက်ခင်းစိမ်းစိမ်းတွေကို တွေ့မြင်နေရတယ်။ မြိုင်ကြီးရွာကိုကျော်လွန်ပြီးရင် ဝက်ဝံကျေးရွာကိုရောက်ရှိမှာဖြစ်သလို ဝက်ဝံရွာက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်နဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တို့ရဲ့ နယ်စပ်ရွာကြီးတစ်ရွာဖြစ်ပါတယ်။ မကြာခင်မှာ ဝက်ဝံရွာကိုကျော်ဖြတ်လာခဲ့ပြီး နောင်ချိုမြို့နယ်အတွင်းကို ဝင်ရောက်လာခဲ့ကြပါပြီ။ စတင်တွေ့ရှိရတဲ့ရွာက ခြေမြစ်ပင်ရွာပါ။ ဝက်ဝံရွာနဲ့ခြေမြစ်ပြင်ရွာက တစ်ဆက်တည်းဖြစ်နေပေမဲ့ တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ မြို့နယ်တွေ ကွဲပြားခြားနားနေပါတယ်။ မရောက်တာကြာပြီဖြစ်တဲ့ နောင်ချိုမြို့နယ်အတွင်းကို ရောက်ရှိလာကြပါပြီ။ နှစ်ကာလတွေချီပြီး မရောက်ခဲ့တဲ့ နောင်ချိုမြို့နယ်အတွင်းမှာ ဘာတွေပြောင်းလဲသွားသလဲဆိုတာကို တွေ့မြင်ကြည့်ရှုလေ့လာကြရပါအုံးမယ်။

နောင်ချိုမြို့နယ် ခြေမြစ်ပြင်ရွာက သာမန်ရွာကလေးတစ်ရွာပါ။ နောင်ချိုမြို့နယ်အတွင်းမှာ တည်ရှိနေတယ်ဆိုပေမဲ့ ပြင်ဦးလွင်မြို့နဲ့ ပိုမိုနီးကပ်နေတယ်။ ရွာတစ်ရွာလုံးဈေးရောင်းဈေးဝယ် စီးပွားရေးလုပ်ငန်းတွေနဲ့ ပညာရေး၊ ကျန်းမာရေး စတဲ့လုပ်ငန်းတွေအားလုံးကို ပြင်ဦးလွင်မြို့မှာပဲ လာရောက်လုပ်ကိုင်ကြရတယ်။ ခြေမြစ်ပင်ရွာကိုကျော်လာတာနဲ့ နိုင်ငံပိုင်ထင်းရှူးတောကြီးတွေကို တွေ့မြင်ရတယ်။ ထင်းရှူးတောကြီးတွေက အုပ်အုပ်ဆိုင်းဆိုင်းညို့ညို့မှိုင်းမှိုင်းနဲ့ပါ။ ထင်းရှူးတောကြီးတွေအနီးမှာ လူနေအိမ်ခြေတွေမရှိ၊ ဈေးဆိုင်တန်းတွေမရှိ၊ စိုက်ပျိုးခင်းတွေသာရှိနေတာကြောင့်လဲ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်တိတ်ဆိတ်ဆိတ် သာသာယာယာဖြစ်လို့နေတယ်။ ဒါကြောင့်လဲ တစ်ခါတစ်ရံ ခရီးသွားလာရင်းနဲ့ ထင်းရှူးတောကြီးအနီးမှာ အေးအေးဆေးဆေးရပ်နားနေကြတဲ့ ကားတွေ၊ မိသားစုအလိုက် ထမင်းစားသောက်နားနေကြတာတွေကို မကြာမကြာတွေ့မြင်နေရတယ်။

ထင်းရှူးတောကိုကျော်လွန်လာပြီးရင် လွန်းကျော်ဆိုတဲ့ရွာလေးတစ်ရွာပါ။ လွန်းကျော်ရွာက အိမ်ခြေနည်းပြီးသေးငယ်ပေမဲ့ လမ်းဆုံနေရာဖြစ်နေတယ်။ လွန်းကျော်ရွာကနေ အတွင်းဘက်ကို ကတ္တရာခင်းလမ်းမကြီးအတိုင်း ဝင်ရောက်သွားမယ်ဆိုရင် ကျေးရွာကြီးတွေကို တွေ့မြင်ကြရမှာဖြစ်သလို မိုးကုတ်မြို့ရောက်အောင်လဲ ဆက်သွယ်သွားလာနိုင်နေတယ်။




လွန်းကျော်ရွာကိုဖြတ်သန်းလာခဲ့ပြီး နောက်ထပ်ရောက်ရှိလာတဲ့ရွာက ဘန့်ဘွေးရွာပါ။ ဘန့်ဘွေးရွာက ရွာကြီးတစ်ရွာဖြစ်ပြီး အထက်တန်းကျောင်း၊ ရဲစခန်း၊ တိုက်နယ်ဆေးရုံ၊ ငါးရက်တစ်ဈေး စတာတွေရှိနေတယ်။ ငါးရက်ဈေးနေ့တွေမှာ ဘန့်ဘွေးရွာက အလွန်စည်ကားလှပါတယ်။ အခုမိမိတို့ဖြတ်သန်းရောက်ရှိလာတဲ့အခါမှာ ဖွင့်ခါစဆိုင်လေးတစ်ဆိုင်စ၊ နှစ်ဆိုင်စလောက်သာရှိနေပါသေးတယ်။ ဘန့်ဘွေးရွာကိုကျော်လွန်လာတာနဲ့ နိုင်ငံပိုင်ကော်ဖီခြံကြီးတွေကို တွေ့မြင်လာရတယ်။ ကော်ဖီခြံကြီးတွေကလဲ အရိပ်ရသစ်ပင်ကြီးတွေအောက်မှာ စိမ်းစိမ်းစိုစိုပါ။

ဘန့်ဘွေးရွာကနေမကြာခင်မှာ ငါးမျှစ်ချဉ် နာမည်ကြီးတဲ့ အုန်းမသီး၊ အုန်းမခါးရွာတွေကို ရောက်လာပြန်တယ်။ ဒါပေမဲ့ ငါးမျှစ်ချဉ်ဆိုင်တွေကတော့ ဖွင့်လှစ်ရောင်းချနိုင်ခြင်းမရှိသေးပါဘူး။ ငါးမျှစ်ချဉ်ဆိုင်တွေ ဖွင့်လှစ်ရောင်းချနိုင်ခြင်းမရှိသေးတာကြောင့်လဲ အရင်က အလွန်စည်ကားခဲ့တဲ့နေရာတွေမှာ တိတ်ဆိတ်ခြောက်ကပ်နေတယ်။ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ကနေ သွားလာနေတဲ့ကားကြီး၊ ကားငယ်အသွယ်သွယ်တွေက အုန်းမသီး၊ အုန်းမခါးရွာတွေရောက်ရင် ကားတွေရပ်နားပြီး ထမင်းစားသောက်လေ့ရှိကြတယ်။ ရပ်နားစားသောက်ကြတဲ့ ကားတွေများပြားသလို ငါးမျှစ်ချဉ်စားသောက်ဆိုင်တွေကလဲ လမ်းတစ်လျှောက်လုံး တန်းစီပြီး အများအပြားရှိနေကြတယ်။ ငါးမျှစ်ချဉ်ဆိုင်တွေရဲ့ နာမည်ကျော်ကြားမှုကြောင့် မိမိတို့ပြင်ဦးလွင်မြို့ကသာမက မန္တလေး၊ စစ်ကိုင်းမြို့တွေကပါ လာရောက်လည်ပတ်ကြရင်း တကူးတက စားသောက်ကြသူတွေရှိနေကြတယ်။ ဒီလိုသွားရောက်စားသောက်ကြရအောင်ထိလဲ ငါးမျှစ်ချဉ်ဟင်းလျာရဲ့အရသာက ကောင်းမွန်နေတယ်။

အုန်းမသီး၊ အုန်းမခါးရွာတွေကိုကျော်လွန်လာပြီးရင် နောင်ချိုမြို့နဲ့နီးလာပါပြီ။ လမ်းတစ်လျှောက်ရှုခင်းတွေကိုကြည့်ရှုမောင်းနှင်လာရင်းနဲ့ မကြာခင်မှာ ကျောက်ကြမ်းဆိုတဲ့ရွာကို ရောက်လာကြတယ်။ အချိန်က မနက် ၇ နာရီကျော်သာ ရှိနေသေးတယ်။ ကျောက်ကြမ်းရွာက နောင်ချိုမြို့နယ်မှာ လူသိများပါတယ်။ ဒ့ါပြင် လျှောင်မှတ်တမ်းတစ်ခုမှာ ကျောက်ကြမ်းရွာက စစ်ကိုင်းလျှောင်ပြတ်ရွှေ့ကြောနဲ့ ဆက်စပ်နေတယ်ဆိုပြီး သိရှိထားရတယ်။ ဒါပေမဲ့ ကျောက်ကြမ်းရွာမှာ အထပ်မြင့်အိမ်ကြီး အိမ်ကောင်းတွေမရှိဘဲ ကျေးရွာပုံစံသာမန်အိမ်ငယ်လေးတွေနဲ့ စိုက်ခင်း၊ ပျိုးခင်းတွေသာရှိနေတာကြောင့် လျှောင်ဘေးဒဏ်ကို ကြီးကြီးမားမားမခံစားကြရပါဘူး။ ကျောက်ကြမ်းရွာကို ဖြတ်သန်းကျော်လွန်လာပြီးရင် မြို့ဝင်၊ ရွာဝင်တွေရဲ့ထုံးစံအတိုင်း စက်သုံးဆီအရောင်းဆိုင်တွေ၊ ဒေသထွက်ကုန်အရောင်းဆိုင်တွေကို မြင်တွေ့ကြရတော့မှာပါ။ မကြာခင်အချိန်အတောအတွင်းမှာပဲ နောင်ချိုမြို့အဝင်ကို ရောက်လာခဲ့ကြတယ်။ ဒါပေမဲ့ စက်သုံးဆီအရောင်းဆိုင်တွေနဲ့ ဒေသထွက်ကုန်အရောင်းဆိုင်တွေက အရင်လိုမဟုတ်သေးဘဲ နည်းပါးနေပါသေးတယ်။

နောင်ချိုမြို့တွင်းကို ရောက်ရှိလာတာနဲ့ မိမိရဲ့တပည့်ပေါင်းများစွာထဲက ဘယ်အိမ်ကိုအရင်သွားရမလဲဆိုတာ စဉ်းစားလိုက်ရတယ်။ စဉ်းစားပြီးတာနဲ့ ခရီးလဲသင့်၊ လမ်းကြောင်းလဲအဆင်ပြေတဲ့ ဘူတာလမ်းထဲကိုချိုးကွေ့ဝင်ရောက်မောင်းနှင်လာခဲ့တယ်။ ဘူတာလမ်းထဲမှာ တပည့်အိမ်သုံးလေးအိမ်လောက်ရှိနေတယ်။ ပထမဦးဆုံးဝင်ရောက်လိုက်တဲ့အိမ်မှာပဲ တပည့်ဖြစ်သူနဲ့အတူ မိဘညီအစ်ကိုမောင်နှမ စုံစုံလင်လင်ကိုတွေ့လိုက်ရတယ်။ အားလုံးက ကျန်းကျန်းမာမာပါ။ ရောက်ရောက်ချင်းနှုတ်ဆက်စကားပြောကြရင်း သူတို့ကျွေးမွေးဧည့်ခံတဲ့ လက်ဖက်ရည်နဲ့ မုန့်ကိုစားပြီးမှ နောက်ထပ်တပည့်တစ်ယောက်ရဲ့ အိမ်ကို ဆက်လက်ထွက်ခွာလာခဲ့တယ်။ ဒါပေမဲ့ တပည့်ဖြစ်သူက အိမ်မှာမရှိဘဲ အလုပ်သွားပြီဆိုတာကြောင့် မတွေ့ခဲ့ရပါဘူး။ မိဘဖြစ်သူတွေရဲ့ ပြောကြားချက်အရ နောင်ချိုမြို့တွင်းက ဖုန်းအရောင်းဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်နေတယ်ဆိုတာသိလိုက်ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျန်းကျန်းမာမာနဲ့ အဆင်ပြေနေတယ်ဆိုတာကို သိလိုက်ရလို့ ဝမ်းသာသွားခဲ့တယ်။

ဒီလိုနဲ့ ဘူတာလမ်းထဲက မိမိရဲ့မိတ်ဆွေအငြိမ်းစားကျောင်းအုပ်ဆရာကြီးတစ်ယောက်ရဲ့အိမ်၊ တပည့်လေးတစ်ယောက်ရဲ့အိမ်တွေကိုဝင်ခဲ့ပြီး တောင်ရပ်ကွက်ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့တယ်။ တောင်ရပ်ကွက်က နောင်ချိုမြို့မဈေးကို ဖြတ်သန်းလာခဲ့ရတာကြောင့် ကားမောင်းနေရင်းနဲ့ နောင်ချိုဈေးကိုလှမ်းကြည့်ရှုမိလိုက်တယ်။ ဈေးဆိုင်တွေ၊ ရောင်းသူ၊ ဝယ်သူတွေနဲ့ လှုပ်လှုပ်ရှားရှား ဖြစ်နေတာကို တွေ့မြင်နေရတယ်။ ဈေးအတွင်းကို ဝင်ရောက်ကြည့်ရှုချင်ပေမဲ့ ခရီးစဉ်အရ ရွှေပြည်ညွန့်ရွာထိ ဆက်လက်သွားရောက်ကြရအုံးမှာမို့ ဈေးကိုကျော်ပြီး မောင်းနှင်လာခဲ့ရတယ်။ ဒီတစ်ခါ တောင်ရပ်ကွက်၊ ဟော်တော်ဘုန်းကြီးကျောင်းအနီးက တပည့်လေးတစ်ယောက်ရဲ့အိမ်ကိုရောက်ရှိလာပါပြီ။ တပည့်ကလေးရဲ့ အိမ်ကိုရောက်ရှိတဲ့အခါ တပည့်ဖြစ်သူနဲ့အတူ တစ်နှစ်ပြည့်မွေးနေ့ပွဲလုပ်နေတဲ့ ကလေးတစ်ယောက်ကိုလဲ တွေ့မြင်လိုက်ရတယ်။ တစ်နှစ်ပြည့်မွေးနေ့လုပ်နေတဲ့ကလေးက တပည့်ဖြစ်သူရဲ့ သားလေးပါ။ တပည့်ဖြစ်သူနဲ့ မတွေ့ရတာကြာပြီဖြစ်တဲ့ နှစ်ကာလတွေမှာ အိမ်ထောင်ကျသွားတာလဲမသိ၊ ကလေးရထားတာလဲမသိရဘဲ အခုခရီးစဉ်ရောက်မှ သိရ၊ တွေ့ရတော့တယ်။ တပည့်ဖြစ်သူနဲ့ တွေ့ဆုံစကားပြော၊ မွေးနေ့ပွဲမှာ စားသောက်ပြီးကြတာနဲ့ ရွှေပြည်ညွန့်ရွာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

ရွှေပြည်ညွန့်ရွာက ဂုတ်ထိပ်တံတားရှိရာကို သွားရောက်တဲ့လမ်းဘေးဝဲယာမှာ တည်ရှိနေတယ်။ နောင်ချိုမြို့တွင်းကနေ ကံကြီး-ဒုဋ္ဌဝတီတံတား-ရပ်စောက်လမ်းအတိုင်း မောင်းနှင်လာခဲ့ရတယ်။ ဂုတ်ထိပ်တံတားသို့ဆိုတဲ့ လမ်းညွှန်ဆိုင်းဘုတ်နဲ့ နောင်ချိုမြို့မှ နှုတ်ခွန်းဆက်သပါ၏ဆိုတဲ့ ဆိုင်းဘုတ်ကြီးတွေကိုတွေ့မှ ဘယ်ဘက်လမ်းအတိုင်း ချိုးကွေ့မောင်းနှင်ရမှာပါ။ ဆက်လက်မောင်းလာရင်းနဲ့ ဒေသအခေါ် ကံကြီးလမ်းပေါ်မှာ ဖွင့်လှစ်ရောင်းချနေတဲ့ ဈေးဆိုင်မျိုးစုံတွေ၊ သွားလာလှုပ်ရှားနေကြသူတွေနဲ့ စည်ကားစပြုနေတာကို တွေ့မြင်နေရတယ်။ နောင်ချိုမြို့ပတ်ဝန်းကျင်မှာ အရင်ကတည်းက ဒီလမ်း၊ ဒီနေရာက အမြဲတမ်းစည်ကားနေလေ့ရှိနေတယ်။

ရွှေပြည်ညွန့်ရွာသွားတဲ့လမ်းကို ချိုးကွေ့လာတာနဲ့ ပြောင်းစိုက်ခင်းတွေကို တွေ့မြင်လာရတယ်။ နောင်ချိုဒေသက ဂျုံ၊ ကြံနဲ့ ပြောင်းကိုအစိုက်များကြတယ်။ ပြောင်းစိုက်ခင်းတွေကို တစ်ခင်းပြီးတစ်ခင်း ဖြတ်ကျော်လာရင်း မကြာခင်မှာ ရွှေပြည်ညွန့်ရွာကို ရောက်လာခဲ့တယ်။ ရွာကိုရောက်ရောက်ချင်း ကြိုတင်ဖုန်းဆက်အကြောင်းကြားထားတဲ့ တပည့်ကလေးတစ်ယောက်အိမ်မှာ နားကြရတယ်။ တပည့်ဖြစ်သူက ထမင်းစားသောက်ကြဖို့ပြောဆိုပေမဲ့ မဆာသေးကြောင်းနဲ့ နားနားနေနေနေချင်သေးကြောင်း ပြောဆိုပြီး ခဏတာအိပ်စက်အနားယူလိုက်တယ်။ အိပ်ရာထရေမိုးချိုးပြီးမှ တည်ခင်းဧည့်ခံတဲ့ ထမင်းဟင်းတွေကို စားသောက်ကြရတယ်။ ပြင်ဦးလွင်ကနေ မနက်စောစောကတည်းက ထွက်ခွာလာခဲ့ရတဲ့အပြင် ရွှေပြည်ညွန့်ရွာပြီးရင် နောက်ထပ်ခရီးစဉ်မရှိတော့ဘဲ ပြင်ဦးလွင်ကိုပြန်ကြတော့မှာဖြစ်လို့ နောက်ဆုံးဖြစ်တဲ့ ရွှေပြည်ညွန့်ရွာမှာ အေးအေးဆေးဆေးအနားယူစားသောက်ကြရတာပါ။ ဒ့ါပြင် ခရီးစဉ်ကို စတင်စီစဉ်ကတည်းက ရွှေပြည်ညွန့်ရွာမှာ ဝက်သားဟင်းမျိုးစုံနဲ့ ကောင်းကောင်းစားသောက်ကြမယ်ဆိုပြီး စီစဉ်ထားခဲ့တယ်။ ရွှေပြည်ညွန့်ရွာကိုရောက်တိုင်း ဝက်သားဟင်းမျိုးစုံနဲ့ စားသောက်ကြရတာပါ။

ထမင်းစားသောက်ကြပြီးတာနဲ့ တပည့်လေးတွေရဲ့ အိမ်ရှိရာတွေကို သွားရောက်ကြရတယ်။ တပည့်အားလုံးကတော့ ဝမ်းပန်းတသာ ပြုံးပြုံးရွှင်ရွှင်နဲ့ ခရီးဦးကြိုကြတယ်။ ဒါကြောင့်လဲ တပည့်တွေနဲ့ ထပ်တူဝမ်းသာပျော်ရွှင်နေရတယ်။ တပည့်စေ့၊ အိမ်စေ့ဖြစ်တာနဲ့ ညနေစောင်းမှာ ပြင်ဦးလွင်ကို ပြန်လည်ထွက်ခွာလာခဲ့ကြတာ ချောချောမောမော ကောင်းကောင်းမွန်မွန် ရောက်ရှိလာခဲ့ရတယ်။ မရောက်တာကြာပြီဖြစ်တဲ့ နောင်ချိုမြို့ကိုတော့ ရောက်ရှိခဲ့ရပါပြီ။

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၉၀၇၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၉၀၇၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၁၃၇၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ ၉၀၇၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက အရာတော်မြို့နယ်မှာ နှမ်း ၃၁၃၇၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် မိုးနှမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးစသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့ စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။ (၂၀၆)

# ကလောမြို့နယ် သရက်ပုကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကလော စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ သရက်ပုကျေးရွာ၌ ပဥ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က VRFP စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကြောင်းအရာများ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၅၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက သရက်ပုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို ရန်ပုံငွေကျပ် ၅၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးတန် ပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မြောင်းမြ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ငါးတန်ပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးတန်ပိသာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးတန်ပိသာချိန်၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ မြောင်းမြမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးတန်အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း မြောင်းမြမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးတန်ပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မြောင်းမြမြို့နယ်က



ထွက်တဲ့ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ပြီးခဲ့တဲ့ဩဂုတ်လအတွင်းကော၊ အခုလက်ရှိကော ရေထွက်ကုန်ပစ္စည်းတွေကို ဝယ်ယူတာများနေပါတယ်။ ငါးတန်က ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေပါတယ်။ တင်ပို့အားတက်လာတော့ ငါးတန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်"ဟု မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိသာလျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါငါးတန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးရောင်းဝယ်ရေးကုန်သည်များ၊ ငါးကန်လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းဘူးမြို့နယ် မန်းကျိုးကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု စစ်ဆေး

**မင်းဘူး စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ မန်းကျိုးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံ အင်ဂျင်နီယာက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ မန်းကျိုးကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက Myint Zu Aung ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မန်းကျိုးကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်၊ အနက်ပေ ၃၀၀ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ အိမ်သုံးမီတာ တပ်ဆင်ခြင်းနှင့် မီတာခန်း တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၅ သန်းဖြင့် Myint Zu Aung ကုမ္ပဏီက ယခုနှစ် ဇွန် ၂၆ ရက်မှစတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ပြောပြ၍ သိရသည်။

**ဇင်မာ**



# သံတောင်ကြီးမြို့နယ် ဖယ်ဘိုးအထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သံတောင်ကြီး စက်တင်ဘာ ၂၁**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဖယ်ဘိုးအထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဖယ်ဘိုးအထက်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်က စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဖယ်ဘိုးအထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၃၀ ကို ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

ပေါက်ပေါက်

# ဒိန်ချဉ်နှင့် ကျန်းမာရေး

ဒိန်ချဉ်ကို အရှေ့အလယ်ပိုင်းဒေသတွင် ၁၃ ရာစုနှစ်မှ စတင်သောက်သုံးလာခဲ့ကြောင်း သမိုင်းရာဇဝင်များဖော်ပြချက်အရ သိရသည်။ မျက်မှောက်ကာလတွင် လူမျိုးဘာသာမရွေး၊ ကျား၊မ မရွေး နှစ်ခြိုက်စွာ စားသုံးလျက်ရှိကြသည်။

**ဒိန်ချဉ် ပြုလုပ်နည်း**

ဒိန်ချဉ်ကို မိမိနှစ်သက်ရာ နည်းများအတိုင်း ပုံစံအမျိုးမျိုး ပြုလုပ်နိုင်သည်။ (က) နွားနို့ကို အတန်ငယ်ပျစ်အောင်ကျိုချက် အအေးခံထားပြီး၊ အဝကျယ်မြေအိုးသန့်သန့် တစ်လုံးထဲထည့်၍ တဆေး (yeast) အနည်းငယ်ထည့်ခြင်း၊ (ခ) ဒိန်ချဉ်နှစ်ဇွန်းခန့်ကို မြေအိုးထဲထည့်ပြီး ကျိုချက်အအေးခံထားသောနွားနို့ကို လောင်းထည့်ခြင်း၊ (ဂ) ဆူပွက်အောင်ကျိုချက်ထားသည့် နွားနို့ကိုဒိန်ချဉ်လုပ်မည့် မြေအိုးထဲလောင်းထည့်ပြီး ခပ်နွေးနွေးအနေအထားတွင် ထိုနို့အိုးထဲသို့ သံပုရာရည် နှစ်စက်ထည့်ခြင်း စသည့်နည်းတို့ဖြင့် ဒိန်ချဉ်ပြုလုပ်နိုင်သည်။

နွားနို့၊ ကျွဲနို့၊ ဆိတ်နို့၊ ပဲနို့တို့ဖြင့် ဒိန်ချဉ်ပြုလုပ်နိုင်သည်။ မြန်မာနိုင်ငံတွင် နွားနို့ နှင့် ကျွဲနို့ တို့ဖြင့်သာ ဒိန်ချဉ်လုပ်လေ့ရှိသည်။ နွားနို့ဒိန်ချဉ်သည် အရောင်ဝါဖန့်ဖန့်ဖြစ်၍ အသားပျော့ပြီး၊ ကျွဲနို့ဒိန်ချဉ်သည် ဖြူဖွေးကာ အတန်ငယ် အသားတောင့်တင်းသည်။ ဒိန်ချဉ်ကို ဆားအနည်းငယ်ထည့်ကာ ထန်းလျက်ရည် သို့မဟုတ် သကြား သို့မဟုတ် ပျားရည်တို့နှင့်အတူ မိမိနှစ်သက်ရာ ပန်းသီး၊ စတော်ဘယ်ရီ၊ စပျစ်၊ ဖရဲ၊ သဘော်၊ ငှက်ပျော၊ ထောပတ်သီး စသည်တို့ဖြင့် ဖျော်စားနိုင်သည်။

**ဒိန်ချဉ်နှင့် ကျန်းမာရေး**

WHFoods ၏ ဓာတ်ခွဲစမ်းသပ်ချက်များအရ ၂၄၅ ဂရမ်ရှိသော ဒိန်ချဉ် တစ်ခွက်ထဲတွင် ကယ်လိုရီ ၁၅၄ ဒသမ ၃၅၊ အိုင်အိုဒင်း ၈၇ ဒသမ ၂၂ မိုက်ခရိုဂရမ်၊ ကယ်လ်စီယမ် ၄၄၈ ဒသမ ၃၅ မီလီဂရမ်၊ ဖော့စဖရတ် ၃၅၂ ဒသမ ၈၀ မီလီဂရမ်၊ ဗီတာမင် (ဘီတူး) သုည ဒသမ ၅၂ မီလီဂရမ်၊ ပရိုတင်း ၁၂ ဒသမ ၈၆ ဂရမ်၊ ဗီတာမင်(ဘီတွဲ) ၁ ဒသမ ၃၇ မိုက်ခရိုဂရမ်၊ Tryptophan သုည ဒသမ သုည ၇ ဂရမ်၊ ပိုတက်စီယမ် ၅၇၃ ဒသမ ၃၀ မီလီဂရမ်၊ Molybdenum ၁၁ ဒသမ ၂၇ မိုက်ခရိုဂရမ်၊ ဇင့် ၂ ဒသမ ၁၈ မီလီဂရမ် နှင့် ဗီတာမင်(ဘီဖိုက်) ၁ ဒသမ ၄၅ မီလီဂရမ် တို့အသီးသီး ပါရှိကြသည်။

ဒိန်ချဉ်ထဲတွင် ဗီတာမင်နှင့် သတ္တုဓာတ်များ ကြွယ်ဝသည့်အပြင် Probiotic ခေါ် ခန္ဓာကိုယ်အကျိုးပြု ဗက်တီးရီးယားများစွာပါရှိ၍ နေ့စဉ် ဒိန်ချဉ် ၁၀၀ ဂရမ် သောက်သုံးပေးခြင်းဖြင့် ကိုယ်ခံစွမ်းအားကို တိုးတက်ကောင်းမွန်စေသည်။

အိန္ဒိယနိုင်ငံတွင် လူ ၁၆၂ ဦးကို ရက်သတ္တပတ်လျှင် သုံးကြိမ်နှုန်းဖြင့် ဒိန်ချဉ်ငါးနှစ်ကြာ စားသုံးစေပြီးနောက် စမ်းသပ်ကြည့်ရာ ပြင်ပရောဂါများကူးစက်ခြင်းမှကာကွယ်ပေးပြီး သက်ရှည်ကျန်းမာစေကြောင်း အိန္ဒိယဆေးကျမ်းများတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုတွင် စမ်းသပ်ချက်များအရ အမျိုးသမီးများအစာစားပြီးတိုင်း ဒိန်ချဉ်တစ်ခွက်သောက်ခြင်းဖြင့် ခန္ဓာကိုယ်ထဲရှိ Parathyroid ဟော်မုန်းစိမ့်ထွက်စေကာ၊ ခန္ဓာကိုယ်ထဲရှိ မလိုလားအပ်သောအဆီဓာတ်များ လောင်ကျွမ်း၍ ဗိုက်ချပ်စေကြောင်း၊ မကောင်းသော LDL ကိုလက်စထရောကျစေပြီး ကောင်းသော HDL ကိုလက်စထရောမြင့်တင်ပေးကြောင်း၊ ဒိန်ချဉ်ထဲတွင်ပါရှိသော ဗက်တီးရီးယားများသည် အမျိုးသမီးယောနိကို သန့်စင်ပေးပြီး ယောနိအင်္ဂါမှိုစွဲခြင်း၊ အဖြူဆင်း၍ယားယံခြင်းမှ ကာကွယ်ပေးကြောင်း၊ ထို့ပြင် အမျိုးသမီးများ ဓမ္မတာလာစဉ် ဒိန်ချဉ်သောက်ခြင်းဖြင့် ကိုက်ခဲနာကျင်မှုဝေဒနာများ သက်သာစေကြောင်း၊ ပဋိသန္ဓေတားဆေးမှီဝဲသော အမျိုးသမီးများ ဟော်မုန်းထွက်ရှိမှုမျှတစေကြောင်း Yale ဆေးတက္ကသိုလ်ရှိသားဖွားနှင့်မီးယပ်ပါမောက္ခ Mary Jane Minkin မှ အကြံပြုထားသည်။

သုတေသနတစ်ခုအရ အဝလွန်သူများကို အဆီထုတ်ထားသောဒိန်ချဉ်ခြောက်အောင်စပမာဏဖြင့် တစ်နေ့သုံးကြိမ်စားသုံးစေပြီး ကယ်လိုရီလျှော့ခဲ့ရာ များမကြာမီအတွင်း ကိုယ်အလေးချိန် ၂၂ ရာခိုင်နှုန်း လျော့ကျခဲ့ပြီး ဝမ်းဗိုက်အဆီများလည်း ၆၁ ရာခိုင်နှုန်းအထိ လျော့ကျသွားကြောင်း တွေ့ရှိရသည်။



ဒိန်ချဉ်ထဲတွင်ပါရှိသော လက်တစ်အက်ဆစ်သည် ခံတွင်းထဲရှိဗက်တီးရီးယားပိုးမွှားများကို သေစေ၍၊ ခံတွင်းရနံ့ဆိုးများ ပြေပျောက်စေသည့်ပြင် သွားနှင့်သွားဖုံးတို့ကို ကျန်းမာစေကြောင်း၊ ရက်သတ္တပတ်လျှင် အနည်းဆုံးဒိန်ချဉ်လေးကြိမ် စားသောက်ခြင်းဖြင့် သွားပိုးစားခြင်းကို ၂၅ ရာခိုင်နှုန်း လျော့ကျကြောင်း၊ တိုကျိုမြို့ရှိ ဖုခုအိုဒါတက္ကသိုလ်နှင့် ဩစတြေးလျနိုင်ငံရှိ ဆေးသုတေသီများက အကြံပြုထားသည်။ အသက်သုံးနှစ်အရွယ် ကလေးငယ်များကို ဒိန်ချဉ်တိုက်ကျွေးခြင်းဖြင့် သွားများပေါ်တွင် အလွှာတစ်ထပ်ဖုံးစေကာ၊ သွားပိုးစားမှုသက်သာ၍ ခိုင်ခန့်လာကြောင်း ဗြိတိန်နိုင်ငံရှိ ဆေးသုတေသီများက အကြံပြုထားသည်။

အရွယ်ရောက်ပြီးသူ လူတစ်ယောက်၏ တစ်နေ့တာလိုအပ်ချက် ပရိုတင်း ၂၀ ရာခိုင်နှုန်းကို ဒိန်ချဉ် တစ်ခွက်မှရရှိနိုင်သည်။ ထို့ကြောင့် ရာသက်ပန်သတ်သက်လွတ်စားသူများသည် ခန္ဓာကိုယ်အတွက် ပရိုတင်းအားဖြည့်စာအဖြစ် ဒိန်ချဉ်စားပေးသင့်သည်။

ဒိန်ချဉ်ထဲတွင်ပါရှိသော အကျိုးပြု ဗက်တီးရီးယားများသည် နွားနို့ထက်ပို၍ အစာခြေစနစ်တိုးတက်ကောင်းမွန်စေပြီး အစာမကြေ၊ လေပွ၊ ဝမ်းချုပ်၊ ဝမ်းလျှော၊ ဝမ်းပျက်ခြင်းတို့ကို ကုသပေးနိုင်ကြောင်း၊ ဆာလောင်မွတ်သိပ်မှုကို ပြေပျောက်စေကြောင်း၊ အစာအိမ်နှင့်အူလမ်းကြောင်းကို ကောင်းကျိုးပြုကြောင်း၊ ဒိန်ချဉ်သောက်သုံးခြင်းဖြင့် ဝမ်းမလျှောစေကြောင်း၊ မစင်ထဲ၌ပါခြင်းသည် မှိုပိုးဝင်ရောက်ခြင်းဖြစ်၍ ဒိန်ချဉ်စားခြင်းဖြင့် သက်သာစေကြောင်း၊ မလိုင်ပြည့် ဒိန်ချဉ်သောက်သုံးခြင်းဖြင့် ဖက်ခွက်နာ၊ ပြည်တည်နာစသည့် ကိုယ်တွင်း၊ကိုယ်ပ အနာများပျောက်ကင်းကာ အူမကြီးကင်ဆာဖြစ်နိုင်ခြေ အလားအလာ ၇၅ ရာခိုင်နှုန်း နည်းပါးစေကြောင်း စသည်တို့ကို The American Journal of Clinical Nutrition ဂျာနယ်တွင် အကျယ်တဝင့် ဖော်ပြထားသည်။

ဒိန်ချဉ်ထဲတွင်ပါရှိသော Probiotic ဗက်တီးရီးယားများသည် အဆစ်အမျက်ရောင်ရမ်းနာကျင်ခြင်းဝေဒနာများကို ထိထိရောက်ရောက် ကုသပေးနိုင်သည့်ပြင် အဆီနည်းသောဒိန်ချဉ် သောက်သုံးပေးခြင်းဖြင့် ဂေါက်ရောဂါဖြစ်နိုင်ခြေကို လျော့နည်းစေကြောင်း အစ္စရေးနိုင်ငံ၏ ကျန်းမာရေးဂျာနယ်တွင် ဖော်ပြထားသည်။

အရက်အလွန်အကျွံ သောက်သူများသည် ဒိန်ချဉ်ကို တွဲဖက်သောက်သုံးပေးခြင်းဖြင့် ခန္ဓာကိုယ်၏ ခြေဖျက်အင်ဇိုင်းအားကောင်းစေကာ အသည်းထိခိုက်မှုကို လျော့နည်းစေကြောင်း၊ အဆုတ်ကို ကျန်းမာစေသဖြင့် ဆေးလိပ်သောက်သူများလည်း ဒိန်ချဉ်စားပေးသင့်ကြောင်း ရုရှားနိုင်ငံဆေးပညာရှင်များက အကြံပြုထားသည်။

ရာသီဥတု အပြောင်းအလဲကြောင့် ဓာတ်မတည့်ခြင်း၊ လည်ချောင်းနာခြင်းနှင့် အအေးမိနှာစေးခြင်းများ သက်သာစေကြောင်း၊ ညဘက်နှစ်ခြိုက်စွာ အိပ်ပျော်စေကြောင်း၊ ငယ်စဉ်ကတည်းက ဒိန်ချဉ်ကို စွဲစွဲမြဲမြဲသောက်သုံးသူသည် သက်ကြီးပိုင်း သွေးတိုးရောဂါမဖြစ်စေကြောင်း ဗြိတိန်နိုင်ငံ ဆေးသုတေသီများက အကြံပြုထားသည်။

သိုင်းရှိုက်ဝေဒနာသည်များ အိုင်အိုဒင်းဖြည့်စွက်ဓာတ်စာအဖြစ် ဒိန်ချဉ် စားပေးသင့်သည်။

The Massachusetts Institute of Technology မှ ဆေးသုတေသီများသည် ကြွက်များဖြင့် စမ်းသပ်ကြည့်ရာ သွေးလည်ပတ်မှုအားကောင်းစေ၍ ကပ်ပယ်အိတ်ကြီးထွားကာ အရည်အသွေးမီသုက်ရည်များထွက်ရှိပြီး အိမ်ထောင်ရေးသုခပြည့်ဝစေနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

နို့တိုက်မိခင်များ အဆီနည်းသော ဒိန်ချဉ်သောက်သင့်ကြောင်း၊ အသက် ၁၀ နှစ်မှ ၁၂ အရွယ်ကြီးထွားဖွံ့ဖြိုးဆဲ အမျိုးသမီးငယ်များ အရိုးအားကောင်းစေရန် ကယ်လ်စီယမ်ဖြည့်စွက်စာအဖြစ် ဒိန်ချဉ်စားသုံးပေးသင့်ကြောင်း၊ အရိုးကြီးထွားမှုလျှင်မြန်ပြီး အရိုးသိပ်သည်းဆ အားကောင်းကာ သန်မာစေကြောင်း၊ ဒိန်ချဉ်ထဲတွင် lactoferrin ဓာတ်ပါရှိခြင်းကြောင့် အရိုးပျော့ရောဂါမှ ကာကွယ်ပေးကြောင်း၊ သက်ကြီးပိုင်းအရိုးပါး၊ အရိုးပွရောဂါမဖြစ်စေကြောင်း၊ ထို့ပြင် ကယ်လ်စီယမ်ကြွယ်ဝ၍ အားကစားသမားများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကြွက်တက်ခြင်းမှ သက်သာစေကြောင်း စသည်တို့ကို စင်ကာပူနိုင်ငံ ဂျန်ဂီအထွေထွေရောဂါကုဆေးရုံကြီးမှ အာဟာရဗေဒပညာရှင်အကြီးအကဲ Mrs Magdalin Cheong က အကြံပြုထားသည်။

ဝက်ခြံပျောက်၍ အသားအရေ ဝင်းမွတ်စိုပြည်ခြင်း၊ အရွယ်တင်နုပျိုစေခြင်း၊ ဆံနွယ်အားကောင်း၍ ဆံပင်ကျွတ်ခြင်းမှသက်သာခြင်း၊ ဓာတ်ကြီးလေးပါးမှန်ကန်စေခြင်း၊ သွေးဆုံးပြီးအမျိုးသမီးများတွင် သွေးသားပြောင်းလဲမှုကြောင့် အသားအရေ ပြောင်းလဲမှုမှ သက်သာစေခြင်း စသည်ဖြင့် ကောင်းကျိုးပြုသည်။

**သွေးတိုးရောဂါအတွက် သီးစုံဒိန်ချဉ်အစွမ်း**

အမေရိကန်ပြည်ထောင်စုရှိ National Dairy Council ကကြီးမှူး၍ ဘော်စတွန်မြို့ Boston University School of Medicine မှ ပါမောက္ခ Justin Buendia ဦးဆောင်သောအဖွဲ့သည် ဒိန်ချဉ်နှင့်ပတ်သက်၍ သွေးတိုးရောဂါ အခြေအနေကို လေ့လာစမ်းစစ်ခဲ့ကြသည်။ အဆိုပါစမ်းစစ်မှုတွင် အသက် ၂၅ နှစ် မှ ၅၅ နှစ်ရှိ အမျိုးသမီးသူနာပြု ၂၄၀,၀၀၀ ကျော်နှင့် အသက် ၄၀ မှ ၇၅ နှစ်ရှိ အမျိုးသားစေတနာ့ဝန်ထမ်းများကို လေ့လာခဲ့ခြင်းဖြစ်သည်။ အဆိုပါလေ့လာမှုမှတ်တမ်းအရ သွေးတိုးရောဂါအတွက် သီးစုံဒိန်ချဉ်၏ ဆေးစွမ်းထက်မြက်ပုံကို အောက်ပါအတိုင်း သိရှိခဲ့သည်။

ရက်သတ္တပတ်လျှင် ဒိန်ချဉ်ငါးခွက် ပုံမှန်စားပေးခြင်းက သွေးတိုးရောဂါဖြစ်နိုင်ခြေ အလားအလာကို ၂၀ ရာခိုင်နှုန်းထိ လျော့ချပေးနိုင်သည်။ အကယ်၍ ၎င်းဒိန်ချဉ်ထဲတွင် အသီးအနှံ လတ်လတ်ဆတ်ဆတ်ထည့်၍ စားပေးနိုင်ပါက သွေးတိုးရောဂါဖြစ်နိုင်ခြေအလားအလာကို ၂၀ ရာခိုင်နှုန်းထက်ပိုမို၍ လျော့ချပေးနိုင်သည်။ ရက်သတ္တပတ်လျှင် ဒိန်ချဉ်ငါးခွက်စားသောအမျိုးသမီးများကို တစ်ပတ်လျှင်ဒိန်ချဉ်တစ်ခွက်မျှသာစားသူများနှင့်နှိုင်းယှဉ်ကြည့်ရာ သွေးတိုးရောဂါဖြစ်ခြင်းမှ ၃၁ ရာခိုင်နှုန်းထိ ကာကွယ်ထားနိုင်ကြောင်းတွေ့ရသည်။ ထို့ပြင် ရက်သတ္တပတ်လျှင် ဒိန်ချဉ်ငါးခွက်ပုံမှန်စားပေးခြင်းက ဟင်းသီးဟင်းရွက်၊ အစေ့အဆန်နှင့် ပဲအမျိုးမျိုးစားသုံးခြင်းထက်ကျန်းမာရေးနှင့်ပိုမိုညီညွတ်ကြောင်း အဖြေထွက်ရှိခဲ့သည်။

**ဒိန်ချဉ်စားလျှင် သတိယှဉ်**

အထက်ဖော်ပြပါ လေ့လာမှုမှတ်တမ်းများအရ ဒိန်ချဉ်သည် သွေးထဲရှိ သကြားပမာဏကိုလည်း လျှော့ချပေးနိုင်ကြောင်း သိရသည်။ သုတေသီများ၏ မှတ်တမ်းအရ ဒိန်ချဉ်သည် အရိုးပွ၊ အရိုးပါးရောဂါကို ကာကွယ်ပေးနိုင်သည့်အပြင်၊ နှလုံးနှင့် နှလုံးသွေးကြောရောဂါအမျိုးမျိုးအတွက်ကိုလည်း ကောင်းကျိုးပြုနိုင်ကြောင်းသိရသည်။ သို့သော် ဒိန်ချဉ်၏ သဘောသဘာဝသည် နို့ထွက်ပစ္စည်းဖြစ်သဖြင့် လူတစ်ဦးစားသုံးသင့်သည့် ပမာဏထက်ပို၍ စားသုံးခြင်း သို့မဟုတ် သကြားများများထည့်၍ ဒိန်ချဉ်သောက်သုံးခြင်းက ကျန်းမာရေးနှင့် မညီညွတ်ဘဲ သွေးထဲရှိသကြားမာဏကို ပိုမိုမြင့်မားလာစေသည်။ ထို့ပြင် ခန္ဓာကိုယ်အလေးချိန်တိုးလာခြင်း၊ ကလေးများတွင်သွားပိုးစားခြင်း စသည့် ဘေးထွက်ဆိုးကျိုးတွေ ဖြစ်လာစေနိုင်သည်။ သို့ပါ၍ ဒိန်ချဉ်စားသည့်အခါ အချိုလျှော့ထည့်စားကြပါရန်နှင့် သွေးတိုးရောဂါသည်များအနေဖြင့် သီးစုံဒိန်ချဉ်ကို ဦးစားပေးစားသုံးကြပါရန် အကြံပြုတိုက်တွန်းလိုက်ရပါသည်။

**ကိုးကား**

– WHFoods'w World's Healthiest Food–Yogurt

# ရာသီဥတုပြောင်းလဲမှုဒဏ်ခံစားနေရသော ပါကစ္စတန်နိုင်ငံ

မောင်စိန်အိ(နဘဲမြေ)

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် လူသားတို့နေထိုင်သောကမ္ဘာကြီးကို ခြိမ်းခြောက်လျက်ရှိရာ ဂေဟစနစ်များယိုယွင်းပျက်စီးခြင်း၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်းများနစ်မွန်းခြင်းနှင့် လူသားတို့၏လူနေမှုဘဝကိုထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုဒဏ် ခံစားနေရသောနိုင်ငံများအနက် ပါကစ္စတန်နိုင်ငံသည် ပိုမိုပြင်းထန်စွာခံစားရလျက်ရှိသည်။

ပါကစ္စတန်သမိုင်းတစ်လျှောက်တွင် အဆိုးရွားဆုံးဖြစ်သည့် ၂၀၂၂ ခုနှစ် ရေကြီးရေလျှံမှုသည် တိုင်းပြည်ဧရိယာ သုံးပုံခန့်ရေနစ်မြုပ်သွားခဲ့ပြီး ပြည်သူ ၃၃ သန်းအပေါ် ဆိုးကျိုးသက်ရောက်မှုဖြစ်ပေါ်စေခဲ့သည့်အပြင် လူဦးရေ ၁၇၀၀ သေဆုံးခဲ့သည်။ ထို့ပြင် ပျက်စီးဆုံးရှုံးမှုနှင့် စီးပွားရေးဆိုင်ရာဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၀ ဘီလီယံရှိခဲ့ကြောင်း ကမ္ဘာ့ဘဏ်အချက်အလက်များအရ သိရသည်။

ပါကစ္စတန်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်နိုင်ခြေအညွှန်းကိန်း၌ သိသိသာသာ မြင့်တက်လာလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်တွင် ဂျာမနီနိုင်ငံ၏ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအန္တရာယ်အညွှန်းကိန်း၌ အစွန်းရောက်ရာသီဥတုဒဏ်ခံစားနေရသော နိုင်ငံများစာရင်းတွင် ပါကစ္စတန်နိုင်ငံသည် အဆင့် ၅ ၌ ရပ်တည်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ မုတ်သုံရာသီတွင် စီးပွားရေးဆိုင်ရာဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့သောကြောင့် လက်ရှိအချိန်တွင် ပါကစ္စတန်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဒဏ်ခံစားနေရသော နိုင်ငံများစာရင်း၌ ထိပ်ဆုံးမှရပ်တည်လျက်ရှိသည်။

လက်ရှိအချိန်တွင် ပါကစ္စတန်၌ ရာသီဥတုဆိုင်ရာကပ်ဘေးသည် တဖြည်းဖြည်းထူပြောလာလျက်ရှိသည်။ လက်ရှိမုတ်သုံရာသီတစ်ခုတည်း၌ပင်လျှင် ရာသီဥတုနှင့်ဆက်နွှယ်သော သဘာဝဘေးအန္တရာယ်များကြောင့် ကလေးငယ် ၂၀၃ ဦးအပါအဝင် ပြည်သူ ၈၀၂ ဦးသေဆုံးခဲ့ပြီးဖြစ်ပြီး သေဆုံးသူအများစုမှာ ခိုက်ဘာပက်ထွန်ခဝါပြည်နယ် (Khyber Pakhtunkhwa)မှဖြစ်ကြသည်။ အခြေခံအဆောက်အအုံများ၊ ကောက်ပဲသီးနှံများနှင့် မွေးမြူရေးတိရစ္ဆာန်များသည်လည်း အမြောက်အမြားထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည်။

အပူချိန်မြင့်တက်လာမှုကြောင့် ရေခဲတောင်များအရည်ပျော်ကျဆင်းလာခြင်းသည် ပါကစ္စတန်နိုင်ငံ၏မြောက်ပိုင်းဒေသများတွင် ရေခဲမြစ်ကြောင့်ရေကန်ကြီးများ ထောင်ပေါင်းများစွာ ဖြစ်ပေါ်လာစေလျက်ရှိသည်။ ၎င်းရေကန်ကြီးများသည် ရေခဲကန်များရုတ်တရက်ရေကြီးရေလျှံခြင်း (GLOFs)ဖြစ်စဉ်များကိုဖြစ်ပေါ်စေနိုင်သည်။ အဆိုပါဖြစ်စဉ်များသည် နာရီအနည်းငယ်အတွင်း ရေထုထည်သန်းပေါင်းများစွာမြင့်တက်လာစေပြီး ခိုင်ဘာပက်ထွန်ခဝါနှင့် ဂီလ်ဂျစ်ဘယ်တီစတန် (Gilgit-Baltistan)ဒေသတို့ရှိပြည်သူ ခုနစ်သန်း၏ အသက်အိုးအိမ်များကို ခြိမ်းခြောက်မှုဖြစ်စေလျက်ရှိသည်။

ပါကစ္စတန်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကိုမမျှမတခံစားနေရမှုနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးရန်ပုံငွေရရှိမှု နှေးကွေးနေခြင်းကို မကြာခဏ မီးမောင်းထိုးပြသလျက်ရှိသည်။ နိုင်ငံတကာမှ လှူဒါန်းသူများက ကတိကဝတ်ပြုထားသော အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအနက် ၂ ဒသမ ၈ ဘီလီယံ ကိုသာ လက်ခံရရှိနေချိန်၌ ပါကစ္စတန်နိုင်ငံသည် ကိုယ်ပိုင်စီမံခန့်ခွဲရန်ပျက်ကွက်မှုနှင့် ရာသီဥတုနှင့် လိုက်လျောက်ညီထွေနေထိုင်နိုင်ရေး အရှိန်မြှင့်လုပ်ဆောင်ရန်အတွက်လည်း နိုင်ငံရေးဆိုင်ရာ စိတ်အားထက်သန်မှုတို့ပျက်ကွက်လျက်ရှိသည်။

သာဓကအနေဖြင့် ကုလသမဂ္ဂကကျောထောက်နောက်ခံပေးထားသည့် အမေရိကန် ဒေါ်လာ ၃၇ သန်းကုန်ကျမည့် GLOF-II စီမံကိန်းသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာကြိုတင်ပြင်ဆင်မှုမြှင့်တင်ရန်နှင့် ကြိုတင်သတိပေးစနစ်များ ဖြန့်ဝေသွားရန် ပျက်ကွက်မှုများ၊ အထူးသဖြင့် ရန်ပုံငွေများကို




အလွဲသုံးစားပြုနေမှုများကြောင့် ပြစ်တင်ဝေဖန်မှုများနှင့်ရင်ဆိုင်ရလျက်ရှိသည်။ တခြားသော စီမံကိန်းများသည်လည်း အင်စတီကျူရှင်းပိုင်းဆိုင်ရာစွမ်းဆောင်ရည်အားနည်းမှုနှင့် အဂတိလိုက်စားမှုများ သို့မဟုတ် သစ်တောများပြုန်းတီးမှုများကြောင့် တန်ဖိုးကျဆင်းလာမှုများဖြစ် ပေါ်လျက်ရှိသဖြင့် လုပ်ငန်းများရပ်ဆိုင်းထားရလျက်ရှိသည်။

ကမ္ဘာတစ်ဝန်း၌ဖြစ်ပေါ်လျက်ရှိသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးမှုများကိုကုစားရေးအတွက် ရာသီဥတုပြောင်းလဲမှု လျော့ချရေးရန်ပုံငွေဖြင့် ဖြည့်ဆည်းသွားရန် (၂၇)ကြိမ်မြောက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ကွန်ဖရန့်(COP27) ၌ ကတိကဝတ်ပြုခဲ့ကြသည်။ သို့သော် ယခုနှစ် ဇွန်လထိ နိုင်ငံပေါင်း ၂၇ နိုင်ငံက အမေရိကန်ဒေါ်လာ ၇၈၉ သန်းသာ လှူဒါန်းသွားရန် ကတိကဝတ်ပြုခဲ့သည်။ စင်စစ်အားဖြင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးအတွက် နှစ်စဉ်အမေရိကန်ဒေါ်လာ ဘီလီယံများစွာလိုအပ်လျက်ရှိသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာပြဿနာများအတွက် တာဝန်ရှိသော်လည်း ပါကစ္စတန်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်သည့် ကပ်ဘေးအတွင်း၌ ရုန်းကန်နိုင်စွမ်းမရှိကြောင်းတွေ့ရှိရသည်။ ပါကစ္စတန်အစိုးရအနေဖြင့် ၎င်း၏ပျက်ကွက်မှုများနှင့် လိုအပ်ချက်များကို ချက်ချင်းဖြေရှင်းပြီး ကြိုတင်စီမံဆောင်ရွက်နိုင်သည့် ရပ်တည်ချက်ကိုချက်ချင်း အကောင်အထည်ဖော်သွားရန်လိုအပ်သည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို စဉ်ဆက်မပြတ်ရင်ဆိုင် ဖြေရှင်းသွားနိုင်ရန်သည် နိုင်ငံတကာမှပံ့ပိုးသော ရာသီဥတုပြောင်းလဲမှုလျော့ချရေးဆိုင်ရာ ရန်ပုံငွေတစ်ခုတည်းအပေါ်တွင်သာ မှီခိုအားထားနေ၍ ရမည်မဟုတ်ဘဲ ပြည်တွင်းအရင်းအမြစ်များစုဆောင်းပြီး ရာသီဥတုစီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုပုံစံများကို ပြောင်းလဲသွားရန် လိုအပ်နေပြီဖြစ်သည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ချမ်းသာသောနိုင်ငံများကိုသာ လုံးလုံးလျားလျားပြစ်တင်ဝေဖန်နေသည်ထက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ကုန်ထုတ်လုပ်မှုမြှင့်တင်ပြီး ကာဗွန်ထုတ်လွှတ်မှုလျော့ချသည့် ရာသီဥတုဒဏ်ကြံ့ကြံ့ခံနိုင်သော အခြေခံအဆောက်အအုံများတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်အားပေးသွားသင့်ပေသည်။

ထို့ပြင် ပါကစ္စတန်နိုင်ငံအနေဖြင့် ကောက်ပဲသီးနှံအာမခံနှင့် အစိမ်းရောင်လုပ်ငန်း စာချုပ်စာတမ်းများကဲ့သို့သော ဘေးအန္တရာယ်မျှဝေခံစားနိုင်သည့်ယန္တရားများထူထောင်ခြင်းနှင့် ရာသီဥတုကြောင့်ဖြစ်ပေါ်လာသည့်ကြွေးမြီများအတွက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရန်ပုံငွေထူထောင်ခြင်းကဲ့သို့သော အစားထိုးနည်းလည်းများကိုလည်း ကြံဆလုပ်ဆောင်သွားရန်လိုအပ်သည်။

ပါကစ္စတန်နိုင်ငံ၏ စွမ်းအင်သုံးစွဲမှုသည် လောင်စာဆီ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးအပါအဝင် ရုပ်ကြွင်းလောင်စာများကိုသာ အများဆုံးအသုံးပြုလျက်ရှိသည်။ စွမ်းအင်ကဏ္ဍတွင် အကြွေးသံသရာလည်နေခြင်းသည် လက်ရှိအချိန်၌ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေနေထိုင်မှုနှင့် စီးပွားရေးဆိုင်ရာတည်ငြိမ်မှုတို့ကို အင်အားချည့်နဲ့စေသည့် ခြိမ်းခြောက်မှုနှစ်မျိုးကို ဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ပြင် အစွန်းရောက်အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်သမားများသည် ပါကစ္စတန်၏ ဖိအားအများဆုံးသော စိန်ခေါ်မှုကြီးပင်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံ၏ ထိလွယ်ရှလွယ်ရှိသောစီးပွားရေးနှင့် ကန့်သတ်ချက်ရှိသော ပြည်ပအရန်ငွေပမာဏတို့ကြောင့် ရေတိုကာလတွင် ရုပ်ကြွင်းလောင်စာများအပေါ်တွင်သာ မလွဲသာမရှောင်သာ မှီခိုအားထားနေရသည်။ မည်သို့ပင်ဆိုစေ ပါကစ္စတန်အနေဖြင့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားရန်လိုအပ်နေပြီး အနာဂတ်တွင် ပိုမိုသန့်ရှင်းပြီး ကြံ့ကြံ့ခံနိုင်သော စွမ်းအင်ကိုရှာဖွေသွားရန် လိုအပ်သည်။

ပါကစ္စတန်နိုင်ငံ၌ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)အချိုးအစားတွင် အခွန်ငွေရရှိမှုနည်းပါးနေမှုများ၊ စွမ်းအင်ဖြန့်ဝေရာတွင်လေလွင့်ဆုံးရှုံးမှုများ၊ ပံ့ပိုးငွေစီမံရာတွင် ညံ့ဖျင်းမှုများကဲ့သို့သော စွမ်းဆောင်ရည်ကင်းမဲ့နေမှုများကို စနစ်တကျဖြေရှင်းသွားခြင်းသည် ရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်သည့် ဘဏ္ဍာငွေလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် အင်စတီကျူရှင်းပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုလည်း လုပ်ဆောင်သွားရန်လိုအပ်သည်။

ပါကစ္စတန်နိုင်ငံသည် လာမည့်ဆယ်စုနှစ်များတွင်လည်း ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်နိုင်ခြေရှိနိုင်သည့် နိုင်ငံများတွင် ဆက်လက်ပါဝင်နေဦးမည်ဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးရေလျှံမှုနှင့် GLOFs ဖြစ်စဉ်များဖြစ်ပေါ်လျက်ရှိသည့် ပါကစ္စတန်နိုင်ငံသည် စည်းလုံးညီညွတ်မှု၊ ဘက်လိုက်မှုမရှိသည့် အမျိုးသားရေးဆိုင်ရာတုံ့ပြန်ဆောင်ရွက်မှုများ လိုအပ်လျက်ရှိသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများကိုဖြေရှင်းနိုင်ရေးကြိုးပမ်းရာတွင် အမှန်တကယ်တိုးတက်မှုအတွက် မိတ်ကပ်လိမ်းသည့် အစီအမံများသည် အန္တရာယ်ရှိသော လုပ်ရပ်များပင်ဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှုလျော့ချရေးဆိုင်ရာရန်ပုံငွေသည် ၄၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျော့ကြလာသည့်အချိန်တွင် ရာသီဥတုပြောင်းလဲမှုလျော့ချရေး ကြိုးပမ်းမှုများအပေါ် ပြည်သူများ၏ယုံကြည်မှုကျဆင်းလာလျက်ရှိသဖြင့် ပြည်တွင်း၌အခွန်ကောက်ခံ အစီအမံအသစ်များမှာလည်း မရိုးသားမှုများရှိလာကြောင်း ကျွမ်းကျင်ပညာရှင်များက ကောက်ချက်ချပြောဆိုလျက်ရှိသည်။

မည်သို့ပင်ဆိုစေ မုတ်သုံရာသီဥတုသည် တစ်ချိန်က ပျော်ရွှင်မှုနှင့် လုပ်ငန်းသစ်ပြန်လည် စတင်မှုအတွက် ရှေ့ပြေးနိမိတ်ဖြစ်ခဲ့သော်လည်း လက်ရှိအချိန်တွင် နာကျင်မှုနှင့် အလုံးစုံပျက်စီးဆုံးရှုံးမှုများကိုသယ်ဆောင်လာနေပြီဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကို တစ်စိတ်တစ်ဒေသအားဖြင့် ပြစ်တင်ပြောဆိုရမည်ဖြစ်သော်လည်း ညံ့ဖျင်းသောစီမံခန့်ခွဲမှုများကိုလည်း ပြစ်တင်ဝေဖန်သွားရန် လိုအပ်ပေသည်။ ရာသီဥတုပြောင်းလဲမှုကို ရှောင်လွှဲ၍မရသော်လည်း ညံ့ဖျင်းသောစီမံခန့်ခွဲမှုကို ပြောင်းလဲသွားရန်လိုအပ်နေပြီဖြစ်သည်။ ထို့ကြောင့် ပါကစ္စတန်နိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများအတွက် ဓနအင်အားကြွယ်ဝသော နိုင်ငံများကို ပြစ်တင်ဝေဖန်မှုများကို ရပ်တန့်ပြီး ပြင်းထန်သော ထိခိုက်ဆုံးရှုံးမှုများလျော့ချနိုင်မည့် အရေးပေါ်လုပ်ငန်းများ ချက်ချင်းလုပ်ဆောင်သွားရန်လိုအပ်နေပြီဖြစ်ပေသည်။

**ကိုးကား**

– Climate injustice no excuse for Pakistan's climate inaction by Asia Times.

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။




အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR

TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ချစ်ရတဲ့သူတွေ လက်ဆောင်ပေးထားတဲ့ ထီလက်မှတ်တွေကို ဘယ်လိုယူကြမလဲ ?

5 Digits




ထီလက်ဆောင် ပေးရန် Scan

“လက်ဆောင်”သို့ဝင်ပြီး “ထီလက်မှတ်ရယူမည်” ကိုရွေးပါ။ ထို့နောက် လက်ခံရရှိထားသော QR ကို Scan ဖတ်လိုက်ရုံနဲ့ ထီလက်မှတ်လက်ဆောင်တွေ ပိုင်ဆိုင်နိုင်ပါပြီ။ လက်ခံရရှိထားသော ထီလက်မှတ်များကို “ကျွန်ုပ်၏ထီလက်မှတ်” တွင် စစ်ဆေးနိုင်ပါသည်။

Call Center 777 (or) 09 677 000 777

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။


## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-သံရွာကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မဆုပြည့်စုံ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုင်းဝဏ္ဏဖြစ်ပါကြောင်း။

ဦးစိုင်းဝဏ္ဏ(၉/မသန(နိုင်)၀၉၅၇၆၃)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-သံရွာကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မသက်သက်ဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသက်ဦးဖြစ်ပါကြောင်း။

ဦးသက်ဦး(၉/ပမန(နိုင်)၀၇၃၁၈၃)

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထကမြို့သစ်၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်အောင်အောင်ဖြိုး၏ဖခင်အမည်မှန်မှာ ဦးထွန်းလူဖြစ်ပါကြောင်း။

ဦးထွန်းလူ
၉/မလန(နိုင်)၁၂၀၄၅၀

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထကမြို့သစ်၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်ဖြိုးမင်းခန့်၏ဖခင်အမည်မှန်မှာ ဦးသန်းထိုက်ဖြစ်ပါကြောင်း။

ဦးသန်းထိုက်
၇/ရတရ(နိုင်)၁၃၁၇၉၈

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထက(ခွဲ)အုပ်ကြီး၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်သီဟအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်သိန်းထွန်း ဖြစ်ပါကြောင်း။

ဦးအောင်သိန်းထွန်း
၉/မလန(နိုင်)၀၈၉၈၉၅

## ဖခင်အမည်မှန်

မလှိုင်မြို့၊ မြတံခွန်ကိုယ်ပိုင်ကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ထက်အာကာဦး၏ဖခင်အမည်မှန်မှာ ဦးတင်ဦး ဖြစ်ပါကြောင်း။

ဦးတင်ဦး
၉/တသန(နိုင်)၁၄၂၁၄၉

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-မြို့မကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးဖိုးငွေး၏သမီး မအိမြတ်ရွှေဇင်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မအိမြတ်ရွှေစင်ဖြစ်ပါကြောင်း။

မအိမြတ်ရွှေစင်(၉/နထက(နိုင်)၂၂၂၆၄၃)

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ဆုကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော (ဘ) ဦးမင်းဟန်၏သမီး မကြည်ဖြူဟန်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၈-၈-၂၀၀၈)ဖြစ်ပါကြောင်း။

မကြည်ဖြူဟန်၊ ၁၈-၈-၂၀၀၈

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-ဟန်မြင့်မိုရ်ကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးမင်းမင်းထွေး၏သမီး မအေးမိုးသူ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၈-၂-၂၀၀၇)ဖြစ်ပါကြောင်း။

မအေးမိုးသူ၊ ၁၈-၂-၂၀၀၇

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-မြို့မကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်နေခြည်လင်း၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်ခင်သန်းဆွေဖြစ်ပါကြောင်း။

ဒေါ်ခင်သန်းဆွေ(၉/ကဆန(နိုင်)၀၀၈၇၆၂)

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

❖ မိမိတို့နိုင်ငံသည် အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထားလုပ်ဆောင်…
❖ မိမိတို့နိုင်ငံသည် သဘာဝက ပေးထားသည့် ရာသီဥတုနှင့် မြေအနေအထား၊ တည်နေရာအနေအထား အရ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းနိုင်သည့်နိုင်ငံဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး( ၁/၂၀၂၅)တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)တွင် သစ္စာအားမာန်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



ရန်ကုန် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သစ္စာအားမာန်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၄ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ရဲကောင်းဆက်နှင့် ပွဲချိန် ၃၂ မိနစ်တွင် စောမျိုးဇော်တို့က သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် သစ္စာအားမာန်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဆက်လက်၍ ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်း၏ စာမျက်နှာ ၂၂ ကော်လံ ၄ ☆

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်းနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် စက်တင်ဘာ ၂၁

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် လယ်ဝေးမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့်

စာမျက်နှာ ၂၂ ကော်လံ ၁ ❑

# တိုင်ဖွန်းမုန်တိုင်း “ရာဂါဆာ” ဆက်လက်တည်ရှိ

နေပြည်တော် စက်တင်ဘာ ၂၁

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “ရာဂါဆာ” (RAGASA)သည် အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါ တိုင်ဖွန်းမုန်တိုင်း “ရာဂါဆာ” (RAGASA)သည် အနောက်ဘက်သို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

